ကြေးမုံ

The Mirror

Established in 1957

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၂ ရက်၊ သောကြာနေ့ (30-5-2014) (၇၇၅၆)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

ထားဝယ်	၂ ဒသမ ၆၄ လက်မ
သိမ်ဇရပ်	၁ ဒသမ ၆၅ လက်မ
ဘီးလင်း	၁ ဒသမ ၆၁ လက်မ
လှိုင်လင်	၁ ဒသမ ၅၇ လက်မ
မအူပင်	သုည ဒသမ ၅၀ လက်မ

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ယနေ့

မာတိကာ

သက်ဆိုင်ရာတာဝန်ရှိသူများကလည်း အသိပညာပေးလုပ်ငန်းများ လုပ်ဆောင်ရုံသာမက ယာဉ်မောင်းသူများ လိုက်နာသင့်သည့် စည်းကမ်းချက်များ၊ မီးသတ်ဆေးဘူးများ ထားရှိ၊ မရှိတို့ကို အထူးကြပ်မတ်စစ်ဆေးအရေးယူရန် အထူးလိုအပ်။

စာတည်းရှုထောင့် - ၂

သန်းခေါင်စာရင်းမြေပြင်ကွင်းဆင်းကောက်ယူမှု လုပ်ငန်းသည် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ သန်းခေါင်စာရင်းလုပ်ငန်းများနှင့် လွှမ်းခြုံနိုင်မှု ပမာဏ သာလွန်နေကြောင်း ပညာရှင်များက ချီးကျူး။

ဆောင်းပါး - ၆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ အိုမန်နိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၂၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိုမန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး ရှိတ် ဆူတန် ဘင် ဆာဖ် ဘင် ဟေလာ အယ်လ် မာရူကီသည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ **(ဓာတ်ပုံ)**

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့်သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပျူခေတ်လက်ရာ ရွှေနယားခေါင်းလက်ကြပ်တစ်ကွင်းအပ်နှံမှုအတွက် ဆုကြေးငွေပေးအပ်ချီးမြှင့်

နေပြည်တော် မေ ၂၉

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၊ ကျီးပင်ကန် အမှတ်(၁) ကျေးရွာ အနောက်ဘက် တစ်မိုင်ခန့်အကွာ ယာခင်း၌ ဦးတင်ထွန်းသည် နှမ်းမှုန်းရန် ထယ်ကြောင်းထိုးရာမှ ထွန်သွားနှင့်ချိတ်ပါလာသည့် အလေးချိန် (၁၃ ဒသမ ၈၀၈၉၄၁ ကျပ်သား)ရှိ ပျူခေတ်လက်ရာ နယားခေါင်းပုံ ရွှေလက်ကြပ်အား ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်အတူ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (နေပြည်တော်)သို့ လာရောက်အပ်နှံခဲ့သည်။

အဆိုပါ ရှေးဟောင်းပစ္စည်းအပ်နှံသူအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုကြေးငွေပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို မေ ၂၉ ရက်က ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ရှေးဟောင်းအမွေအနှစ် ရွှေငွေရတနာ တန်ဖိုးရှိ ပစ္စည်းကိုကောက်ယူရရှိ၍ ဌာနသို့အပ်နှံခြင်းသည် မြန်မာ့ယဉ်ကျေးမှု အစစ်အမှန်အမွေအနှစ်နှင့် သမိုင်းအထောက်အထားကို ဖော်ထုတ်ပြသနိုင်သော တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းအမွေအနှစ်ကို ရရှိထောက်ကူစေသည့်အတွက် လှူဒါန်းသူနှင့် နိုင်ငံတော်သည် အစဉ်အလာရှိသော ယဉ်ကျေးမှုစရိုက်လက္ခဏာရှိသော သယံဇာတကြွယ်ဝ၍ အနုသုခုမယဉ်ကျေးမှုလက္ခဏာများ ရှိသော လူမျိုးတစ်မျိုးအဖြစ်

စာမျက်နှာ ၅ ကော်လံ ၄ သို့ ❖

ကျောင်းအပ်နှံရေးနေ့အခမ်းအနားနှင့် စာရေးခုံ ၁၂၅ စုံအား ပညာရေးဌာနသို့ ပေးအပ်ပွဲကျင်းပ

ဆီဆိုင် မေ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် လွယ်ပွတ်ကျေးရွာအုပ်စု မွေတော်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားနှင့် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၅၀ ဖြင့်ပြုလုပ်သည့် စာရေးခုံ ၁၂၅ စုံအား ပညာရေးဌာနသို့ ပေးအပ်ပွဲကို မေ ၂၈ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှသိန်းတို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးသန်းကျော်က

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❒

ကြေးမုံစာတည်းရှုထောင့် ၃၀-၅-၂၀၁၄၊ သောကြာနေ့

ယာဉ်မောင်းများ ဂရုပြုရမည့် မော်တော်ယာဉ်မီးလောင်မှုအန္တရာယ်

ယနေ့တွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ ရာသီဥတုဖောက်ပြန်လာမှုနှင့်အတူ သဘာဝဘေးဒဏ်များကို ခါးစည်းခံစားနေကြရသည်။ ယခုအခါ မြန်မာနိုင်ငံတွင်လည်း နွေရာသီ၏ ပူပြင်းခြောက်သွေ့မှုဒဏ်ကို ပို၍ပြင်းထန်စွာ ခံစားလာကြရသည်။ အပူချိန်မြင့်တက်လာမှုကြောင့် သက်ရှိသတ္တဝါများသာ အပူဒဏ်ကို ခံစားကြရရုံမက လူတို့ကိုင်တွယ်သုံးစွဲနေကြသည့် စက်ပစ္စည်းများပါ အပူဒဏ်ကို မခံနိုင်သည့်အဆုံး မီးလောင်ပေါက်ကွဲမှုများ ဖြစ်ပွားကြရသည်။ ယင်းဖြစ်ပွားမှုများအနက် မော်တော်ယာဉ်မီးလောင်မှုသတင်းများကို မကြာခဏဆိုသလို ကြားသိနေရသည်။

မော်တော်ယာဉ်မီးလောင်မှုများတွင် ဓာတ်ဆီဆိုင်များတွင် ဆီဖြည့်စဉ် မီးလောင်မှု၊ ယာဉ်မောင်းနေစဉ်နှင့် ရပ်ထားစဉ်များတွင် အလိုအလျောက်မီးလောင်မှု၊ ယာဉ်ချင်းတိုက်မိမှုကြောင့် မီးလောင်မှု၊ ယာဉ်တိမ်းမှောက်မှုကြောင့် မီးလောင်မှုနှင့် ယာဉ်ပေါ်တွင် ဆိုင်ကယ်တင်ဆောင်ရာမှတစ်ဆင့် ဆီယိုစိမ့်ရာမှ အင်ဂျင်စက်ပေါ်ကျပြီး မီးလောင်မှုများကို တွေ့ရှိရသည်။ အထက်ပါ မော်တော်ယာဉ်မီးလောင်မှုများကို ကြည့်ခြင်းအားဖြင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့၏ အခန်းကဏ္ဍသည် လွန်စွာမှအရေးကြီးလှပေသည်။

ယာဉ်မောင်းသူများအနေဖြင့် ပူပြင်းခြောက်သွေ့သော ယနေ့အချိန်အခါတွင် အပူဒဏ်ကိုအန်တု၍ အန္တရာယ်ကင်းစွာ မောင်းနှင်နိုင်ရေးအတွက် မီးသတ်ဆေးဘူးများကို အမြဲအသင့်ထားရှိကြရမည်ဖြစ်သည်။ မီးလောင်မှုအဖြစ်များသည့် ဆီပိုက်များယိုစိမ့်ခြင်းနှင့် စက်ခန်းအင်ဂျင်များ အပူချိန်မြင့်တက်ခြင်းတို့ကို အမြဲသတိရှိစွာ မောင်းနှင်ပြီး ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကို လိုက်နာခြင်းဖြင့် အန္တရာယ်ကင်းစွာ လိုရာခရီးကို အရောက်သွားနိုင်မည် ဖြစ်သည်။ မိမိတို့မောင်းနှင်မည့်ယာဉ်ကို အစဉ်စစ်ဆေးမှုများ ပြုလုပ်နေကြရမည်ဖြစ်သည်။ သတိမမူ ဂူမမြင်ဆိုသကဲ့သို့ မိမိ၏ သတိမထားမိသည့် အမှားတစ်ခုကြောင့် မိမိအပါအဝင် ခရီးသွားပြည်သူများ၏ အသက်စည်းစိမ်ဥစ္စာများ ဆုံးရှုံးခြင်းများမဖြစ်ပေါ်စေရေး အစဉ်အမြဲ သတိရှိစွာမောင်းနှင်ကြရမည်ဖြစ်သည်။

မော်တော်ယာဉ်မီးလောင်မှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာဌာနများမှ မီးသတ်ဆေးဘူးများထားရှိရေး အသိပညာပေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်းသိရသည်။ ယာဉ်မောင်းသူများဘက်ကလည်း ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကိုလိုက်နာပြီး ပူပြင်းခြောက်သွေ့နေသည့် အချိန်တွင် မီးသတ်ဆေးဘူးများကို အသင့်ဆောင်ထားကြရမည်ဖြစ်သည်။ ယာဉ်မောင်းသူများအနက် မြို့တွင်း/မြို့ပြင် ခရီးသည်တင်ယာဉ်များကို မောင်းနှင်ကြသည့် ယာဉ်မောင်းများအနေဖြင့် ခရီးသည်များ၏ အသက်အန္တရာယ်ကို ကာကွယ်စောင့်ရှောက်ပြီး လိုရာခရီးကို ပို့ဆောင်ပေးရန်အတွက် အထူးဂရုပြုမောင်းနှင်ရန် လိုအပ်ပေသည်။

မြန်မာနိုင်ငံအတွင်း မောင်းနှင်လျက်ရှိသည့် အိမ်သုံး၊ ရုံးသုံးနှင့် အငှားယာဉ်နှင့် အဝေးပြေးခရီးသည်တင်ယာဉ်ကြီးများ အပါအဝင် မော်တော်ယာဉ်အသုံးပြုသူများအားလုံး မီးသတ်ဆေးဘူးများကို အသင့်ဆောင်ထားကြရမည်ဖြစ်သည်။ သက်ဆိုင်ရာတာဝန်ရှိသူများကလည်း အသိပညာပေးလုပ်ငန်းများ လုပ်ဆောင်ရုံသာမက ယာဉ်မောင်းသူများ လိုက်နာသင့်သည့် စည်းကမ်းချက်များ၊ မီးသတ်ဆေးဘူးများ ထားရှိ၊ မရှိ တို့ကို အထူးကြပ်မတ်စစ်ဆေးအရေးယူရန် အထူးလိုအပ်လှပါသည်။ သို့မှသာ ခရီးသွားပြည်သူများ လိုရာခရီးကို ချောချောမွေ့မွေ့ဖြင့် ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ သက်ဆိုင်ရာတာဝန်ရှိသူများဘက်ကကြည့်ပါကလည်း ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ရာ ရောက်မည်ဖြစ်ပါကြောင်း အကြံပြုအပ်ပါသည်။ ။

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးအခမ်းအနား နေပြည်တော် ဇေယျာသီရိနှင့် တပ်ကုန်းမြို့နယ်တို့တွင် ကျင်းပ

နေပြည်တော် မေ ၂၉

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းအပ်နှံရေး အခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ကြို့ပင်ကျေးရွာ အမှတ်(၁၆၄) အခြေခံပညာမူလတန်းကျောင်း၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ နေပြည်တော်ကောင်စီဝင် ပညာရေးတာဝန်ခံ ဦးဖုန်းဇော်ဟန်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုးက ဇေယျာသီရိမြို့နယ်အတွင်းရှိ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို သက်ဆိုင်ရာ ကျောင်းအုပ်ဆရာ ဆရာမကြီးများထံ ပေးအပ်ကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်၊ ဒေါက်တာပိုင်စိုးနှင့် အမှတ်(၂) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သစ်သစ်ဆွေတို့သည် ကျောင်းလာရောက်အပ်နှံနေမှု၊ လက်ခံဆောင်ရွက်ပေးနေမှုများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ လေ့ကျင့်ခန်းစာအုပ်များ ထောက်ပံ့ပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်၊ ဦးမြင့်ရွှေနှင့် တာဝန်ရှိသူများသည် တပ်ကုန်းမြို့နယ် ရှောက်ကုန်းအခြေခံပညာအလယ်တန်းကျောင်း ကျောင်းအပ်နှံရေးအခမ်းအနားသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံနေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မေ ၂၉

ရန်ကုန်	ရွှေဈေး	၆၄၉၈၀၀	-	၆၅၀၃၀၀
မန္တလေး	ရွှေဈေး	၆၄၉၇၀၀	-	၆၅၀၂၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၄၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၃၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၉၆၄. ၀၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၃၁၀. ၉
(ဂ)	တရုတ်	တစ်ယွမ်	=	၁၅၄. ၁၄
(ဃ)	ထိုင်း	တစ်ဘတ်	=	၂၉. ၄၈၀
(င)	မလေးရှား	တစ်ရင်းဂစ်	=	၂၉၉. ၁၉
(စ)	အိန္ဒိယ	တစ်ရူပီး	=	၁၆. ၃၅၄
(ဆ)	ဂျပန်	တစ်ရာယန်း	=	၉၄၇. ၄၂
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၉၄. ၃၃၉
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	=	၈၈၉. ၆၃
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၇၆၇. ၇၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၉

လူ့အခွင့်အရေး ရှုဖွယ်ဖြစ်စဉ်ပြောခြင်းနှင့် စည်းရုံးလှုံ့ဆော်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Human Rights Visual Storytelling and Advocacy Workshop) ကို ဇွန် ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်ကြာ ရန်ကုန်မြို့ ပြည်လမ်းရှိ ဒိုင်းမွန်းကွန်ဒို၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ဟောပြောပို့ချပွဲများ၊ အချေအတင်ဆွေးနွေးပွဲများ၊ ရုပ်ရှင်ပြသခြင်းများ၊ လူ့အခွင့်အရေး ရှုဖွယ်ဖြစ်စဉ်ဟောပြောခြင်းနှင့် သင်တန်းများ ပါဝင်မည်ဖြစ်ကြောင်း၊ မည်သူမဆို အခမဲ့ တက်ရောက်နိုင်သော်လည်း နေရာအခက်အခဲကြောင့် လူအရေအတွက် ကန့်သတ်ထားပြီး တက်ရောက်သူများအနေဖြင့် စိတ်ကူးစိတ်သန်းမျှဝေခြင်း၊ အားကောင်းသော မှတ်တမ်းရုပ်ရှင်နှင့် ဗီဒီယိုများအဖြစ် ရိုက်ကူးခြင်းတို့အတွက် အခွင့်အလမ်းများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့သော အလုပ်ရုံဆွေးနွေးပွဲကို လွန်ခဲ့သောနှစ်ကလည်း ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့ကြောင်း၊ ကမ္ဘာ့အခြားနေရာဒေသများတွင်လည်း ပြုလုပ်ခဲ့ခြင်းများရှိပြီး အပြုသဘောဆောင်သည့် အပြောင်းအလဲကိုလုပ်ဆောင်နိုင်မည့် အနေအထားလမ်းကြောင်းကို အာရုံစိုက်နိုင်စေသည့် နည်းလမ်းတစ်ရပ်ဖြစ်ကြောင်း အလုပ်ရုံဆွေးနွေးပွဲ၏ သင်တန်းနည်းပြတစ်ဦးဖြစ်သော နာမည်ကျော်ရုပ်ရှင်များ ရိုက်ကူးခဲ့သူ Nick Danziger က ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသည် ဗြိတိသျှကောင်စီ (မြန်မာ)၊ လူ့ဂုဏ်သိက္ခာရုပ်ရှင်အဖွဲ့၊ မြန်မာလှိုင်းသစ်ထုတ်လုပ်ရေး၊ အိုင်ယာလန်ရှိ ရုပ်ရှင်နှင့် ဟုစ်တန်ဒစ်ဂျစ်တယ်မီဒီယာဆိုင်ရာ သင်တန်းကျောင်းမှ လူ့အခွင့်အရေးနှင့် စည်းရုံးလှုံ့ဆော်ရေးရုပ်ရှင်တို့က ပူးပေါင်းစီစဉ်ပြီး Open Society ဖောင်ဒေးရှင်းက ပံ့ပိုးထားကြောင်း သိရသည်။

တက်ရောက်လိုသူများသည် http://www.british council.org. mm/events တွင် လျှောက်လွှာပုံစံဖြည့်စွက်ကာ လျှောက်ထားနိုင်ပြီး မေ ၃၀ ရက်နောက်ဆုံးထား လျှောက်ထားကြရန် နှိုးဆော်ထားကြောင်းသိရသည်။

ထက်နိုင်(စမ်းချောင်း)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဂုဏ်ပြုစုပေါင်းအမှိုက်ကောက်မည်

ရန်ကုန် မေ ၂၉

လာမည့် ဇွန် ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် စုပေါင်းအမှိုက်ကောက်၍ လုပ်ဆောင်မှုကို ဇွန် ၈ ရက်တွင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်ကို သဘာဝပတ်ဝန်းကျင်ချစ်မြတ်နိုးသည့် လူငယ်တစ်စုက ဦးဆောင်ခြင်းဖြစ်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ မဟာဗန္ဓုလပန်းခြံမှနေ၍ ဗိုလ်တထောင်မြို့နယ်အထိ အမှိုက်ကောက်သိမ်းဆည်းမှုကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ လုပ်ဆောင်သွားမည့် အစီအစဉ်တွင် ရေရှည်ဖွံ့ဖြိုးတိုးတက်စေမည့် သဘာဝပတ်ဝန်းကျင်အရေးကို စိတ်ဝင်စားသူများလည်း ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဂုဏ်ပြုလုပ်ဆောင်သည့် အဆိုပါအစီအစဉ်တွင် ပါဝင်ရန် ဖိတ်ခေါ်ထားပြီး ဇွန် ၈ ရက် နံနက် ၈ နာရီတွင် မဟာဗန္ဓုလပန်းခြံ၌ စုရပ်သတ်မှတ်ထားကြောင်း သိရသည်။ **(၆၈၀)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဂျပန်နိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာတာတီရှိ ဟိုင်ဂူချီသည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။**(ယာပုံ)**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

◆**အဖွဲ့အစည်းမှ**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့သည် လွှတ်တော်များကို စတင်ထူထောင်ခြင်းဖြစ်သည့်အတွက် မိမိတို့တာဝန်ယူသည့်ကာလတွင် မိမိတို့ လွှတ်တော်များကို ထိုက်သင့်သည့် ပြည့်စုံမှုများရှိရန် ထူထောင်ပေးသွားဖို့လိုကြောင်း၊ တစ်ယောက်တစ်ဖွဲ့၏အားဖြင့် ဆောင်ရွက်ခြင်းသည် မလုံလောက်နိုင်သည့်အတွက် အဖွဲ့အစည်းနဲ့ အားလုံးဝိုင်းဝန်းစုပေါင်းဆွေးနွေးခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း၊ ယင်းအယူအဆနှင့် အလေ့အထများကို ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ကိုယ့်တိုင်းဒေသကြီး၊ ကိုယ့်ပြည်နယ်အတွက် မလုပ်ဘဲ ပြည်ထောင်စုအတွက်၊ နိုင်ငံသားအားလုံးအတွက် လုပ်တယ်ဆိုတဲ့ စိတ်စေတနာနှင့် ဆောင်ရွက်သွားမည်ဆိုလျှင် အဆင်ပြေသွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးကို ညနေ ၄ နာရီ မိနစ် ၅၀ တွင် ရုပ်သိမ်းခဲ့သည်။ **(သတင်းစဉ်)**

○**အလှမယ်မှ**

facebook အကောင့်ရှိသူတိုင်း တစ်နေ့လျှင် ငါးကြိမ်အထိမဲပေးနိုင်ပြီး မဲပေးလိုများသည် missosology website ကို like ပြုလုပ်ထားရန် လိုအပ်ကြောင်း သိရသည်။

Miss Asia Pacific World 2014 ပြိုင်ပွဲကို နိုင်ငံပေါင်း ၃၆ နိုင်ငံမှ အလှမယ်များ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မြန်မာနိုင်ငံ ကိုယ်စားပြု အလှမယ် မေမြတ်နိုးက အဆိုပါပြိုင်ပွဲယှဉ်ပြိုင်ရန်အတွက် မေလ လယ်ပိုင်းတွင် ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ကို ထွက်ခွာခဲ့ခြင်းဖြစ်သည်။

Miss Asia Pacific World 2014 ပြိုင်ပွဲသည် ၂၀၁၁ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပလျက်ရှိသည့် နိုင်ငံတကာ အလှမယ်ပြိုင်ပွဲတစ်ခုဖြစ်ပြီး ယမန်နှစ်က Miss Asia Pacific World အလှမယ် သရဖူကို အိန္ဒိယအလှမယ် Shristi Rana က ရရှိဆွတ်ခူးခဲ့ကြောင်း သိရသည်။ **[ဖြိုးဇင်]**

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မရှင်အဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၂၉

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မရှင်အဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြည်ထောင်စုလွှတ်တော်အစည်းအဝေးနှင့် ပြည်သူ့လွှတ်တော်အစည်းအဝေးများ ကိုးကြိမ်တိုင်တိုင် ကျင်းပပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ သို့သော်လည်း ဥပဒေပြဋ္ဌာန်းရေးနှင့် လုပ်ဆောင်စရာ များစွာကျန်နေသေးကြောင်း၊ ရှေ့ဆက်၍ အလုပ်များများ၊ အမှားနည်းနည်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ကော်မတီများသည် လွှတ်တော်အငယ်စားများဖြစ်၍ ကော်မတီများအပိုင်းက များများလုပ်ဆောင်ရန်လိုကြောင်း၊ ကော်မတီတွင်ပါဝင်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်း၊ စိတ်ဓာတ်နှင့် စေတနာအရေးကြီးကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူများနှင့် ထိတွေ့မှု၊ ကော်မတီလုပ်ငန်းများ ဆောင်ရွက်မှုနှင့် လွှတ်တော်အစည်းအဝေး တက်ရောက်မှု လုပ်ငန်းများကို ညီညွတ်မျှတစွာလုပ်ဆောင်ရန်လိုကြောင်း။

ကျန်ရှိသည့် လွှတ်တော်သက်တမ်းကာလအတွင်း လွှတ်တော်လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန် ကော်မတီများ၌ တာဝန်ရှိကြောင်း၊ ကော်မတီဥက္ကဋ္ဌများက အဖွဲ့ဝင်များအား အရည်အချင်းပြည့်မီအောင် လုပ်ဆောင်ပေးရန် လိုအပ်သကဲ့သို့ အဖွဲ့ဝင်များအပိုင်းကလည်း တာဝန်ကျေပွန်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ ကော်မတီများကိုကူညီရန် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဖွဲ့စည်းပေးထားကြောင်း၊ ကော်မရှင်အဖွဲ့ဝင်များအနေဖြင့် မိမိတို့တာဝန်ယူရသည့် ကော်မတီများ၌ တက်တက်ကြွကြွပါဝင်ကြရန်နှင့် အကြံဉာဏ်များ ပေးရန်လိုကြောင်း၊ လွှတ်တော်လက်ကျန်သက်တမ်း တစ်နှစ်ခွဲကာလတွင် ပြီးခဲ့သည့်ကာလများထက် ပိုမိုကြိုးပမ်း ဆောင်ရွက်ရန်လိုကြောင်း၊ ခေတ်စနစ်နှင့် လိုက်လျောမှုရှိသည့် ဥပဒေများမပြဋ္ဌာန်းနိုင်ပါက ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်မဟုတ်ကြောင်း၊ ဥပဒေပြုရေးတာဝန်ကို ကျေပွန်စွာဆောင်ရွက်နိုင်မှသာ အောင်မြင်မှုရရှိမည်ဖြစ်ကြောင်း၊ အားလုံးပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နန့်အေးအေးကြည်က ပြည်သူ့လွှတ်တော်တွင် ဆောင်ရွက်ဆဲဥပဒေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက ပြည်ထောင်စုလွှတ်တော်တွင် ဆောင်ရွက်ဆဲဥပဒေများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးတို့က ကော်မတီအလိုက် ဆောင်ရွက်ဆဲဥပဒေများနှင့် စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ဆောင်ရွက်ဆဲဥပဒေများ အတည်ပြုပြဋ္ဌာန်းနိုင်ရေးနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယက က ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(လွှတ်တော်)**

မေ ၂၇ ရက်က အိန္ဒိယအစိုးရအဖွဲ့သစ်၏ ပထမဆုံးအကြိမ် အစည်းအဝေး ကျင်းပစဉ်။

မိုဒီ၏အစိုးရအဖွဲ့ ငွေမည်းများကို ရှာဖွေဖော်ထုတ်မည်ဟုဆို

နယူးဒေလီ မေ ၂၉

ဝန်ကြီးချုပ်သစ် နရိန္ဒြာမိုဒီအစိုးရအဖွဲ့၏ ပထမဆုံးဖြတ်ချက်များအနက်မှ တစ်ခုမှာ တရားမဝင်ငွေများကို ရှာဖွေရန်အတွက် အိန္ဒိယနိုင်ငံက အထူးလုပ်ငန်းအဖွဲ့ ထူထောင်ခြင်းဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

တရားဝင်ကြေညာခြင်းမပြုသော သို့မဟုတ် အခွန်ပေးဆောင်ခြင်း မပြုသော ငွေမည်းများကို အထူးစုံစမ်းစစ်ဆေးအဖွဲ့(အက်စ်အိုင်တီ)က ရှာဖွေဖမ်းဆီးမည်ဖြစ်သည်။ ယင်းငွေမည်းအများစုသည် နိုင်ငံခြားဘဏ်များတွင် အပ်နှံထားသည်။

အစိုးရအဖွဲ့သစ်၏ ပထမဆုံးသော အစည်းအဝေးတွင် အဆိုပါ ဆုံးဖြတ်ချက်ကို ချခဲ့ခြင်းဖြစ်သည်။

ခန့်မှန်းတွက်ချက်မှုအရ အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀၀ ကို အခွန်ရှောင်တိမ်းရန်အလို့ငှာ ပြည်ပဘဏ်များ၌ အပ်နှံထားရှိသည်ဟု ဆိုသည်။

ငွေမည်းများလည်ပတ်နေခြင်းကို ထိန်းချုပ်ရန် ကြိုးစားသောအားဖြင့် နိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၀၅ ခုနှစ်မတိုင်မီ ရိုက်နှိပ်ခဲ့သော ငွေစက္ကူများကို မတ် ၃၁ ရက်မှစ၍ ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း ဇန်နဝါရီလတွင် ကြေညာခဲ့သည်။

အက်စ်အိုင်တီအဖွဲ့ကို တရားရုံးချုပ် အငြိမ်းစား တရားသူကြီး အမ်ဘီရှာချ်က ဦးဆောင်မည်ဖြစ်ပြီး အခြားတရားသူကြီးဟောင်းအာရီဂျစ်ပါဆာယတ်က ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူမည်ဖြစ်သည်ဟု ဥပဒေနှင့် ဆက်သွယ်ရေးဝန်ကြီးအသစ် ရာဗီရှန်ကာပရာဆတ်က ပြောကြားသည်။

အင်္ဂါနေ့ညနေပိုင်း အစိုးရအဖွဲ့ အစည်းအဝေးပြီးသောအခါ မစ္စတာပရာဆက်က ငွေမည်းများကို ရှာဖွေဖော်ထုတ်ခြင်းသည် အစိုးရအဖွဲ့သစ်အတွက် အလွန်အရေးကြီးသော ကိစ္စရပ်ဖြစ်သည်ဟု ပြောကြားသည်။

တရားမဝင်ငွေများကို အခွန်တိမ်းရှောင်ရန်အတွက်မော်ရေးသျှ၊ ဆွစ်ဇာလန်၊ လိန်ချင်စတိန်း၊ ဗြိတိသျှ ဗာဂျင်ကျွန်းများနှင့် အခြားနိုင်ငံများ တွင် ထားရှိကြောင်း ယခင်ကတည်းက တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားသည်ဟု ဆိုသည်။ **ဘီဘီစီ။**

ယူကရိန်းစစ်ရဟတ်ယာဉ်တစ်စင်း ပစ်ချခံရ

သေဆုံးသူ ၁၄ ဦးတွင် ဗိုလ်ချုပ်ကြီးတစ်ဦးပါဝင်

ကိဗ်ယက် မေ ၂၉

ယူကရိန်းနိုင်ငံ အရှေ့ပိုင်း ဆလိုဗန့်စ်မြို့အနီးတွင် ရုရှားလိုလားသည့် သူပုန်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် ယူကရိန်းစစ်ရဟတ်ယာဉ်တစ်စင်း မေ ၂၉ ရက်က ပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ်ပါ လူ ၁၄ ဦး သေဆုံးခဲ့ရကြောင်း ယူကရိန်းနိုင်ငံ၏ သမ္မတရာထူးမှ နုတ်ထွက်ပေးရတော့မည့် အိုလက်ဇန္ဒာဆလိုဗစ်စနစ်က ပြောကြားသည်။

ရုရှားနိုင်ငံလုပ် လေကြောင်းရန် ကာကွယ်ရေးလက်နက်ကို သူပုန်တပ်ဖွဲ့များက အသုံးပြုခဲ့ကြောင်းနှင့် ယင်းရဟတ်ယာဉ်ပျက်ကျမှုကြောင့် သေဆုံးသူများတွင် ယူကရိန်း ဗိုလ်ချုပ်ကြီးတစ်ဦးလည်း ပါဝင်သည်။ အဆိုပါရဟတ်ယာဉ်ပျက်ကျသည့် ဆလိုဗန့်စ်မြို့မှာ မကြာသေးမီရက်သတ္တပတ်များအတွင်းက ရုရှားလိုလားသော ခွဲထွက်ရေးသမားတပ်ဖွဲ့များနှင့် ယူကရိန်းအစိုးရ တပ်ဖွဲ့များအကြား တိုက်ပွဲများဖြစ်ပွားခဲ့သော ဒေသလည်းဖြစ်သည်။

ယူကရိန်းနိုင်ငံအရှေ့ပိုင်းဒေသတွင် ဖြစ်ပွားနေသော ခေါင်းပြဆန်သည့် ဖြစ်ရပ်များအား ကိုင်တွယ်ဖြေရှင်းမည်ဟု ယူကရိန်းသမ္မတသစ်အဖြစ် ရွေးချယ်ခံထားရသူ ပီထရိုပိုရိုရှန်ကိုက သန္နိဋ္ဌာန်ပြုထားသည်။

အဆိုပါရဟတ်ယာဉ်သည် ဆလိုဗန့်စ်မြို့နှင့် ကာရာမာတိုရာစ်မြို့ အကြားဒေသ၌ ပြင်းထန်သော တိုက်ပွဲများဖြစ်ပွားနေစဉ် ပစ်ချခံရခြင်းဖြစ်သည်။ စစ်စခန်းတစ်ခု၌ တပ်ဖွဲ့ဝင် အချို့ကို ရဟတ်ယာဉ်ပေါ်မှ ချပေးခဲ့ပြီးနောက် ပစ်ချခံခဲ့ရခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းစစ်ရဟတ်ယာဉ်ပျက်ကျမှု၌ ယူကရိန်းအမျိုးသားအစောင့်တပ်ဖွဲ့၏ အထူးလေ့ကျင့်သင်ကြားရေးနှင့် တိုက်ခိုက်ရေးတပ်ဖွဲ့၏ အကြီးအကဲ ဗိုလ်ချုပ်ကြီးဆာဟိုင်းကူရီချက်စကီမှာ သေဆုံးသူ ၁၄ ဦးထဲတွင် ပါဝင်သည်ဟု သမ္မတက ပြောကြားခဲ့သည်။ **ဘီဘီစီ။**

ယူကရိန်းနိုင်ငံ ဆလိုဗန့်စ်မြို့အနီးရှိ စစ်အခြေစိုက်စခန်းတစ်ခုကို တွေ့ရစဉ်။

လစ်ဗျား အစိုးရအဖွဲ့သစ်အား အသိအမှတ်မပြုဟု ရေနံဆိပ်ကမ်းများကို ထိန်းချုပ်ထားသည့် သူပုန်အဖွဲ့ပြော

ထရီပိုလီ မေ ၂၉

လစ်ဗျားနိုင်ငံဝန်ကြီးချုပ် အာမက်မေတစ်၏ အစိုးရအဖွဲ့သစ်အား မိမိတို့ အသိအမှတ်မပြုကြောင်း နိုင်ငံအရှေ့ပိုင်းရှိ ရေနံတင်ပို့ရာ ဆိပ်ကမ်းများကို ထိန်းချုပ်ထားသည့် သူပုန်အဖွဲ့က ပြောကြားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

လစ်ဗျားနိုင်ငံ အရှေ့ပိုင်းဒေသ၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထူထောင်နိုင်ရန် သူပုန်ခေါင်းဆောင်အီဗရာဟင်ဂျာတရန်က တောင်းဆိုသည်။ ဂျာတရန်ဦးဆောင်သော ဆန္ဒပြသူများက ရေနံဆိပ်ကမ်းများကို ထိန်းချုပ်ထားခဲ့သည်။

ရေနံဆိပ်ကမ်းများအား ပိတ်ဆို့မှုအဆုံးသတ်စေရန် ယခင်အစိုးရအဖွဲ့နှင့် ရရှိခဲ့သော သဘောတူညီချက်ကိုလည်း ပြန်လည်ဖျက်သိမ်းရမည်ဖြစ်ကြောင်း ဂျာတရန်က ပြောကြားသည်။

မေတစ်သည် မွတ်စလင်ညီနောင်များအဖွဲ့က ကျောထောက်နောက်ခံပြုထားသည့် ပုဂ္ဂိုလ်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင် တစ်ဦးဖြစ်သည့် ၎င်းကို ပါလီမန်က လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်တွင် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။

မေတစ်သည် အစိုးရအဖွဲ့သစ်၏ အကြီးအကဲဖြစ်လာသော်လည်း အစ္စလာမ္မစ်ဆန့်ကျင်ရေးအုပ်စုများ၏ ကန့်ကွက်မှုနှင့်အကြီးအကျယ်တွေ့ကြုံခဲ့ရသည်။

လစ်ဗျားနိုင်ငံရှိ ပါလီမန်တွင် အစ္စလာမ္မစ်ဆန့်ကျင်သူများ၊ ထောက်ခံသူများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ဒေသဆိုင်ရာကိုယ်စားလှယ်များအတွင်း နိုင်ငံရေးအရ ယှဉ်ပြိုင်မှု မြင့်တက်နေပြီး အကွဲအပြဲများ ဖြစ်ပေါ်လျက်ရှိသည်။

ပါလီမန်က အစိုးရအဖွဲ့သစ်ဘက်မှ ရပ်တည်မည်ဆိုပါက မိမိတို့အနေဖြင့် အစိုးရအဖွဲ့ကို ဆန့်ကျင်မှုတိုးမြှင့်ပြုလုပ်သွား ရမည်ဖြစ်ကြောင်း သူပုန်ခေါင်းဆောင် ဂျာတရန်က ပြောကြားသည်။ **ရိုက်တာ။**

လစ်ဗျားနိုင်ငံ ဟာရီကာ ဆိပ်ကမ်းရှိ ရေနံသိုလှောင်ရေးစခန်းကို တွေ့ရစဉ်။

အိုအက်စ်စီအီးအဖွဲ့ဝင်လေးဦးကို ယူကရိန်းသူပုန်များ ဖမ်းဆီးထား

ကိဗ်ယက် မေ ၂၉

ယူကရိန်းနိုင်ငံအရှေ့ပိုင်းမှ ရုရှားလိုလားသော ခွဲထွက်ရေးသမားများက ၎င်းတို့သည် နိုင်ငံတကာလေ့လာစောင့်ကြည့်ရေးအဖွဲ့ဝင်လေးဦးကို ဖမ်းဆီးထားကြောင်း ဝန်ခံပြီးမကြာမီပြန်လွှတ်ပေးမည်ဟု ပြောကြားကြောင်းအင်တာဖက်(စ်)သတင်းဌာနက ကြာသပတေးနေ့တွင် ဖော်ပြသည်။

ပြန်လွှတ်ပေးမည်

၎င်းတို့သည် မည်သူများဖြစ်ကြသည်၊ ၎င်းတို့သည် မည်သည့်အကြောင်းကြောင့် မည်သည့်အရပ်ကို ဦးတည်ကြသည်ကို ရှင်းလင်းစွာ သိရပြီးနောက် ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း စလိုဗန့်စ်မြို့တော်ဝန်ဟု ကိုယ့်ကိုယ်ကိုယ် ကြေညာသူက အင်တာဖက်(စ်)သတင်းဌာနသို့ ပြောကြားခဲ့သည်။

ဥရောပ ပူးပေါင်းဆောင်ရွက်ရေးနှင့် လုံခြုံရေးအဖွဲ့ (အိုအက်စ်စီအီး)မှ ကိုယ်စားလှယ်များသည် ဒွန်းနက်စ်မြို့၌ တနင်္လာနေ့တွင် တားဆီးခြင်းခံခဲ့ရသည်။ **ဘီဘီစီ။**

နယူးဇီလန်၌ ကမ်းလွန်ရေနံတူးဖော်မှု ပင်လယ်ပျော်ငှက်များ မျိုးသုဉ်းနိုင်

ဝယ်လင်တန် မေ ၂၉

နယူးဇီလန်နိုင်ငံ၌ ကမ်းလွန်ရေနံတူးဖော်ရေး အစီအစဉ်သစ်များကို အကောင်အထည်ဖော်မည်ဆိုပါက ပင်လယ်ပျော်ငှက်မျိုးများ မျိုးသုဉ်းပျောက်ကွယ်သွားနိုင်ကြောင်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးထိပ်တန်းအဖွဲ့တစ်ဖွဲ့က သတိပေးပြောကြားသည်။ သစ်တောနှင့်ငှက် အမည်ရှိအဖွဲ့က နယူးဇီလန်နိုင်ငံရှိ ငှက်များပျော်စံရာ အရေးအပါဆုံး နေရာဒေသများနှင့် ပတ်သက်နေသော လေ့လာချက်တစ်ရပ်ကို ထုတ်ပြန်ရာတွင် အထက်ပါအတိုင်း သတိပေးဖော်ပြခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် ပင်လယ်ပျော်ငှက်များ၏ ဂေဟာစနစ်များကို လေ့လာဖော်ထုတ်ကာ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန် ကြိုးပမ်းချက် တစ်စိတ်တစ်ဒေသအဖြစ် သစ်တောနှင့်ငှက်အဖွဲ့က ပင်လယ်ပျော်ငှက်များ ကျက်စားနေထိုင်ပုံကို လေ့လာခဲ့သည်။ ကမ္ဘာပေါ်ရှိ ပင်လယ်ပျော်ငှက်မျိုးများ၏ သုံးပုံတစ်ပုံကျော်မှာ နယူးဇီလန်နိုင်ငံ၏ နိုင်ငံပိုင်နက်ရေပြင်နှင့် အထူးစီးပွားရေးဇုန်၏ ရေပြင်အတွင်း တစ်စိတ်တစ်ဒေသအားဖြင့် မှီတင်းနေထိုင်ကြောင်း၊ နယူးဇီလန်နိုင်ငံသည် အခြားသော ကမ္ဘာ့မည်သည့်နိုင်ငံတစ်နိုင်ငံနှင့် မဆို နှိုင်းယှဉ်ပါက ပင်လယ်ပျော်ငှက်မျိုး ပိုမိုများပြားသော နိုင်ငံဖြစ်ကြောင်း လေ့လာချက်တွင် ဖော်ပြသည်။ ရေနံလုပ်ငန်းတိုးတက်မှုနှင့်အတူ ပင်လယ်ပြင်အတွင်း ရေနံယိုဖိတ်မှု ဖြစ်ပွားမည်ဆိုပါက ပင်လယ်ပျော်ငှက်များ၏ ကျယ်ပြောလှသည့် ကျက်စားရာနယ်မြေများ အကြီးအကျယ်ပျက်စီးနိုင်ကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။ **ဆင်ဟွာ။**

အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုစနစ်မြှင့်တင်ရေး ဆွေးနွေး

နေပြည်တော် မေ ၂၉

ကိုရီးယားသမ္မတနိုင်ငံကျန်းမာရေးနှင့်လူမှုဖူလုံရေးဝန်ကြီးဌာနအောက်ရှိ Korea Foundation for International Healthcare(KOFIH)က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်းရှိ ကျေးရွာများ၏ အခြေခံကျန်းမာရေး စောင့်ရှောက်မှုစနစ် အရှိန်အဟုန်မြှင့်တင်ရေး အစီအစဉ်ညှိနှိုင်းဆွေးနွေးပွဲကို မေ ၂၈ ရက်က နေပြည်တော်ရှိ မင်္ဂလာသီရိ ဟိုတယ်၌ ကျင်းပသည်။**(အပေါ်ပုံ)**

ဆွေးနွေးပွဲ အခမ်းအနားသို့ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ဒုတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးများ၊ လှည်းကူးမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၊ KOFIHမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဆောင်ရွက်မည့်အစီအစဉ်များကို စကားဝိုင်းဖွဲ့ဆွေးနွေးကြသည်။

လှည်းကူးမြို့နယ်တွင်ဆောင်ရွက်မည့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက“လှည်းကူးမြို့နယ်အတွင်းမှာရှိတဲ့ ကျေးလက်ပြည်သူတွေအတွက် လိုအပ်တဲ့ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ဖို့ ကျေးလက်ကျန်းမာရေးဌာနတွေမှာ ဘာတွေလိုအပ်နေလဲ၊ သူတို့ဘက်က ဘာတွေထောက်ပံ့ပေးနိုင်လဲ ဆိုတာ သက်ဆိုင်ရာဒေသက ဆရာဝန်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေရယ်၊ ကျန်းမာရေးဦးစီးဌာနက တာဝန်ရှိသူတွေရယ်၊ ကိုရီးယားနိုင်ငံKOFIHကတာဝန်ရှိသူတွေ အသေးစိတ်တွေ့ဆုံညှိနှိုင်းဆွေးနွေးကြတာပါ။ ဘာတွေ လုပ်ပေးမယ်၊ ဘယ်အဆင့်ထိဆောင်ရွက်ပေးမယ်ဆိုတာကတော့ ဆွေးနွေးနေဆဲပါ၊ လက်ရှိအခြေအနေထက် သာလွန်ကောင်းမွန်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွေဖြစ်လာအောင် ဆောင်ရွက်သွားဖို့ ဆွေးနွေးကြတာပါ” ဟုပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိရာဆေးရုံများအဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ လိုအပ်သည့်ဆေးဝါး၊ အထောက်အကူပြုပစ္စည်းများဖြည့်တင်းခြင်း စသည်တို့ကိုဆောင်ရွက်နေသည့်အပြင် ပြည်ပနိုင်ငံများ၏ထောက်ပံ့ကူညီမှုများဖြင့်လည်း ကျန်းမာရေးကဏ္ဍမြင့်မားလာစေရန် ဆောင်ရွက်လျက်ရှိပါသည်။

“လှည်းကူးမြို့နယ်အတွင်းမှာမိမိတို့လေ့လာရသလောက် ကျန်းမာရေးစနစ်တွေကောင်းမွန်တယ်၊ ကျန်းမာရေးဝန်ထမ်းတွေလည်း ကြိုးစားလုပ်ကိုင်နေကြတယ်။ ဒါပေမယ့် ကျန်းမာရေးအဆောက်အအုံတွေအများကြီးလိုအပ်နေတယ်၊ ပြီးတော့ အဆောက်အအုံတွေ ဟောင်းနွမ်းနေတော့ ပြည်သူတွေ(လူနာတွေ) အနေနဲ့မယုံကြည်နိုင်ဘူးဖြစ်နေတယ်။ဒီထက်ဆိုးတဲ့နေရာတွေလည်း ရှိနိုင်ပါတယ်။ ဒီနေရာကိုရွေးချယ်ရတာက ဒီနေရာကိုစံပြဖြစ်ချင်တယ်၊ ဒီမှာပထမဆုံးအောင်မြင်သွားရင် တခြားဒေသတွေကိုလည်းဆက်လက်ဆောင်ရွက်သွားမှာပါ။ ဒီစီမံကိန်းအောင်မြင်မှ အခြားဒေသတွေမှာ ဆောင်ရွက်လို့ရမယ်၊ စီမံကိန်းအနေနဲ့ ခြောက်နှစ် ဒါမှမဟုတ် ကိုးနှစ်အကောင်အထည်ဖော်မှာပါ။ ကိုရီးယားနိုင်ငံအနေနဲ့ ဟိုတစ်ချိန်က အလွန်ဆင်းရဲခဲ့ပါတယ်။ ပြုပြင်ပြောင်းလဲရေးတွေလုပ်ပြီး ကျေးရွာသစ်စီမံကိန်းတွေ အကောင်အထည်ဖော်ရင်း တိုးတက်ဖွံ့ဖြိုးမှုအတွေ့အကြုံတွေကို ဖြန့်ဝေပေးချင်တဲ့ဆန္ဒနဲ့ ဒီစီမံကိန်းကို ဆောင်ရွက်ရခြင်းဖြစ်ပါတယ်”ဟု KOFIHမှ အထွေထွေ အတွင်းရေးမှူး David Sirက ပြောသည်။

အဆိုပါဖောင်ဒေးရှင်းအနေဖြင့် လာအို၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ အာဖရိက စသည့်နိုင်ငံများတွင်လည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ကူညီပေးခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအခြေအနေတွင်လှည်းကူးမြို့နယ်တွင်ခုတင် (၅၀)ဆံ့ မြို့နယ်ဆေးရုံတစ်ရုံ၊ (၁၆) ခုတင်ဆံ့တိုက်နယ်ဆေးရုံနှစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ရှစ်ခု၊ ဌာနခွဲ ၃၅ ခုနှင့်ကျောင်းကျန်းမာရေးဌာန၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာန၊ ငှက်ဖျားတိုက်ဖျက်ရေးဌာနတို့လည်း ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

နည်းပညာနှင့် အရင်းအနှီးများ ကူညီပံ့ပိုးပေးရေး ဆွေးနွေး

နေပြည်တော် မေ ၂၉

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဂျပန်နိုင်ငံအစိုးရ၏ Japan Bank for International Cooperation (JBIC) မှ Director General Mr.Masaki Yadama ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ ညနေ ၃ နာရီတွင် အဆိုပါ ဝန်ကြီးရုံး အစည်းအဝေးညှိခန်းမ၌ တွေ့ဆုံပြီး နိုင်ငံရေး၊ စီးပွားရေး၊ စီမံခန့်ခွဲမှုများနှင့် ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြုပြင်ပြောင်းလဲမှုများ၊ ဘဏ္ဍာရေးကဏ္ဍဆိုင်ရာပြုပြင်ပြောင်းလဲမှုများ၊ လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့သူများကို ကူညီပေးနိုင်ရန်အတွက် နည်းပညာနှင့်အရင်းအနှီးများ ကူညီပံ့ပိုးပေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ **ရွှေဖုံးမှ**

ဖော်ထုတ်ပြသနိုင်ခြင်းက နိုင်ငံသားကောင်းတစ်ဦးအဖြစ် ပိုမိုဂုဏ်ယူဖွယ်ရာ ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပျူခေတ်လက်ရာ နယားခေါင်းပုံရွှေလက်ကြပ် လာရောက်အပ်နှံသည့် ဦးတင်ထွန်းအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်အတူ ချီးမြှင့်ငွေကျပ် ၂၀၅၆၇၀၃၄၊ (နှစ်ရာ့ငါးသိန်းခြောက်သောင်းခုနှစ်ထောင်သုံးဆယ့်လေး) ကျပ်တိတိကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ယခုအပ်နှံသော နယားခေါင်းပုံရွှေလက်ကြပ်သည် ပျူခေတ်ယဉ်ကျေးမှု၏ အဖိုးတန် လက်ဝတ်ရတနာအဆင်တန်ဆာဖြစ်သဖြင့် တန်ဖိုးကြီးမားသော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းဖြစ်သည်။ အလားတူပုံစံကို မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ပင်လယ်မြို့ဟောင်းအနီးမှလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် နှောကန်ရွာမှ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် လက်ခုပ်ပင်ကျေးရွာ အနောက်မြောက်ဘက် နှစ်မိုင်ခန့် အကွာမှလည်းကောင်း တွေ့ရှိခဲ့ဖူးသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန အနေဖြင့် မြန်မာနိုင်ငံအနှံ့မှ တွေ့ရှိရသည့် ယဉ်ကျေးမှုအမွေအနှစ်ဝတ္ထုပစ္စည်းများကို တာဝန်သိသိဖြင့် လာရောက်အပ်နှံပါက အဆိုပါပစ္စည်း၏ ကာလတန်ဖိုးအပြင် ခေတ်ဆုကြေးနှင့် လက်ရာကြေးများကိုပါ ထပ်ဆောင်းလျက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ယဉ်ကျေးမှုတန်ဖိုးမြင့်မားသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို စုဆောင်းထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

မော်တော်ယာဉ်သက်တမ်းတိုးများဆောင်ရွက်ပေးမည်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၄ ခုနှစ် ဇွန်လအတွင်း အောက်ဖော်ပြပါမြို့နယ်များသို့ နယ်လှည့်၍မော်တော်ယာဉ်၊မော်တော်ဆိုင်ကယ် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများနှင့် မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များမှတ်ပုံတင်ပေးရေးစီမံချက် (One Stop Service) လုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက်အသိပေးကြေညာအပ်ပါသည်-

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	နယ်လှည့်(ပုံမှန်)	နယ်လှည့်(ဆိုင်ကယ်စီမံချက်)
၁	နေပြည်တော်	လယ်ဝေး	-
၂	ရန်ကုန်တိုင်းဒေသကြီး	ဥက္ကံ၊ ဒလ	တိုက်ကြီး၊ ထန်းတပင်၊ မှော်ဘီ
၃	မန္တလေးတိုင်းဒေသကြီး	စဉ့်ကူး၊ သာစည်၊ ညောင်ဦး၊	စဉ့်ကူး၊ သပိတ်ကျင်း
၄	ရှမ်းပြည်နယ်	ပင်းတယ၊ မိုးနဲ၊ မိုင်းယောင်း	ညောင်ရွှေ၊ရပ်စောက်၊ဟိုပုံး၊နောင်ကားကျေးရွာ
၅	ကချင်ပြည်နယ်	ဝိုင်းမော်၊ ဟိုပင်	ဝိုင်းမော်
၆	ကယားပြည်နယ်	ဒီမောဆိုး၊ဖရူဆို	-
၇	စစ်ကိုင်းတိုင်းဒေသကြီး	အရာတော်၊ ခင်ဦး၊ တမူး	-
၈	တနင်္သာရီတိုင်းဒေသကြီး	-	ရေဖြူ၊ သရက်ချောင်း၊ လောင်းလုံ၊ ပုလော၊ ဘုတ်ပြင်း
၉	ပဲခူးတိုင်းဒေသကြီး	-	ကျောက်တံခါး၊ ဖြူး၊ ပေါင်းတည်
၁၀	မကွေးတိုင်းဒေသကြီး	ချောက်၊ ဆိပ်ဖြူ၊ ဆော၊ ငဖဲ၊ အောင်လံ၊ ဆင်ပေါင်ဝဲ	ဆိပ်ဖြူ၊ ဆော
၁၁	မွန်ပြည်နယ်	မုဒုံ၊ ပေါင်	ရေး၊ လမိုင်း၊ ချောင်းဆုံ၊ ကျိုက်ထို၊ ဘီးလင်း၊ ပေါင်
၁၂	ရခိုင်ပြည်နယ်	သံတွဲ၊တောင်ကုတ်	မြေပုံ
၁၃	ဧရာဝတီတိုင်းဒေသကြီး	ကျုံပျော်၊ ရေကြည်၊ ဓနုဖြူ၊ လေးမျက်နှာ၊ အင်္ဂပူ	မြန်အောင်၊ ကြံခင်း၊ ဓနုဖြူ

သန်းခေါင်စာရင်း၏ အောင်မြင်ခြင်း

မောင်မုဒိတာ

အိမ်ရှေ့ဝရန်တာတွင် ပက်လက်ကုလားထိုင်ဖြင့်ထိုင်၍ ယပ်တောင်တစ်ချောင်း၏အကူအညီဖြင့် နွေ၏အပူကို အန်တုနေရင်း လက်တစ်ဖက်က သတင်းစာကိုင်ကာ အိမ်ခန်းထဲမှသမီးကို ရေနွေးတစ်ခွက်လာပို့ရန်လှမ်းအော်လိုက်ပါသည်။ ရာသီဥတု ပူပူ၊ အေးအေးရေနွေးကိုသာသောက်ဖြစ်သည်က ကျွန်တော့်အကျင့်။ သမီးလာချပေးသော ရေနွေးခွက်ကို မှုတ်လိုက်ပြီး တစ်ငုံသောက်လိုက်သည်။ သတင်းစာပါ အကြောင်းအရာတွေ လှန်လှောဖတ်ရင်းမှ ကျွန်တော်စိတ်ဝင်စားသည့် သတင်းတစ်ပုဒ်ကို တွေ့လိုက်ရသည်။ သန်းခေါင်စာရင်းကောက်ယူဆောင်ရွက်ပြီးစီးမှု သတင်းစာရှင်းလင်းပွဲ။ အမေရိကန်မှာကျင်းပခဲ့သည့် PGM အစည်းအဝေးအတွေ့အကြုံကိုပါ ရှင်းလင်းသည့်ပွဲဖြစ်သည်။ ယင်း သတင်းစာရှင်းလင်းပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးက နိုင်ငံခြားသံအမတ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် သတင်းမီဒီယာများကို ရှင်းလင်းချပြကြောင်းလည်း ပါရှိသည်။ ဘာပဲပြောပြော သန်းခေါင်စာရင်းအကြောင်းကိုတော့ ကျွန်တော် စိတ်ဝင်စားသည်။ ပြီးခဲ့သည့်လဆန်းပိုင်းကလည်း ကျွန်တော့်အိမ်သို့ သန်းခေါင်စာရင်းလာကောက်သည်။ မေးခွန်းများမေးမြန်းကောက်ယူသည်။ ကျောင်းဆရာလေးတစ်ဦး၊ ရပ်ကွက်လူကြီးနှင့် ရပ်ကွက်က ကလေးတချို့ပါလာသည်။ သူတို့ကို ကျွန်တော်က ရေနွေးကြမ်းနှင့် လက်ဖက်သုပ်ကျွေးလိုက်သေးသည်။ နွေခေါင်ခေါင် နေပူကျဲကျဲ ချွေးသံရွှဲရွှဲနှင့် တစ်အိမ်ဆင်း တစ်အိမ်တက်ဆိုတော့ အတော်ပင်ပန်းကြမည်။ မုဒိတာစိတ်ဖြင့် ကိုယ်ချင်းစာမိသည်။

ကျွန်တော်တို့နိုင်ငံတွင် သန်းခေါင်စာရင်းကောက်မည်ဆိုပြီး အုံးအုံးကျွက်ကျွက် လှုပ်ရှားနေတော့ စိတ်ဝင်စားမိသည်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးက နယ်တကာလိုက်ဟောပြောရှင်းပြနေသည်ကို ရုပ်မြင်သံကြားမှာတွေ့ရသည်။ သတင်းစာများမှာ ဖတ်ရသည်။ ပြီးတော့ သမ္မတကြီးကိုယ်တိုင် သန်းခေါင်စာရင်းအထိမ်းအမှတ်အခမ်းအနားမှာ တက်ရောက်မိန့်ခွန်းပြောကြားသည်ကို တွေ့ရသည်။ သရုပ်ဆောင်ဇာဂနာနှင့် ဆွေဇင်ထိုက်တို့ အနုပညာအဖွဲ့များက ကားတွေနဲ့ မြို့အနှံ့ နယ်အနှံ့ လိုက်လံဆော်ဩဖျော်ဖြေတင်ဆက်နေတာကိုလည်း တွေ့နေရသည်။ သန်းခေါင်စာရင်းတွေ့ဆုံမေးမြန်းခြင်းနှင့် သန်းခေါင်စာရင်းသီချင်းများကလည်း လူထုကြားထဲစွဲနေအောင် လုပ်နေတော့ ကျွန်တော့်ရင်ထဲလည်း ရောက်လာသည်။ သန်းခေါင်စာရင်းက နိုင်ငံတော်အတွက် အရေးကြီးကြောင်း၊ မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အတွက် ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ကြောင်း၊ ပြည်သူအားလုံးပါဝင်မှ အောင်မြင်မည်ဆိုသည့်အကြောင်း၊ သန်းခေါင်စာရင်းမေးခွန်းများကို မှန်မှန်ဖြေဆိုကြရမည်ဖြစ်ကြောင်း၊ ၂၀၁၄ မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ၁၂ ရက်အကြာ တစ်အိမ်တက်ဆင်းကောက်မည်ဖြစ်ကြောင်း စသည်ဖြင့် ပြည်သူအားလုံးသိရှိနားလည်စေရန် ဘက်ပေါင်းစုံက အသိပေးနှိုးဆော်နေတော့ အားလုံး သိရှိကြပြီပေါ့။ ယခု ကျွန်တော့်အိမ်ကိုလည်း လာကောက်ပြီးဖြစ်သကဲ့သို့ တစ်နိုင်ငံလုံးလည်း ကောက်ပြီးသွားပြီ၊ လုပ်ငန်းအားလုံး ပြီးဆုံးပြီ၊ မကြာမီ စာရင်းဇယားများ ထုတ်ပြန်တော့မည်။ ဒါက ကျွန်တော့်အထင် ကျွန်တော့်အတွေး။

သည်လိုတော့မဟုတ်၊ ယခု သတင်းစာရှင်းလင်းပွဲသတင်းဖတ်လိုက်ရတော့မှ သန်းခေါင်စာရင်းလုပ်ငန်းစဉ်က ကောက်ပြီးယုံနှင့်မပြီးသေးပါလား။ အဆင့်လေးဆင့်ဖြင့် အစိုးရက သုံးနှစ်နီးပါး ပြင်ဆင်ဆောင်ရွက်ခဲ့သည်။ လုပ်ငန်းစဉ်တွင် အဆင့်နှစ်ဆင့်သာ ပြီးဆုံးသေးသည်။ ဒါတောင်မှ သန်းခေါင်စာရင်းမေးခွန်းပုံစံများက သက်ဆိုင်ရာဒေသများကတစ်ဆင့် ရုံးချုပ်ကို မေလကုန်မှရောက်ကြမည်တဲ့။ မပျက်စီးမဆုံးရှုံးအောင် စနစ်တကျ သယ်ယူကြရမည်ကတော့ အသေအချာ။ အားလုံးစုံမှ အဆင့်သုံးဖြစ်သည့် စာရင်းဇယားပြုစုခြင်း၊ အဆင့်လေး စာရင်းထုတ်ပြန်ခြင်းစသည့် အဆင့်များဆောင်ရွက်ကြရပေဦးမည်။ စာရင်းကောက်ပြီးရုံနဲ့ ဘယ်ပြီးသေးမှာလဲ။ ဖတ်ကြည့်မိမှ သိတော့သည်။

သန်းခေါင်စာရင်းသတင်းစာရှင်းလင်းပွဲ သတင်းကို နိုင်ငံပိုင်သတင်းစာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး၏ပြောကြားချက်ကို တော်တော်ပြည့်ပြည့်စုံစုံဖော်ပြထားသည်ဟု ထင်ပါသည်။ ကျွန်တော်တို့နိုင်ငံမှာ နှစ်ပေါင်း (၃၀)ကြာ မဆောင်ရွက်နိုင်သည့် သန်းခေါင်စာရင်းကို ယခု ၂၀၁၄ ခုနှစ်မှာ ကောက်ယူရန်ဖြစ်ပေါ်လာပုံ၊ အရေးကြီးမှုနှင့်ဆောင်ရွက်ခဲ့သည့်လုပ်ငန်းအဆင့်ဆင့်၊ တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်ရေးဆောင်ရွက်ခဲ့မှု၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ပြည်တွင်းပြည်ပပညာရှင်များနှင့် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်မှု၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ လူထုအသိပညာပေးစည်းရုံးဆောင်ရွက်မှု၊ မြေပြင်ကွင်းဆင်းဆောင်ရွက်မှုနှင့် ရလဒ်အဖြေ၊ နိုင်ငံတကာပညာရှင်များ၏သုံးသပ်ချက်၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံစသည်တို့ဖြင့် ရှင်းလင်းချက်များကို ဖတ်လိုက်ရသည်။ ရေနွေးကြမ်း တစ်ငုံ ငုံရင်း မုဒိတာစိတ်ဖြင့် ကောင်းလေစွ၊ ဖော်ပြပေးမှုကို အားရကျေနပ်မိသည်။

ရှင်းလင်းပြောကြားချက်ထဲမှ တစ်ခုကို မှတ်မှတ်ထင်ထင် အာရုံစိုက်ဖတ်မိသည်။ “ယခုတစ်ကြိမ် သန်းခေါင်စာရင်းကောက်ယူရာမှာ ယခင်နှင့်သိသိသာသာ ကွာခြားတဲ့အချက်ကတော့ ယခင်အစဉ်အဆက် အကြောင်းအမျိုးမျိုးကြောင့် စာရင်းမကောက်ခဲ့ရတဲ့ အထူးဒေသ (၂) “ဝ”ဒေသ၊ အထူးဒေသ(၄) မိုင်းလားဒေသ၊ ကိုးကန့်ဒေသစတာတွေအပြင် ကရင်၊ မွန်၊ ပအိုဝ်း၊ ရှမ်း၊ ကရင်နီ၊ ကယားအစရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနေရာတွေမှာ တိုင်းရင်းသားညီအစ်ကိုတွေရဲ့ အပြည့်အဝ ပူးပေါင်းကူညီဆောင်ရွက်မှုကြောင့် ကွက်ပြည့်နှင်းကောက်ယူနိုင်ခြင်းခဲ့ခြင်းပင်ဖြစ်ပါသည်။ ဒီဖြစ်ရပ်ဟာ ညီရင်းအစ်ကိုတွေအကြား ထူးခြားစွာ ပူးပေါင်းဆောင်ရွက်နိုင်တဲ့ ဖြစ်စဉ်တစ်ခုဖြစ်ပြီး နိုင်ငံတော်အတွက် လွန်စွာမှ ဝမ်းသာကြည်နူးဖွယ်ရာကောင်းတဲ့ ညီညွတ်ရေး ပုံရိပ်တစ်ခုလို့လည်းပြောရမှာဖြစ်ပါတယ်။ ဒါတွေဟာ အစိုးရအဖွဲ့သစ်ကာလအတွင်း အမျိုးသား ရင်ကြားစေ့ရေးလုပ်ငန်းစဉ်ကြောင့် ထွက်ပေါ်လာတဲ့ရလဒ်လို့လည်း ဆိုရမှာဖြစ်ပါကြောင်း”။ မှန်လေစွ။ ကြည်နူးဖွယ်ကောင်းလေစွ။ ယခင် ၁၉၈၃ ခုနှစ် နောက်ဆုံးကောက်ခဲ့စဉ်က တစ်နိုင်ငံလုံးမလွှမ်းခြုံနိုင်၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပဋိပက္ခဖြစ်သည့် နယ်မြေများစွာ ချန်ခဲ့ရသည်။ သည်တော့နိုင်ငံလူဦးရေ အတိအကျ ဘယ်သိနိုင်မလဲ။ ယခုက တစ်နိုင်ငံလုံးနီးပါး လွှမ်းခြုံကောက်ယူနိုင်ကြောင်း သိရသည်။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများဆောင်ရွက်နေဆဲ၊ ငြိမ်းချမ်းရေးအပြည့်အဝ မရသေးခင်မှာပင် တိုင်းရင်းသားညီအစ်ကိုများက နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်သည့် သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကို တညီတညွတ်တည်း၊ တစ်စိတ်တစ်ဝမ်းတည်း လက်တွဲပူးပေါင်းဆောင်ရွက်ကြသည်။ အောင်အောင်မြင်မြင်ဖြစ်ခဲ့သည့်အတွက် အားလုံးပူးပေါင်းပါဝင်ကာ ငြိမ်းချမ်းရေးအသီးအပွင့်ကို ယခုကတည်းက ရရှိခံစားကြရသည်။ အားလုံးပြီးပြည့်စုံငြိမ်းချမ်းသွားပါက နိုင်ငံဖွံ့ဖြိုးမှုရလဒ်ကောင်းများမည်မျှရရှိခံစားနိုင်လိမ့်မည်လဲဟု မုဒိတာပွားရင်းပီတိဖြစ်မိသည်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲကြီးမြန်မြန်အောင်မြင်ပါစေဟုလည်း ဆုတောင်းမိပါသည်။

ထို့ပြင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာပညာရှင်များ၏ သုံးသပ်ချက်များကလည်း အပြုသဘောဆောင်သည်။ နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များကို အသိအမှတ်ပြုသည်။ ၎င်းတို့ကိုယ်တိုင် သန်းခေါင်စာရင်းကွင်းဆင်းကောက်ယူမှုကို ကြည့်ရှုသည်။ ပြည်သူများကို သိလိုသည်များ မေးမြန်းစုံစမ်းသည်။ ယင်းရလဒ်များကိုသုံးသပ်ခြင်းဖြစ်သည်။ “နှစ်ပေါင်း ၃၀ မဆောင်ရွက်နိုင်ခဲ့သဖြင့် အတွေ့အကြုံနည်းပါးမှုကြောင့် ဖြစ်မှုဖြစ်ပါ့မလား၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆောင်ရွက်ခါစ နိုင်ငံငယ်လေးလုပ်နိုင်ပါ့မလား၊ လက်နက်ကိုင်တိုက်ခိုက်မှုရပ်စဲပြီး ငြိမ်းချမ်းရေးအဖြေရှာညှိနှိုင်းနေချိန်ဖြစ်၍ အောင်မြင်နိုင်မှုနည်းပါးမှာတော့ သေချာပါသည်” စသည့်သံသယစိတ်များဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းက စောင့်ကြည့်လေ့လာအကဲခတ်ချိန်မှာ သန်းခေါင်စာရင်းမြေပြင်ကွင်းဆင်းကောက်ယူမှုလုပ်ငန်းသည် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ သန်းခေါင်စာရင်းလုပ်ငန်းများနှင့် လွှမ်းခြုံနိုင်မှုပမာဏသာလွန်နေကြောင်း ပညာရှင်များက ချီးကျူးကြသည်။ သန်းခေါင်စာရင်းကို နိုင်ငံတိုင်းကောက်ကြပြီး မြေပြင်ကွင်းဆင်းကောက်ယူမှု ရာနှုန်းပြည့်ကောက်ယူနိုင်သည့်နိုင်ငံဟူ၍ ကမ္ဘာမှာမရှိသေး။

> **သန်းခေါင်စာရင်း မြေပြင်ကွင်းဆင်းကောက်ယူမှု လုပ်ငန်းသည် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ သန်းခေါင်စာရင်း လုပ်ငန်းများနှင့် လွှမ်းခြုံနိုင်မှုပမာဏ သာလွန်နေကြောင်း ပညာရှင်များက ချီးကျူးကြသည်။**

ကျွန်တော်တို့နိုင်ငံ၏လက်တွေ့ဆန်ဆန်ဆောင်ရွက်နိုင်မှုအပေါ် ဂုဏ်ပြုကြသည်။ အကူအညီများလည်း ဆက်လက်ပေးကြဦးမည်။ နိုင်ငံတော်နှင့်ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုအောင်ပွဲ၏ အကျိုးများပင်။

တစ်နိုင်ငံလုံး မြေပြင်ကွင်းဆင်းကောက်ယူခြင်းလုပ်ငန်းတွင် ကောက်ကွက်ပေါင်း ၈၁၀၀၀ ခန့်ကို စာရင်းကောက် ၉၀၀၀၀ ခန့်နှင့် စာရင်းစစ် ၂၅၀၀၀ ခန့်က တစ်အိမ်တက်ဆင်းဖြင့် သန်းခေါင်စာရင်းမေးခွန်းများကို ၁၂ ရက်ကြာ မေးမြန်းကောက်ယူကြကြောင်း သိရသည်။ သူတို့နှင့်အတူ ရပ်ကွက်၊ ကျေးရွာမှ အထောက်အကူပြုအဖွဲ့များပါသေးသည်။ ကျွန်တော့်အိမ်ကို စာရင်းလာကောက်တော့ ဆရာမတစ်ဦးတည်းမှမဟုတ်။ နေရှိန်ပြင်းပြင်းဖြင့် ပူပြင်းသည့် နွေရာသီကို အန်တုရင်း ချွေးသံတရွှဲရွှဲဖြစ်နေပေမယ့် အပြုံးကိုယ်စီဖြင့် ပျူပျူငှာငှာချိုချိုသာသာ နှုတ်ဆက်ရင်း ကောက်ယူကြသည်။ ကျွန်တော့်လက်တွေ့မျက်မြင်ကိုတင်ပြသော်လည်း လူပေါင်းများစွာ၊ အိမ်ထောင်စုပေါင်းများစွာ မေးမြန်းကောက်ယူရသည့်အတွက် မပြေမလည်အမှားအယွင်းအနည်းငယ်တော့ရှိနိုင်မည် ထင်ပါသည်။ သို့သော် နိုင်ငံအတွက် အားကြိုးမာန်တက်ဆောင်ရွက်နေကြသည်ကိုတော့ အပြစ်မမြင်ဘဲ ကျေးဇူးတင်အသိအမှတ်ပြုရမည်သာ။

တစ်နိုင်ငံလုံးစာရင်းကောက်ယူချိန်တွင် ကချင်ပြည်နယ်အတွင်း ကောက်ယူနိုင်ခြင်းမရှိသေးသည့် ကျေးရွာအချို့နှင့် ရခိုင်ပြည်နယ်အတွင်း လူမျိုးစုအချို့၏ တုံ့ပြန်ဖြေကြားမှုမရှိသည့် နေရာအချို့ကျန်ရှိနေသေးသည်။ ဒါကိုလည်း တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ နားလည်အောင်ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေကြောင်းနှင့် နိုင်ငံတကာနှင့် ပြည်တွင်းပညာရှင်များနှင့် ညှိနှိုင်းဆွေးနွေးချက်များအရ နည်းလမ်း(၄)ခုချမှတ်၍ နည်းလမ်းတစ်ခုခုဖြင့် ဆောင်ရွက်နိုင်မည်ဟုသိရသည်။ နည်းလမ်းတစ်ခုချင်းစီ၏ လုပ်ငန်းစဉ်များကိုဖတ်လိုက်ရတော့လည်း အားရမိသည်။ သန်းခေါင်စာရင်းအတွက် ထိရောက်သည့်နည်းလမ်းများပင်။ တစ်နိုင်ငံလုံးနှင့်ယှဉ်လျှင် မပြောပလောက်သည့် ကိန်းဂဏန်းဖြစ်၍ လက်ရှိ သန်းခေါင်စာရင်းအောင်မြင်မှုကို ဖျက်ဆီးပစ်မည့်အရာများကို ရှောင်ရှားဆောင်ရွက်နိုင်ရမည်ဆိုသည့်အချက်သည်လည်း အဓိကကျလှသည်။ ဘာပဲပြောပြော ညှိနှိုင်းပူးပေါင်း အဖြေရှာဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းစဉ်ကြီးက အောင်မြင်ပြီးဆုံးမည်ဟု ကျွန်တော် ယုံကြည်ပါသည်။

လုပ်ငန်းစဉ်က ယခုမေလကုန်မှ စီမံချက်ဒုတိယအဆင့်ပြီးဆုံးမည်။ ယခုမြေပြင်ကွင်းဆင်းကောက်ယူပြီးဖြစ်သည့် မေးခွန်းပုံစံများပြန်လည်စုစည်းကာ ပြည်နယ်/တိုင်းဒေသကြီး/ ခရိုင်အဆင့်ဆင့် သယ်ဆောင်၍ နေပြည်တော် (ရုံးချုပ်)သို့ ကုန်းကြောင်း၊ လေကြောင်း၊ ရေကြောင်းဖြင့် ပို့ဆောင်မှုလုပ်ငန်းဖြစ်သည်။ အားလုံးစုံပြီဆိုမှ ကိုယ်စားလှယ်များနှင့်အတူ စစ်ဆေးအတည်ပြု၍ ဒုတိယအဆင့်ပြီးပြီပေါ့။ တတိယအဆင့် စာရင်းဇယားများ ပြုစုခြင်းကို လဝကရုံးချုပ်က ဝန်ထမ်းများနေ့ဆိုင်း၊ ညဆိုင်းဖြင့် နည်းပညာသုံးစက်ကိရိယာများဖြင့် ကိုးလခန့်ဆောင်ရွက်ရဦးမည်။ ပြီးလျှင် နောက်ဆုံးဖြစ်သည့် စတုတ္ထအဆင့် စာရင်းဇယားထုတ်ပြန်ခြင်းက ၂၀၁၅ ဧပြီ/မေလလောက်မှ အပြီးသတ်ဆောင်ရွက်နိုင်မည်။ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းက ယင်းအချိန်ကျမှ အဆုံးသတ်နိုင်မည်ဟုခန့်မှန်းကြောင်း သိရသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ◆

ပြည်သူ့လွှတ်တော်အစည်းအဝေး

ကေတိုးတက်ရေပေးဝေနိုင်ရေးနှင့် သတ်မှတ်စီမံကိန်းကေပြည့်မီရေး ဆက်လက်ဆောင်ရွက်သွားမည်

နေပြည်တော် မေ ၂၉

ထမံသီရေဝပ်ဧရိယာနှင့် လောင်းမင်းစိုက်ပျိုးဧရိယာတို့မှ သစ်တောလက်ကျန်ဧက၊ ဟုမ္မလင်း၊ မုံရွာနှင့် မန္တလေးမြို့များရှိ အထပ်သားလွှာစက်ရုံတို့ကို မည်သည့်နှစ်မှစ၍ နှစ်စဉ်၊ နှစ်အလိုက်ပေးပို့ရသော သစ်တန်ချိန်၊ ထမံသီစီမံကိန်းဆည်ရေဝပ်ဧရိယာ သစ်တောအပြောင်ရှင်းခြင်းကို ဆည်တည်ဆောက်ချိန်မှ ခုတ်ထွင်ပါက အချိန်မီပြီးစီးနိုင်ခြင်း ရှိ/မရှိတို့ကို **မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွှေးလွင်**က မေးမြန်းခဲ့သည်။

အဆိုပါမေးခွန်းနှင့် စပ်လျဉ်း၍ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအေးမြင့်မောင်**က ဟုမ္မလင်းမြို့နယ် ထမံသီရေအားလျှပ်စစ်စီမံကိန်းသည် ၂၀၀၄- ၂၀၀၅ ခုနှစ်တွင် ဖွံ့ဖြိုးရေးစီမံကိန်းအဖြစ် ပေါ်ပေါက်ခဲ့ပြီး ရေဝပ်ဧရိယာအပြောင်ရှင်း သစ်ထုတ်လုပ်ခြင်းကို ၂၀၀၅ - ၂၀၀၆ ဘဏ္ဍာနှစ်မှ ၂၀၁၂ -၂၀၁၃ ဘဏ္ဍာနှစ်အထိ စုစုပေါင်း သစ်မာတန်ချိန် (၂၁၃၁၈၄)တန်ထုတ်လုပ်ခဲ့ပြီး ၂၀၁၃ -၂၀၁၄ ခုနှစ်တွင် ရပ်ဆိုင်းခဲ့ပါကြောင်း၊ ဆည်ရေဝပ်ဧရိယာ အပြောင်ရှင်းသစ်ထုတ်ခြင်းလုပ်ငန်းဆောင်ရွက်ရာ၌ ရင်စို့လုံးပတ်(၂)ပေနှင့်အထက် အပင်များကို ပင်ထောင်ရိုက်မှတ်ခြင်း၊ ရိုက်မှတ်ထားသည့် မှတ်ပင်ထောင်များကို ခုတ်လှဲ ထုတ်လုပ်ခြင်းကို ကနဦးဆောင်ရွက်ခဲ့ပြီး စီမံကိန်းရပ်ဆိုင်းချိန်၌ ရင်စို့လုံးပတ်(၂)ပေနှင့်အထက် ရောင်းတမ်းဝင်သစ်မာ(၂၁၃၁၈၄)တန်ကို ရွေးချယ်ထုတ်လုပ်ခဲ့ခြင်းဖြစ်၍ သဘာဝတောဧရိယာ လျော့နည်းခြင်း မရှိဘဲ မူလဧရိယာအတိုင်း တည်ရှိလျက်ရှိပါကြောင်း။

ဟုမ္မလင်းမြို့ တောင်ဘက်လောင်းမင်းဒေသ၌ ထမံသီဆည်စီမံကိန်းတွင် ဆည်တည်ဆောက်ပြီးစီးပါက ရေနစ်မြုပ်သွားမည့် ကျေးရွာများအား ရွှေ့ပြောင်းနေရာချထားပေးနိုင်ရန်အတွက် မြေဧရိယာ(၈၀၀၀၀)ဧကတွင် အပြောင်ရှင်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းကို ၂၀၀၅ -၂၀၀၆ ဘဏ္ဍာနှစ်မှ ၂၀၁၂ - ၂၀၁၃ ဘဏ္ဍာနှစ်အထိ စုစုပေါင်းသစ်မာတန်ချိန်(၄၅၁၆၉၉)တန် ထုတ်ယူခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် သစ်ထုတ်လုပ်ငန်းကို ရပ်ဆိုင်းခဲ့ပါကြောင်း၊ ၎င်းဧရိယာတွင် မူလခန့်မှန်းဧရိယာ ဧကရှစ်သောင်း၏ ၇ ဒသမ ၆၆ ရာခိုင်နှုန်း (ဧက ၆၂၉၀) ခန့်သာ မြေနေရာဖော်ထုတ်ခဲ့ပြီး တောကျန်ဧက ၇၃၇၁၀ ကျန်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

မှန်ပြည်နယ် ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်းက မော်တော်ဆိုင်ကယ်မောင်းနှင်သူများအတွက် ယာဉ်မောင်းလိုင်စင်များကို ကျေးလက်ဒေသများအထိ

ရေးမဲဆန္ဒနယ်မှ
ဒေါ်မိမြင့်သန်း။

မင်းကင်းမဲဆန္ဒနယ်မှ
ဒေါ်ခင်မွှေးလွင်။

ကွင်းဆင်းစစ်ဆေး၍ စနစ်တကျထုတ်ပေးရန်နှင့် လမ်းအသုံးပြုသူများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဆောင်ရွက်နေမှုများကို မေးမြန်းခဲ့သည်။

အဆိုပါမေးခွန်းနှင့်စပ်လျဉ်း၍ **ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်**က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာမှတ်ပုံတင်နယ်မြေအတွင်းရှိ မြို့နယ်အသီးသီးသို့ ပြက္ခဒိန်လအလိုက် နယ်လှည့်ကွင်းဆင်းဆောင်ရွက်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးသင်တန်းများဖွင့်လှစ်၍ ယာဉ်မောင်းလိုင်စင်များ စနစ်တကျ စစ်ဆေးထုတ်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ညှိနှိုင်းချက်အရ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ၊ ယဉ်ကျေးလိမ္မာသင်တန်းများ၊ တပ်ရင်းတပ်ဖွဲ့များနှင့် ကျေးရွာအုပ်စုများသို့လည်း သွားရောက်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြောပွဲနှင့် သင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်ပေးပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြောပွဲ ကြိမ်ရေ (၁၅၉၀)ကျင်းပခဲ့ပြီး လူဦးရေ (၂၉၅၄၅၀)ဦး တက်ရောက်ခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းအကြိမ် (၂၂၀၁)ကြိမ် ဖွင့်လှစ်ခဲ့၍ သင်တန်းသားဦးရေ(၃၀၀၁၃၇)ဦးကို ယာဉ်စည်းကမ်းလမ်းစည်းကမ်း၊ ယာဉ်သွားလာမှုဆိုင်ရာစည်းကမ်းများ၊ လမ်းညွှန်ဆိုင်းဘုတ်များ၊ လမ်းပေါ်ဆေးရေးအမှတ်အသားများ၊ အချက်ပြများနှင့် ဆောင်ရန်၊ ရှောင်ရန်တို့ကို ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရှိရသည်။

စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း၏ စစ်ကိုင်းမြို့နယ်အတွင်းရှိ ဆင်တပ်မြစ်ရေတင်စီမံကိန်းမှ သတ်မှတ်ဧကပေါင်း(၆၅၀၀)ကို ရေပေးဝေနိုင်ရန်နှင့် စီမံကိန်းအောင်မြင်အောင် ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း၍ **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်**က စီမံကိန်းတည်ဆောက်စဉ်ကာလအတွင်း မြို့ပြလုပ်ငန်းပိုင်ဆိုင်ရာ ရေပေးမြောင်းများဖောက်လုပ်ရာ၌ မြောင်းအူကြောင်းအနီးဆုံးရှိမြေကို ရယူအသုံးပြုခဲ့သည့် သာမန်မြေသားမြောင်းများဖြစ်ပြီး လိုအပ်သော စံချိန်စံညွှန်းနှင့် ကိုက်ညီသော မြေအမျိုးအစားကို မြေသယ်ယူဆောင်ရွက်နိုင်ခဲ့မှုမရှိပါကြောင်း၊ မြောင်းတည်ဆောက်ထားသည့် လယ်ရှိမြေများသည် ရေတွင်ပျော်ဝင်လွယ်သောမြေများဖြစ်သည့်အတွက် ရေပေးဝေချိန်နှင့် မိုးသည်းထန်စွာရွာသွန်းချိန်များ၌ ရေပေးမြောင်းကျိုးပြတ်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် နှစ်စဉ်ရရှိသည့် ရန်ပုံငွေဖြင့် ဦးစားပေးအပိုင်းအလိုက် အရည်အသွေးကောင်းမြေရယူ၍ ပြင်ဆင်ထိန်းသိမ်းခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းကြောင့် ၂၀၁၁ -၂၀၁၂ ခုနှစ်တွင် သီးနှံဧက(၉၈၀)၊ ၂၀၁၂ -၂၀၁၃ခုနှစ်တွင် သီးနှံဧက(၁၀၅၀)နှင့် ၂၀၁၃-၂၀၁၄ခုနှစ်တွင် သီးနှံဧက(၁၂၄၅)အထိ တိုးတက်စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သာမန်ပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေ ကျပ်(၁၇၅)သန်းဖြင့် ပင်မမြောင်းနှင့် လက်တံမြောင်းများ မြေသားအစားထိုးပြုပြင်ခြင်း၊ လိုအပ်သောနေရာများတွင် အုတ်လိုင်နင်စီခြင်း အပါအဝင် ရေပေးအဆောက်အအုံများပြုပြင်ခြင်းနှင့် မြစ်ကမ်းပါးကျောက်ကြီးစီခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အလားတူ ဘဏ္ဍာရေးနှစ်အလိုက် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ရန်ပုံငွေများထည့်သွင်းလျာထား၍ ဧကတိုးတက် ရေပေးဝေနိုင်ရေးနှင့် သတ်မှတ်စီမံကိန်းဧက ပြည့်မီရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

တိုင်းဒေသကြီးများ/ပြည်နယ်များအတွင်း (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံ(၁၉၀)၊ ခုတင်(၅၀)ဆံ့ဆေးရုံ (၆၈)ရုံ ဖွင့်လှစ်ထားရှိပြီးဖြစ်

နေပြည်တော် မေ ၂၉

အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်နိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ် ဆောင်ရွက်ခြင်း (သို့မဟုတ်) ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်ရန်၊ ပြည်တွင်း ပြည်ပကုန်သွယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အပေါ်တွင် မျှတမှုမရှိသော ပြိုင်ဆိုင်မှုကိုထိန်းချုပ်နိုင်စေရန်၊ ဈေးကွက်အပေါ်ထိန်းချုပ်နိုင်စွမ်းအား အလွဲသုံးစားပြုခြင်းမှ တားဆီးနိုင်ရန်၊ စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းခြင်း၊ ဝယ်ယူခြင်းတို့အား ဥပဒေနှင့်အညီ ခွင့်ပြုနိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းများအကြား ကန့်သတ်ထားရှိသည့် သဘောတူညီချက်နှင့် အစီအမံများအား ဖယ်ရှားထိန်းချုပ်နိုင်ရန် ရည်ရွယ်ရေးဆွဲထားသည့် **ယှဉ်ပြိုင်မှုဥပဒေကြမ်း**ကို ဆွေးနွေးစဉ်းစားနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် လွှတ်တော်သို့ တင်သွင်းခဲ့သည်။

ချင်းပြည်နယ် မဲဆန္ဒနယ်
အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၃)မှ ဦးတင်မောင်မြင့်။

အဆိုပါဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း၏ **"မော်တော်ယာဉ်နှင့် စက်ယန္တရားများကို နယ်စပ်ဂိတ်များမှ တင်သွင်းခွင့်ပြုရာတွင် ကညနခွန်နှင့် အခြားအခွန်အကောက်များကို တစ်နိုင်ငံလုံး တစ်သမတ်တည်း မဟုတ်ဘဲ အသုံးပြုမည့်ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် လျှော့ချကောက်ခံရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်ခကောက်ခံရာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးကနဦး မှတ်ပုံတင်လုပ်ငန်းမှ အခွန်အခငွေများအား တစ်ပြေးညီ တစ်သမတ်တည်း ကောက်ခံလျက်ရှိပါကြောင်း၊ နယ်မြေခွဲခြားသတ်မှတ်၍ နှုန်းထားကွဲပြားစွာ ကောက်ခံမည်ဆိုပါက ကောက်ခံနှုန်းနည်းပါးသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးလိပ်စာများဖြင့် မော်တော်ယာဉ်များ စုပြုံဝင်ရောက်ဆောက်ရွက်ကြပြီး မကြာမီ အခြားဒေသများသို့ နေရပ်လိပ်စာပြန်လည်ပြောင်းလဲသွားနိုင်ခြင်း၊ မှတ်ပုံတင်ထားသည့် နယ်မြေတွင် အသုံးမပြုဘဲ အမှန်သုံးစွဲမည့်နေရပ်တွင်သာ သုံးစွဲနေကြမည်သာဖြစ်သဖြင့် နိုင်ငံတော်မှရရှိမည့် ဘဏ္ဍာငွေလျော့နည်းနိုင်ခြင်း၊ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်း၌သာ မောင်းနှင်အသုံးပြုနိုင်ရန်အတွက် ကြီးကြပ်ကန့်သတ်ရန် ခက်ခဲခြင်းများ ဖြစ်ပေါ်လာနိုင်ပါကြောင်း။

၁/၄ တန်အထက် ကုန်တင်ကား၊ ထရပ်ကားများနှင့် ကုန်တွဲများ တင်သွင်းလျှင် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် (၅)ရာခိုင်နှုန်းနှင့် အပေါ့စား ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် အပေါ့စားဝက်ဂွန်ကားများ၊ ကူပေးကားများအား တင်သွင်းလျှင် ကုန်းပေါ်အရောက်တန်ဖိုးအပေါ်တွင် (၂၅)ရာခိုင်နှုန်း တစ်ပြေးညီကောက်ခံလျက်ရှိပါကြောင်း၊ ကောက်ခံသည့်အခွန်များနှင့် ပတ်သက်၍ ပြည်နယ်/တိုင်းဒေသကြီးအလိုက် ခွဲခြားကောက်ခံခြင်းမရှိဘဲ တစ်ပြေးညီကောက်ခံလျက်ရှိပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးတင်မောင်မြင့်၏ **"နိုင်ငံတော်အတွင်းရှိ မြို့နယ်အဆင့်ဆေးရုံများအား အနိမ့်ဆုံးခုတင်(၅၀)ဆံ့ ဆေးရုံများအဖြစ်ချထားပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်က တိုင်းဒေသကြီးများ/ပြည်နယ်များအတွင်း ယနေ့အထိ ဖွင့်လှစ်ထားရှိပြီးဖြစ်သော (၂၅)ခုတင်ဆံ့မြို့နယ်ဆေးရုံ(၁၉၀)၊ ခုတင် (၅၀)ဆံ့ဆေးရုံ (၆၈)ရုံ ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံများအား အနိမ့်ဆုံးခုတင်(၅၀)ဆံ့သို့ တိုးမြှင့်ရာတွင် ယင်းဆေးရုံ၏ ဆေးရုံလုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ(၅)နှစ်စာကို ရယူစိစစ်ပြီး ခုတင်အဆင့်မြှင့်တင်ရန် လိုအပ်ချက်ရှိပါက ခုတင် (၅၀)ဆံ့သို့ တိုးမြှင့်ရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း (၂၅)ခုတင်ဆံ့ဆေးရုံ (၃)ရုံ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း (၁)ရုံ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း(၅)ရုံနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် (၄)ရုံကို ခုတင်(၅၀)ဆံ့ဆေးရုံအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ခုတင်အဆင့်မြှင့်တင်ရာတွင် တိုးမြှင့်လိုက်သော ခုတင်ဦးရေနှင့် လိုက်လျောညီထွေဖြစ်စေမည့် ဝန်ထမ်းအင်အား၊ အဆောက်အအုံနှင့် ဆေးဝါးပစ္စည်းများ ထပ်မံဖြည့်ဆည်းပေးရန်နှင့် အဆောက်အအုံတိုးချဲ့ရန်အတွက် မြေနေရာများလည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ အချို့သော (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံများကို လိုအပ်ချက်နှင့်အညီ ခုတင်(၅၀)ဆံ့သို့ တိုးမြှင့်ဖွင့်လှစ်လျက်ရှိပြီး (၂၅)ခုတင်ဆံ့ ဆေးရုံများအားလုံးကို အနိမ့်ဆုံးခုတင်(၅၀)ဆံ့ ဆေးရုံများအဖြစ်သို့ တိုးမြှင့်ရန် မလိုအပ်ပါကြောင်း ဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် မေးခွန်း(၈)ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်းတစ်ခုတင်သွင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြပြီး အစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

စာအုပ် စာပေ လူ့မိတ်ဆွေ

ပြည်တွင်းရေးရာ

● **ကျောဖုံးမှ**

ရှေးဦးစွာ ဒုတိယသမ္မတနှင့်အဖွဲ့သည် ရေတာရှည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို တက်ရောက်အားပေးသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက မြန်မာနိုင်ငံ၌ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် အခြေခံပညာ ကျောင်းသား ကျောင်းသူ ပေါင်း ၈ သန်း ၇ သိန်းခန့်ရှိပြီး အဆင့်မြင့်ပညာကျောင်းသား ကျောင်းသူပေါင်း ခြောက်သိန်းကျော်နှင့် ကျောင်းတွင်းပညာရေး၊ ကျောင်းပြင်ပပညာရေးသင်ကြားသူများအပါအဝင် စုစုပေါင်း ကျောင်းသား ကျောင်းသူ ကိုးသန်းကျော်ရှိပါကြောင်း၊ နိုင်ငံ့လူဦးရေနှင့် တွက်ကြည့်လျှင် ခြောက်ပုံ တစ်ပုံခန့်သာ ပညာသင်ကြားနေသည်ကို တွေ့ရသည့်အတွက် ကျောင်းစာသင်ကြားမှုနှုန်းမြင့်တက်လာအောင် ကျောင်းအပ်နှံရေးလှုပ်ရှားမှုကို အင်တိုက်အားတိုက်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ နှစ်စဉ်ကျောင်းအပ်သည့်နေရာတွင် မူလတန်းမှ အလယ်တန်းကိုလည်းကောင်း၊ အလယ်တန်းမှ အထက်တန်းကိုလည်းကောင်း အခက်အခဲအမျိုးမျိုးကြောင့် မတက်နိုင်သူများကို ကူညီနိုင်သည့်နည်းလမ်းရှိလျှင် ကူညီသွားရန်၊ လုံးဝ ဆက်မတက်နိုင်သူများကိုလည်း အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးနိုင်ရန် စီစဉ်ပေးသွားရန်ဖြစ်ပါကြောင်း။

ပဲခူးတိုင်းဒေသကြီးအနေဖြင့် လူဦးရေစုစုပေါင်း ၄ သန်း ၆ သိန်းကျော်အနက် ကျောင်းသားပေါင်း ရှစ်သိန်းကျော်ဖြစ်သည့်အတွက် အချိုးအားဖြင့် ငါးပုံ တစ်ပုံခန့်ရှိပါကြောင်း၊ အလားတူ ကျောင်းစာသင်ကြားနှုန်း မြင့်တက်အောင် အားပေးသကဲ့သို့ စာတတ်မြောက်နှုန်းမြင့်မားလာအောင် ယခင်ကရပ်တန့်နေသည့် အသုံးလုံးကျေသင်တန်းကိုလည်း ယခုနှစ်မှစ၍ ပြန်လည်အားပေးဆောင်ရွက်ခဲ့ပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ တည်ဆောက်ရေး ရေတို၊ ရေရှည်လုပ်ငန်းများတွင် ပညာရေးကဏ္ဍသည် အဓိက ဖြစ်နေပါကြောင်း၊ အထူးသဖြင့် (၂၁)ရာစုခေတ်တွင် ပညာရေးသည် မရှိမဖြစ် လိုအပ်လာသည့် အရာဖြစ်ပါကြောင်း၊ ပညာရေးဟုဆိုရာတွင် ပညာရေးဝန်ကြီးဌာန၏ ဆောင်ရွက်နေမှုကိုသာ ဆိုလိုခြင်းမဟုတ်ဘဲ နေရာတိုင်း၊ ဌာနတိုင်း၏ ပညာရေးပါဝင်ပတ်သက်နေမှုကို ဆိုလိုခြင်းဖြစ်ပါကြောင်း၊ ကျန်းမာရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ နိုင်ငံရေး စသည့် မည်သည့်ကဏ္ဍတွင်မဆို ပညာရှင်လိုအပ်ပါကြောင်း၊ အားလုံးသည် ပညာရေးအခြေခံနှင့် ပညာရှိရန်၊ ပညာရှင်ဖြစ်ရန် လိုအပ်နေသည်ချည်းဖြစ်ပါကြောင်း။

ဒီမိုကရေစီနိုင်ငံတွင် အဓိကမဏ္ဍိုင်ကြီး သုံးရပ်ဟုခေါ်သည့် အုပ်ချုပ်ရေးမဏ္ဍိုင်ဖြစ်သည့် အစိုးရယန္တရားတွင် ပညာရှင် အရေးကြီးပါကြောင်း၊ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် ပြည်ထောင်စုလွှတ်တော်၊ တရားရေးမဏ္ဍိုင်ဖြစ်သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့တွင် ပညာရှင်အရေးကြီးပါကြောင်း၊ စတုတ္ထမဏ္ဍိုင်ဟုခေါ်သည့် မီဒီယာတွင်လည်း ပညာရေးအခြေခံကောင်းမှသာ နိုင်ငံတကာအဆင့်မီ မီဒီယာကောင်းဖြစ်လာမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ခေတ်သစ်စစ်ရေးစစ်ရာစီမံခန့်ခွဲမှုတွင် ကမ္ဘာ့အနောက်ခြမ်းတစ်နေရာမှနေပြီး ကမ္ဘာ့အရှေ့ခြမ်းတစ်နေရာသို့ ကွန်ပျူတာပညာဖြင့် စစ်ဆင်ရေးလုပ်နေကြသည်ကိုလည်း အားလုံးအသိပင်ဖြစ်ပါကြောင်း။

ပညာရေးအစွမ်းထက်မှုကို နမူနာပြရမည်ဆိုလျှင် ပညာရည်တွင် သာလွန်သည့်အတွက် နိုင်ငံကငယ်ပြီး လူဦးရေ ခြောက်သန်းလောက်သာရှိသော်လည်း သန်း ၁၀၀ ကျော်ရှိ ပတ်လည်ဝန်းရံခံနေရသည့် ရန်သူနိုင်ငံများကြားတွင် ခေါင်းမော့ရပ်တည်နေသည့် နိုင်ငံတစ်နိုင်ငံ အရှေ့အလယ်ပိုင်းဒေသတွင်ရှိပါကြောင်း။

ထို့အတူ ကမ္ဘာ့မြေပုံပေါ်တွင် အစက်အပျောက်လေးလောက်သာရှိသည့် နိုင်ငံလေးတစ်နိုင်ငံသည် ဖွံ့ဖြိုးပြီး ချမ်းသာသည့် နိုင်ငံအဖြစ် ရပ်တည်နေသည့် နိုင်ငံတစ်နိုင်ငံ အာရှတွင်လည်း ရှိပါကြောင်း၊ ပညာကိုသုံး၊ ဦးနှောက်ကိုသုံးပြီး အစစအရာရာ အနိုင်ယူနေကြပါကြောင်း၊ ယင်းသည် ပညာရေး၏ သာလွန်မှု သာဓကများပင်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကမ္ဘာကြီးရွာငယ်ဖြစ်ပေါ်နေသည့် ခေတ်ကြီးထဲတွင် ကာယစွမ်းအားထက် ဉာဏစွမ်းအားက ပိုမိုလိုအပ်လာသည့်အတွက် မိမိတို့နိုင်ငံအနေဖြင့်လည်း ပညာရေးကို မဖြစ်မနေ မြှင့်တင်သွားကြရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပညာရေးအခြေခံအုတ်မြစ်ဖြစ်သည့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းစာသင်ကြားရေး၊ စာသင်အရွယ်ရောက်သူတိုင်း ကျောင်းအပ်နှံရေး၊ ကျောင်းနေမြဲရေးတို့ကို နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်နေခြင်းကြောင့် သက်ဆိုင်သူ ကျောင်းသား မိဘများ၊ ရပ်မိရပ်ဖများ၊ တာဝန်ရှိသူအားလုံးက ကိုယ်ရောစိတ်ပါ ပူးပေါင်းပါဝင်ကြပါဟု တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက ပဲခူးတိုင်းဒေသကြီးအတွင်း ကျောင်းအပ်နှံရေး လှုပ်ရှားမှုဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ဒေါက်တာဒေါ်ခင်စန်းရီနှင့် ဒုတိယဝန်ကြီး ဦးဇော်ဝင်းတို့က ကျောင်းဝတ်စုံ ၈၃ စုံ၊ စာရေးခုံ ၂၀၊ ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများ၊ အားကစားပစ္စည်းများကို ပေးအပ်ခဲ့ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကျောင်းအပ်နှံနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ ကျောင်းသား ကျောင်းသူလေးများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မြောက်နန်ချွန်ကျေးရွာ မူလတန်းလွန်ကျောင်းတွင် ကျောင်းအပ်နှံရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး အသုံးအဆောင်ပစ္စည်းများနှင့် အားကစားပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် တောင်ငူမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် တောင်ငူမြို့နယ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ပညာရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက ပဲခူးတိုင်းဒေသကြီးအတွင်း ကျောင်းအပ်နှံရေး ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီး ဦးဇော်ဝင်းတို့က ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများ၊ အလှူငွေများနှင့် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာကြသော ဆရာ ဆရာမ၊ အလှူရှင်များ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ကျောင်းအတွင်း ကျောင်းအပ်နှံနေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တောင်ငူမြို့နယ် မိုးကောင်းအခြေခံပညာအလယ်တန်းကျောင်းခွဲ၊ လေးမိုင်အခြေခံပညာ အထက်တန်းကျောင်းနှင့် လေးမိုင် ရွာဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့၌ ကျောင်းအပ်နှံရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာအုပ်နှင့် ဗလာစာအုပ်များ၊ အသုံးအဆောင်ပစ္စည်းများနှင့် အားကစားပစ္စည်းများကို ပေးအပ်ခဲ့သည်။

ရေတာရှည်မြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း ခြောက်ကျောင်းအပါအဝင် ကျောင်းပေါင်း ၂၃၂ ကျောင်းရှိပြီး ကျောင်းအပ်လက်ခံရမည့်ဦးရေ ၃၆၀၀၀ ကျော်အနက် ယခုအခါ ၆၂ ဒသမ ၃၇ ရာခိုင်နှုန်း ကျောင်းအပ်နှံပြီးဖြစ်သည်။

အလားတူ တောင်ငူမြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း ကိုးကျောင်းအပါအဝင် ကျောင်းပေါင်း ၁၈၉ ကျောင်းရှိပြီး ကျောင်းအပ်လက်ခံရမည့်ဦးရေ စုစုပေါင်း ၄၄၀၀၀ ကျော်အနက် ၆၂ ဒသမ ၂၄ ရာခိုင်နှုန်း ကျောင်းအပ်နှံပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



ဥပဒေရေးရာကိစ္စရပ်များ အမြင်ချင်းဖလှယ်

နေပြည်တော် မေ ၂၉

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ယနေ့နံနက် ၁၀ နာရီခွဲက အမေရိကန်နိုင်ငံမှ Professor Tabias Wolff နှင့် အမေရိကန်သံရုံးမှ နိုင်ငံရေးဆိုင်ရာသံအရာရှိ Ms.Erin Webster-Main နှင့်အဖွဲ့သည် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမသို့ လာရောက်တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုရှေ့နေချုပ်က ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လုပ်ငန်းတာဝန်များနှင့် အခန်းကဏ္ဍများအကြောင်းကို ရှင်းလင်းပြောကြားပြီး ဥပဒေအရာရှိများကို ပြည်ပသို့ပညာတော်သင်များ စေလွှတ်လျက်ရှိကြောင်း၊ အပြည်ပြည်ဆိုင်ရာဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ကူးသန်းရောင်းဝယ်ရေးဥပဒေနှင့် တရားမဥပဒေ စသည့် နယ်ပယ်များ တိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ Professor Tabias Wolff က ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဆောင်ရွက်ချက်များကို လွန်စွာ အားရကျေနပ်မှုရှိကြောင်း၊ မိမိတို့အနေဖြင့် ဆက်လက်ပြီးသင်တန်းများပေးသွားရန်နှင့်ပညာတော်သင်အကူအညီများ ဆက်လက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားပြီး နှစ်ဖက် ဥပဒေရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကျယ်ကျယ်ပြန့်ပြန့်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

(ပြည်ထောင်စုရှေ့နေချုပ်ရုံး)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည် ကိုရီးယားသမ္မတနိုင်ငံတွင် ကျင်းပမည့် ရွေးကောက်ပွဲလေ့လာရန် ထွက်ခွာ

ရန်ကုန် မေ ၂၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်သည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ကျင်းပမည့် ဒေသတွင်းရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲဆိုင်ရာသုတပွဲတော်သို့ International Observer အဖြစ် လေ့လာရန် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုနှင့် အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကဗျာလွတ်အက ဆင့်ပွားနည်းပြ

ချစ်ဆွေမြင့်

"ကဗျာလွတ်"ဟူသောစကားရပ်လေးကား ရိုးရှင်းစွာဖြင့် ဆန်းနေ၏။ "ကဗျာလွတ်"ဟူသောစကားရပ်သည် လွတ်လပ်ပြီးစ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာနကို ၁၉၅၂ ခုနှစ်တွင် စတင်ဖွဲ့စည်းရာမှ အခြေပြုသည်ဟု ဆိုရပေမည်။ ယဉ်ကျေးမှုဝန်ကြီးဌာန ထူထောင်ပြီးသည်နှင့် ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် အဆို၊ အတီး၊ အကဘာသာရပ်များကို သင်ကြားပေးမည့် ပန်တျာကျောင်းများပေါ်ပေါက်လာခဲ့သည်။ ပညာရှင်ကြီးများက "စည်း ဖနောင့်၊ ခြောက် ဖဝါး"ဖြင့် အစချီ၍ "ခေါင်း၊ ခါး၊ ခြေ လက်"လှုပ်ရှားမှုများ ပါဝင်သောအက၏ အခြေခံသင်ရိုးစနစ်တစ်ခုကိုတီထွင်ခဲ့ကြသည်။ တေးစာသားမပါဘဲ ဗုံအတီးသက်သက်ကို စည်းဝါးဖြင့် ထိန်းညှိ၍ "တိုးဗေတိုးဗေ" သံစဉ်ဖြင့် သင်ကြားခဲ့ကြခြင်းဖြစ်သည်။

ထိုခေတ်ထိုအချိန်ကဝန်ကြီးတစ်ပါးဖြစ်သော ဗိုလ်ခင်မောင်လေးဟူသည့် ပုဂ္ဂိုလ်ကြီးသည်စကားဆန်းလေးများ သုံးနှုန်းတတ်သူဟုလူသိများကြသည်။ ထိုပန်တျာအကသင်တန်းကျောင်းမှတီးလုံးနှင့်ကကွက်များကို ဖိတ်ကြားပြသခြင်းခံရသည့် ဗိုလ်ခင်မောင်လေးက တေးစာသားမပါဘဲ အတီးသက်သက်ဖြင့် အကကိုကြည့်ရှုခံစား၍ "ကောင်းတော့ကောင်းတယ်ဗျာ။ ဒါပေမယ့် ကဗျာ(တေးစာသား)ကတော့ လွတ်နေတယ်"ဟု မှတ်ချက်ပြုရာမှ ရိုးရိုးလေးဖြင့် ဆန်းသွားသော "ကဗျာလွတ်"ဟူသည့် ဝေါဟာရနှင့် မြန်မာအက၏ အခြေခံသင်ရိုးတစ်ခုပေါ် ပေါက်လာခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်ရှိမည်သည့်နိုင်ငံ၊ မည်သည့်လူမျိုး၏ အကမဆို "ခေါင်း၊ ခါး၊ ခြေ၊ လက်" တည်းဟူသော ခန္ဓာကိုယ်အစိတ်အပိုင်းလေးခု၏ လှုပ်ရှားဟန်နှင့် မကင်းလွတ်ကြပေ။ "အပျော့၊ အမာ" "အနေး၊ အသွက်" "ဟန်နေဟန်ထား"နှင့် "နရီစည်းဝါး"တို့သာ ကွဲပြားကြခြင်းဖြစ်သည်။ မြန်မာ့မူပိုင်၊ မြန်မာတစ်မျိုးသားလုံးတို့၏ မူပိုင်ဖြစ်သောကဗျာလွတ်အက အခြေခံကိုတတ်မြောက်ထားလျှင် အခြားအခြားသော မည်သည့်ကကွက်များကိုမဆို အလွယ်တကူပွားယူနိုင်သည်။ ပေါင်းစပ်ယူနိုင်သည်။ ယနေ့အချိန်အခါတွင် နိုင်ငံအတွင်းသို့ တိုးတက်သောသတင်းနည်းပညာဆက်သွယ်မှုများနှင့်အတူ ယဉ်ကျေးမှုမျိုးစုံစိမ့်ဝင်လျက်ရှိသည်။ ထိုသို့စိမ့်ဝင်နေခြင်းကို ပါးစပ်ဖြင့် ထိုင်အော်ရုံမျှဖြင့်၊ လက်ညှိုးထိုးပြနေရုံမျှဖြင့် ပြီးစီးသွားမည့်ကိစ္စမဟုတ်ပါ။

ပွင့်လင်းလွတ်လပ်မှုအကာအကွယ်ကောင်းလွန်းလှသောမျက်မှောက်လူ့အဖွဲ့အစည်းတွင် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ဟိုလိုမကပါနှင့်၊ သည်လိုမကပါနှင့်ဟူ၍ အမိန့်ညွှန်ကြားချက်များ တွင်တွင်ထုတ်နေရမည့်ဌာနမဟုတ်ပါ။ ဌာနမှဆောင်ရွက်နိုင်သည်များကို ဆက်စပ်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာရပ်များအတွက် ပထမခြေတစ်လှမ်းမှစတင်က မိုင်ပေါင်းထောင်သောင်းမကသော ခြေလှမ်းများဖြင့် ဆက်လက်လျှောက်လှမ်းနေမည်ဟူသန္နိဋ္ဌာန်ချထားသောဝန်ကြီးဌာနတစ်ခုဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကျင်းပခဲ့သော (၂၀)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ကဗျာလွတ်အကပြိုင်ပွဲများကို စတင်ထည့်သွင်းယှဉ်ပြိုင်စေခဲ့ပြီး (၂၁)ကြိမ်မြောက် ပြိုင်ပွဲကြီးတွင်လည်း ဆက်လက်ထည့်သွင်းယှဉ်ပြိုင်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့် ခိုင်ခိုင်မာမာရှိပြီးဖြစ်သော မြန်မာအကအခြေခံကဗျာလွတ်အကများကို ဌာနတွင်းဝန်ထမ်းများဖြင့် ဗဟိုနည်းပြသင်တန်းဟူ၍ ၁၄-၄-၂၀၁၄ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး ယခုတစ်ဖန် အခြေခံပညာဦးစီးဌာနရှိအခြေခံပညာ(၁)(၂)(၃)တို့မှ ဆရာ ဆရာမအင်အား ၁၀၃ ဦးဖြင့် ဆင့်ပွားနည်းပြသင်တန်း(၁/၂၀၁၄)ကို ၂၂-၅-၂၀၁၄ ရက်နေ့မှ ၃၀-၅-၂၀၁၄ ရက်နေ့တိုင်အောင် ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။ သင်တန်းသား သင်တန်းသူ ၁၀၃ ဦးအတွက် သင်တန်းမှူး၊ နည်းပြချုပ်အပါအဝင် နည်းပြအင်အား ၂၆ ဦးတို့ဖြင့် နေပြည်တော်၊ ရုံးအမှတ်(၃၅)ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဘက်စုံခန်းမတွင် (စနေ၊ တနင်္ဂနွေ) မနားနေ့စဉ်အားကြိုးမာန်တက်လေ့ကျင့်လျက်ရှိပါသည်။ ဆင့်ပွားနည်းပြသင်တန်းသူများထဲတွင် ထူးထူးခြားခြားသင်တန်းသားဆရာ သုံးဦးလည်းပါဝင်နေသေးသည်။ နွေရာသီ၏ ပူပြင်းမှုဒဏ်၊ ပင်ပန်းမှုဒဏ်ကို အန်တုရင်း ဆရာ ဆရာမများ၏ ချွေးဒီးဒီးကျ လုံ့လစိုက်ထုတ်မှုများကားမြင်ရတွေ့ရသူများအတွက် မြန်မာ့ယဉ်ကျေးမှု သုခုမအကပညာနှင့်ပတ်သက်၍ သက်ဝင်ယုံကြည်ကာမြန်မာ့ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းလိုသူ၊ ထိန်းသိမ်းနေသူ၊ စိတ်ထားညီသူများရှိကြကြောင်း ပြသနေသဖြင့် အနာဂတ်အနုပညာအတွက် အားတက်ဖွယ် မြင်ကွင်းပင်ဖြစ်ပါသည်။ ၃၀-၅-၂၀၁၄ ရက်နေ့တွင် သင်တန်းကာလပြီးဆုံးတော့မည်ဖြစ်ပါသည်။ ယခု အပင်ပန်းခံသင်ကြားနေကြသော ထိုဆရာ ဆရာမများမှ ဆင့်ပွား၍ နိုင်ငံအရပ်ရပ်ရှိ အခြေခံပညာကျောင်းများတွင် မကြာမြင့်မီကာလများ၌ "တိုးဗေတိုးဗေ" တီးကွက်အချိုးဖြင့် ကဗျာလွတ်အကသင်တန်းများ ပေါ်ပေါက်လာပေဦးတော့မည်။

အကျိုးကျေးဇူးကား ဆင့်ပွားနည်းပြဆရာ ဆရာမများမှတစ်ဆင့် ကဗျာလွတ်အကကို ပြန်လည်သင်ယူကြရမည့် ကျောင်းသား ကျောင်းသူများသည် စည်း၊ ဝါးအခြေခံဖြင့် စနစ်ကျစွာသန္ဓေတည်ခဲ့သောမြန်မာအက၏တန်ဖိုးကို ကောင်းစွာ သိရှိနားလည်ခွင့်ရရှိမည်ဖြစ်ပါသည်။ ရိုးရာအနုပညာတစ်ရပ်ကိုဂုဏ်ယူစွာလက်ဆင့်ကမ်းအမွေခံခွင့်၊ ထိန်းသိမ်းစောင့်ရှောက်ခွင့်ရရှိကြမည်ဖြစ်ပါသည်။ အဝန်းအဝိုင်း၊ အကွေးအညွတ်များဖြင့် တည်ဆောက်ထားသောကြိဘာ်အချိုး မြန်မာအက၏ရသအစစ်ကိုလည်းကောင်းစွာခံစားနားလည်နိုင်သွားကြမည်ဖြစ်ပါသည်။

ထိုနည်းတူစွာ နရီစည်းဝါးအနေအမြန်ဖြင့် ခေါင်း၊ ခါး၊ ခြေ လက်များကို အချိုးကျလှုပ်ရှားကပြရသဖြင့် ခန္ဓာကိုယ်ရှိ အကြောအခြင်များပျော့ပျောင်းခြင်း၊ လှုပ်ရှားမှုများသွက်လက်ခြင်း အကျိုးကျေးဇူးတရားများကို ရရှိကြမည်ဖြစ်သည်။ မည်သည့်အကကိုမဆို စတင်မကပြမီ သွေးပူလေ့ကျင့်ခန်းအဖြစ် ကဗျာလွတ်အကနှင့် သွေးနွေး၍ရသည်။

ထိုနည်းတူစွာပင် မိမိတို့၏ ရိုးရာအနုပညာရပ်များသည် ကြိုလျှင်ကြိုသလို မျက်ရမ်းမှန်းဆစည်းလွတ်ဝါးလွတ် လုပ်ဆောင်၍မရဘဲ အဆိုပညာရပ်၌ဖြစ်စေ၊ အကပညာရပ်၌ဖြစ်စေ၊ အတီးပညာရပ်၌ဖြစ်စေ စည်းစနစ်တကျလေ့လာ၍ စည်းစနစ်တကျ ပေါင်းစပ်ဆောင်ရွက်ရကြောင်းကို သိရှိနားလည်ခွင့်ရရှိကြမည်ဖြစ်ပါသည်။

အခြားတစ်ဖက်မှလည်းအနာဂတ်တွင် စီးပွားရေးနေရာ၊ လူမှုရေးနေရာ၊ လုံခြုံရေးနေရာ၊ နိုင်ငံရေးနေရာများတစ်ခုခုမှ တိုင်းပြည်ကို မြှင့်တင်၊ ထိန်းသိမ်း၊ ကာကွယ်ကြရမည့် ယနေ့ကာလလူငယ်များသည် မြန်မာ့အစဉ်အလာယဉ်ကျေးမှုတည်းဟူသော အနုသုခုမပညာ၊ ဆိုင်ပိုပြောအနုပညာ၊ လူထုဆက်ဆံရေး၊ လူမှုဆက်ဆံရေးဆိုင်ရာယဉ်ကျေးခြင်းအနုပညာကို လေးစားယုံကြည်ကြရန် အရေးကြီးပါသည်။

အနာဂတ်လူငယ်များကိုထိန်းသိမ်းပြုစုပျိုးထောင်ပေးနေသည့် ဆရာ ဆရာမများသည် တိုင်းပြည်အတွက် လူယဉ်ကျေး၊ လူကောင်း လူတော်များ ထွက်ပေါ်လာရန် နည်းသုံးနာဖြင့် ဝန်ဆောင်မှုပေးနေကြသည့် အနန္တဂိုဏ်းဝင်ဖြစ်နေကြပါသည်။ လမ်းမှားသို့ လမ်းမပြဖို့လိုပါသည်။ ယဉ်ကျေးလိမ္မာသော မြန်မာ့အစဉ်အလာများဖြင့် လျှောက်လှမ်းလျက်လည်း တိုင်းပြည်ခေါင်းဆောင်များဖြစ်လာအောင်သွန်သင်နိုင်ပါသည်။ အမျိုးသားယဉ်ကျေးမှု၏ မဆုံးနိုင်သော အစများဟု ပြောဆိုနိုင်မည်ဖြစ်ပါသည်။

သံစဉ်တေးကဗျာမပါသော ကကြိုးစုံလင် ကဗျာလွတ်အကသည် သံစဉ်များနှင့် ပေါင်းစပ်သောအခါ ရသစုံသောအကအလင်္ကာများကို ပေးလာနိုင်ပါသည်။ ပုဂံအက၊ အပျိုတော်ယိမ်းအက၊ ရုပ်သေးအက၊ ဘီလူး၊ ဇော်ဂျီအက၊ နှစ်ပါးသွားအက၊ အိုးစည်ဒိုးပတ်အက၊ ယိမ်းအကရသအလှဖြင့် လူတို့၏ စိတ်ကိုနူးညံ့စေသော အကအနုပညာများဖြစ်လာပါသည်။

မြန်မာ့အကကိုချစ်မြတ်နိုးစွာ လေ့ကျင့်ခံစားကပြရင်း ကိုယ်နေကြော့ရှင်းလှပကျန်းမာမှုရရှိလာသောအခါ ကျောင်းသားလူငယ်တို့၏ ကျန်းမာရေး၊ ဉာဏ်ထက်မြက်ရေး၊ မြန်မာ့အနုပညာနှင့် မျိုးချစ်စိတ်ထက်သန်ရေးတို့ ရရှိလာပါလိမ့်မည်။ တိုင်းတစ်ပါးတို့ကသုံးသော သူတို့ Culture ဟုခေါ်သည့် ဆက်နွှယ်မှုစနစ်များကို ယဉ်ကျေးမှုအနုပညာဟု မှတ်ယူခြင်းမှလည်း ကာကွယ်နိုင်ကြလိမ့်မည်။

ကျန်းမာ၍ ဉာဏ်ထက်မြက်သော ကျောင်းသားလူငယ် လူရွယ်တို့၏ မာန်ဖြင့် မြန်မာ့အမျိုးသားရေးကို ကာကွယ်နိုင်မှုရေချိန်တက်လာသလို အမူအရာ၊ အပြောအဆို၊ စကားလုံးအသုံးအနှုန်းမှအစ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ - ဆွေမျိုးမိတ်သင်္ဂဟ၊ လူကြီးလူရွယ်လူငယ်၊ တပည့်တပန်း မည်သူ့ကိုမဆို လေးစားစွာပြောဆိုဆက်ဆံတတ်သောယဉ်ကျေးသည့်စရိုက်လည်း ကိန်းအောင်းလာနိုင်ပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာလူကြီး လူငယ်များ မြန်မာပီပီ မြန်မာ့အနုပညာ၊ မြန်မာ့ဓလေ့စရိုက်၊ မြန်မာ့ Culture ကို ချစ်မြတ်နိုးဂုဏ်ယူကာယဉ်ကျေးသော၊ သိမ်မွေ့သော၊ ချစ်တတ်သော လူ့အဖွဲ့အစည်းတစ်ခုဖြစ်ရန် အနုပညာဖြင့် ဖော်ဆောင်နိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။

ထို့ကြောင့် စာသင်ကျောင်းများတွင် သင်ရန် ကဗျာလွတ်ဆင့်ပွားနည်းပြသင်တန်းအမှတ်စဉ်(၁)ကို ပညာရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

အခမဲ့ပညာရေးစနစ်ဖော်ဆောင်ခြင်းသည် ကျောင်းသားတိုင်း ကျောင်းနေနိုင်ရေးအတွက် ထိရောက်သော လုပ်ငန်းစဉ်တစ်ခုဖြစ်

သတင်း-ရန်ကြီးအောင်၊ ဓာတ်ပုံ-နေလင်း(မြန်/ဆက်)

လာမည့် ဇွန် ၂ ရက်တွင် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများ ဖွင့်လှစ်ပေတော့မည်။ အဆိုပါ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၏ ကျောင်းဖွင့်ရာသီတွင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးအတွက် ကျောင်းအပ်နှံရေး သီတင်းပတ်ကို မေ ၂၅ ရက်မှ ၃၁ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိသည်။

မိမိတို့သတင်းအဖွဲ့သည် ရေတာရှည်နှင့် တောင်ငူမြို့နယ်အတွင်း ကျောင်းအပ်နှံရေး လှုပ်ရှားမှု၊ ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် သွားရောက်လေ့လာခဲ့ပြီး ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ ထိုသို့မေးမြန်းခဲ့ရာတွင် ၎င်းတို့၏ ဖြေကြားချက်များကို အောက်ပါအတိုင်းပြန်လည်ရေးသား တင်ပြလိုက်ပါသည်။

ဒေါ်ခင်မျိုးဆွေ
(အလယ်တန်းပြ ရေတာရှည် အထက-၁)

ဒီနှစ်မှာ အလယ်တန်းအဆင့်ကိုပါ အခမဲ့ပညာသင်ကြားရမှာဖြစ်တဲ့အတွက် ကျောင်းသားဦးရေပိုများလာမယ်လို့ မျှော်လင့်ရပါတယ်။ ဒီလို မျှော်မှန်းထားတဲ့အတွက် နိုင်ငံတော်ကလည်း ကျွန်မတို့ကျောင်းကို သင်ကြားဖို့နေရာ အခက်အခဲမဖြစ်အောင် အဆောက်အအုံတစ်လုံး တိုးချဲ့ချထားပေးတယ်လို့ သိရပါတယ်။ အခုလို မူလတန်းတင်မက အလယ်တန်းအဆင့်အထိပါ အခမဲ့ပညာရေးစနစ် ဆောင်ရွက်ပေးတဲ့အတွက် ပညာတတ်တွေပိုပြီး တိုးပွားလာမယ်လို့ ထင်ပါတယ်။

အရင်က ကျွန်မတို့မြို့နယ်မှာ ကျောင်းမတက်နိုင်တဲ့ကလေးတွေရှိခဲ့ပါတယ်။ ဒီကလေးတွေကို ကျောင်းတက်နိုင်အောင် တာဝန်ယူပြီး ကျောင်းထားပေးခဲ့ပါတယ်။ ဒါ့အပြင် ကျောင်းပြင်ပ ပညာရေးကိုလည်း ဖွင့်လှစ်ပေးထားတာရှိပါတယ်။ ဒါပေမယ့် ခုလိုအခမဲ့ပညာရေးစနစ်ကို ဖော်ဆောင်တာဟာ ကျောင်းသားတိုင်း ကျောင်းနေနိုင်ရေးအတွက် ပိုပြီးထိရောက်တဲ့လုပ်ငန်းစဉ်တစ်ခုလို့ မြင်မိပါတယ်။

မအိန္ဒြေဦး
(အဋ္ဌမတန်းကျောင်းသူ ရေတာရှည် အထက-၁)

အရင်က မူလတန်းကို အခမဲ့ပညာသင်ကြားရေးစနစ်ကျင့်သုံးခဲ့ရာက ဒီနှစ်မှာ အလယ်တန်းကိုပါ အခမဲ့ပညာသင်ကြားရေးစနစ် ကျင့်သုံးတဲ့အတွက် ကျွန်မတို့အလွန်ဝမ်းသာပါတယ်။ သူငယ်ချင်းတွေလည်း အများကြီး တိုးလာပါတယ်။ အဲဒီအတွက် တာဝန်ရှိသူအားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်။

ဦးအုန်းမြင့်
မြို့နယ်ပညာရေးမှူး
ရေတာရှည်မြို့နယ်

ရေတာရှည်မြို့နယ်မှာ အထက်တန်းကျောင်း ခြောက်ကျောင်း၊ အထက်တန်းကျောင်းခွဲ သုံးကျောင်း၊ အလယ်တန်းကျောင်း တစ်ကျောင်း၊ မူလတန်းကျောင်းခွဲ ၁၆ ကျောင်း၊ မူလတန်းလွန်ကျောင်း ၄၆ ကျောင်း၊ မူလတန်းကျောင်း ၁၃၁ ကျောင်း စုစုပေါင်း ၂၃၂ ကျောင်းရှိပါတယ်။ ဒီကျောင်းတွေမှာ ကျောင်းအပ်လက်ခံမယ့်စာရင်းက ကျောင်းသားစုစုပေါင်း ၃၆၃၁၁ ဦးရှိပါတယ်။ ယခု မေ ၂၇ ရက်အထိ ၂၁၆၄၆ ဦး လာရောက်ကျောင်းအပ်နှံပြီးဖြစ်တဲ့အတွက် ၆၂ ရာခိုင်နှုန်းကျော် ကျောင်းအပ်ပြီးပါပြီ။ ကျောင်းတွေရဲ့ ကျောင်းအပ်လက်ခံနေမှုကို လှည့်လည်ကြည့်ရှုရာမှာ အားလုံးအဆင်ပြေချောမွေ့စွာ ကျောင်းအပ်နေကြတာကို တွေ့ရပါတယ်။ အလယ်တန်းအဆင့်အထိ ကျောင်းအပ်ဖို့ အကုန်အကျ မရှိတော့တဲ့အတွက် မိဘတွေရဲ့ မျက်နှာလည်း ပြုံးပြုံးရွှင်ရွှင်ဖြစ်နေကြတာကို တွေ့ရပါတယ်။

ဒေါ်ဝင်းကြည်
(အလယ်တန်းပြ တောင်ငူ အထက-၁)

ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် ယခုလ ၂၅ ရက်ကနေ ၃၁ ရက်အထိ ဆောင်ရွက်နေပါတယ်။ ကျွန်မတို့အနေနဲ့ ၂၅ ရက်နေ့ကနေစပြီး ကျောင်းအပ်လက်ခံခဲ့ပါတယ်။ အဲဒီရက်မတိုင်ခင်ကနဲ့ ကျွန်မတို့ ဆရာ ဆရာမတွေအနေနဲ့ ကျောင်းအပ်လက်ခံနိုင်ဖို့အတွက် ပြင်ဆင်စရာရှိတာတွေကို ကြိုတင်ပြင်ဆင်ခဲ့ပါတယ်။ ဒီနှစ်မှာ ငါးတန်းကနေ ရှစ်တန်းအထိရှိတဲ့အလယ်တန်းအဆင့်ကျောင်းသားတွေကိုလည်း အခမဲ့ကျောင်းအပ်လက်ခံနေပါတယ်။ ကျောင်းအပ်ဖို့ ငွေကုန်ကြေးကျ မရှိတော့တဲ့အတွက် ကျောင်းသား ကျောင်းသူတွေ၊ ကျောင်းသားမိဘတွေအတွက် အင်မတန်ကို ဝမ်းသာရပါတယ်။ ကျွန်မတို့ ဆရာ ဆရာမတွေလည်း သူတို့နဲ့ထပ်တူ ကြည်နူးရပါတယ်။ အခုလာပြီး ကျောင်းအပ်ကြတော့လည်း အားလုံးပျော်ပျော်ရွှင်ရွှင် လာရောက်ကြတာကို တွေ့ရပါတယ်။ အရင်ကတော့ အလယ်တန်းအဆင့်ကို ဆက်မတက်နိုင်တော့တဲ့ ကျောင်းသားတွေ ရှိခဲ့ဖူးပါတယ်။ ကျွန်မတို့ကျောင်းက ငါးတန်းကနေ ၁၀ တန်းအထိရှိတဲ့ကျောင်းဖြစ်လို့ အခြား နယ်ကျောင်းတွေကနေ ပြောင်းလာပြီး ကျောင်းမအပ်နိုင်တဲ့သူတွေ၊ ကျောင်းဆက်မတက်နိုင်တဲ့သူတွေရှိရင် ကျောင်းအုပ်ကြီးရဲ့ စီစဉ်မှုနဲ့ ဆရာ ဆရာမတွေ ပူးပေါင်းကူညီပေးခဲ့ကြပါတယ်။ အတန်းစဉ်အလိုက် အလှူခံ၊ ဆရာ ဆရာမတွေက ဝိုင်းဝန်းပံ့ပိုးပြီး ကျောင်းတက်နိုင်အောင် ကူညီပေးခဲ့တာမျိုးတွေ ရှိခဲ့ပါတယ်။ အခုတော့ ဒီလိုမျိုးဖြစ်တယ်လို့ မကြားရတော့ပါဘူး။

ဒေါ်မြမြခက်
(ကျောင်းသားမိဘ ရေဖြူကင်းရွာ အုတ်တွင်းမြို့နယ်)

ကျွန်မကတော့ ဒီအထက(၁) တောင်ငူမှာ ကျောင်းတက်မယ့် သတ္တမတန်းကျောင်းသူရဲ့ မိဘပါ။ အရင်က မူလွန်ကျောင်းကနေ ဒီကျောင်းကို ပြောင်းလာတာပါ။ အခု အလယ်တန်းအဆင့်အထိ အလကားအပ်ရတဲ့အတွက် ကျောင်းသားမိဘတွေအားလုံးက နိုင်ငံတော်ကို ကျေးဇူးတင်နေကြပါတယ်။ အရင်က ကျောင်းသားမိဘတွေ အနေနဲ့ ကျောင်းအပ်ဖို့အရေးအတွက် အများကြီး အခက်အခဲတွေကြုံတွေ့ခဲ့ရပါတယ်။ အခုတော့ အခမဲ့ဆိုတော့ အကုန်လုံးအဆင်ပြေသွားပါတယ်။

ဦးတင်အောင်
(မြို့နယ်ပညာရေးမှူး၊ တောင်ငူမြို့နယ်)

ကျွန်တော်တို့မြို့နယ်မှာတော့ ကလေးတွေ ကျောင်းနေနိုင်ရေးအတွက် ဌာနဆိုင်ရာတွေ၊ လူမှုရေးအဖွဲ့အစည်းတွေနဲ့ အလှူရှင်တွေက အားတက်သရော ဝိုင်းဝန်းပံ့ပိုးလှူဒါန်းခဲ့ကြပါတယ်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဗလာစာအုပ်ဒါဇင်ပေါင်း ၁၄၄၁၀၊ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ မြို့မိမြို့ဖတွေက အလှူငွေတွေ လှူဒါန်းခဲ့ကြပါတယ်။ ဒါ့အပြင် သီတာရုံကျောင်းဆရာတော် ဦးပါရဂူက ကံကြီးကျေးရွာမှာရှိတဲ့ ကိုယ့်အားကိုယ်ကိုးကျောင်းအတွက် ငွေကျပ် ၂၁၆ သိန်းတန် တစ်ထပ်အုတ်ညှပ်ကျောင်းဆောင် တစ်ဆောင်၊ အလှူရှင် ဦးမျိုးအောင်ဇင်က အနောက်အင်ဒိုင်းမူလွန်ကျောင်းအတွက် ငွေကျပ် ၁၂၄ သိန်းတန် ကျောင်းဆောင်တစ်ဆောင်၊ အလှူရှင်ဦးရဲဝင်းက ကောင်းမှုတော်အမကကျောင်းနဲ့ ဥဿျစ်ကုန်းအမကကျောင်းတို့အတွက် ငွေကျပ် ၄၃၂ သိန်းကုန်ကျမယ့်တစ်ထပ်အုတ်ညှပ်ဆောင် တစ်ဆောင်စီတို့ကို ဆောက်လုပ်လှူဒါန်းခဲ့ကြပါတယ်။ ဒီလိုလှူဒါန်းကြသူတွေကို ကျောင်းသားမိဘတွေ၊ ကျောင်းသား ကျောင်းသူတွေကိုယ်စား ကျေးဇူးတင်မိပါတယ်။ နိုင်ငံတော်ကလည်း အခမဲ့ပညာရေးစနစ်ဖော်ဆောင်ပေးချိန်မှာ အခုလို ဝိုင်းဝန်းပံ့ပိုးမှုတွေကြောင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။

မကေသီ
(မိုးကောင်းကျေးရွာ၊ တောင်ငူမြို့နယ်)

ကျွန်မမှာ ကလေးလေးယောက်ရှိပြီး ကျောင်းသားက သုံးယောက်ပါ။ အရင်က ကျောင်းဖွင့်ခါနီးဆိုရင် ကျောင်းအပ်ဖို့ ပိုက်ဆံရှာရလို့ တော်တော်ကသီပါတယ်။ ခုတော့ ပိုက်ဆံမလိုတော့လို့ မပူရတော့ပါဘူး။ ခုနစ်တန်းကလေးအတွက် ကျောင်းအပ်ခ မပေးရပါဘူး။ ပြဋ္ဌာန်းစာအုပ်တွေလည်း အလကားရပါတယ်။ နှစ်တန်းတက်မယ့် ကလေး နှစ်ယောက်ကျတော့ ကျောင်းအပ်ခ မပေးရတဲ့အပြင် ကျောင်းသုံးစာအုပ်တွေနဲ့ ဗလာစာအုပ်ခြောက်အုပ်စီ အလကားရပါတယ်။ ဒါ့အပြင် တစ်ဦးကို ပိုက်ဆံ ၁၀၀၀ စီလည်းရပါသေးတယ်။ ကျွန်မတို့လိုမိဘတွေ ရင်မမောရတော့ပါဘူး။ ။

ဦးတင်အောင်

ဒေါ်ခင်မျိုးဆွေ

မအိန္ဒြေဦး

အထက-၁ တောင်ငူတွင် လာရောက်ကျောင်းအပ်နှံနေကြစဉ်။

❐ ကျောင်းအပ်နှံရေးမှ

ကျောင်းအပ်နှံရေးအထိမ်းအမှတ်နှင့် ပညာရေးနှင့် ပတ်သက်သောအရာများကို လည်းကောင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခွန်သန်းထူးက ပညာရေးဆိုင်ရာလုပ်ငန်းများကို ပအိုဝ်းဘာသာဖြင့်လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှသိန်းက ကျောင်းစာရေးခုံ ၁၂၅ စုံကို လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူးက လက်ခံရယူပြီး အလက မွေတော်ကျောင်းပညာရေးငွေပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀ ကို လွယ်ပွတ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇေယျက ပေးအပ်လှူဒါန်းရာ အလက မွေတော်ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူပြီး ကျေးရွာရပ်မိရပ်ဖများကိုယ်စား ဦးကျော်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

◆ **စာမျက်နှာ ၆ မှ**

ကျွန်တော်တို့နိုင်ငံက ပြည်လုံးကျွတ်သန်းခေါင်စာရင်းမကောက်ဖြစ်တာ နှစ်ပေါင်း (၃၀)ကြာပြီဆိုတော့ အတွေ့အကြုံတော်တော်ကိုနည်းပါးခဲ့သည်။ ယခင်လူဦးရေထက် နှစ်ဆနီးပါးဖြစ်နေချိန်တွင် ယခုက ခေတ်မီစက်များ၊ နည်းပညာများအသုံးပြု၍သာ တော်တော့သည်။ ကျွန်တော့်အတွေးက စာရင်းကောက်ပြီးလျှင် ပြီးသွားပြီထင်ထားသည်။ နောက်ဆက်တွဲအဆင့်တွေကို သတိမထားမိ။ ဌာနတွင်းလုပ်ဆောင်မှုများက ကျန်နေသေးသည်။ လူဝင်မှုကြီးကြပ်ရေးဝန်ထမ်းများ လုပ်ငန်းစကတည်းက မအားနိုင်တာ ယခုလည်း နေ့မအားညမအားပင်ပန်းကြပေဦးမည်။ နိုင်ငံအတွက်ဆောင်ရွက်မှုအပေါ် လေးစားဂုဏ်ယူရင်း မုဒိတာပွားမိသည်။

ရေနွေးကြမ်းကိုဇိမ်ခံသောက်ရင်းမှ သတင်းစာရှင်းလင်းပွဲသတင်းကို အပြန်ပြန်အလှန်လှန်ဖတ်ရင်း သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ကျွန်တော်စိတ်ဝင်စားမိပြီး ရုပ်မြင်သံကြားသတင်းစာပါ လှုပ်ရှားမှုများနှင့် ရပ်ကွက်အတွင်း စကားလက်ဆုံကျစဉ် မေးမြန်းသိရှိမှုများကို တွေးတောပုံဖော်ကြည့်မိသည်။ လုပ်ငန်းတစ်ဆင့်ချင်းက ယခု သတင်းစာပါ အချက်အလက်များအတိုင်း အစဉ်လိုက်ဖြစ်ပေါ်တိုးတက်နေသည်ကို တွေ့ရသည်။ အမြင်မှန်၍ အမှန်မြင်ခြင်းပင်။ လုပ်ငန်းများဆောင်ရွက်နေချိန်တွင် အပြုသဘောမဆောင်သည့် ကောလာဟလများကလည်း အမျိုးမျိုးကြားနေရသည်။ သန်းခေါင်စာရင်းမေးခွန်းများအပေါ် အမျိုးမျိုးဝေဖန်ထိုးနှက်ကြသည်။ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ပြောပြသည့် စကားတစ်ခုကိုသတိရမိသည်။ "ဟိုလိုလုပ်ပါလား၊ ဒီလိုလုပ်ပါလားဟေ့၊ ငါလည်းမလုပ်တတ်ဘူး"တဲ့။ အားလုံးအကျိုးအတွက်ဆောင်ရွက်သည့် လုပ်ငန်းပေါ် အပြုသဘောဆောင်သည့် အကြံဉာဏ်များကို ကြိုဆိုလက်ခံနိုင်မည်သာဖြစ်သည်။

သန်းခေါင်စာရင်းလုပ်ငန်းစဉ်သည် ကြီးမားကျယ်ပြန့်ခက်ခဲနက်နဲသည်။ နိုင်ငံတိုင်းကောက်ကြသော်လည်း ၁၀ နှစ် တစ်ကြိမ်သာကောက်ကြသည်။ အဓိကရည်ရွယ်ချက်မှာ နိုင်ငံဖွံ့ဖြိုးရေးစီမံကိန်းများအတွက် လိုအပ်သည့်လူဦးရေနှင့် ကိန်းဂဏန်းအချက်အလက်များ ရရှိစေရန်ပင်။ အတိုချုပ်ပြောရလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သည့်လုပ်ငန်း၊ အားလုံးပူးပေါင်းပါဝင်မှ အောင်မြင်မည့်လုပ်ငန်းဖြစ်သည်။ ယခုကောက်ယူမှုသည် လုပ်ငန်းစီမံချက်ချမှတ်၍ ဖွဲ့စည်းဆောင်ရွက်မှုက ထိရောက်သည်။ စီမံချက်အတိုင်း အကောင်အထည်ဖော်မှုကလည်း အောင်မြင်သည်။ လူထုအသိပညာပေးလှုံ့ဆော်မှုကလည်း ဘက်ပေါင်းစုံအောင်မြင်ခဲ့သဖြင့် ပြည်သူအားလုံးနားလည်သဘောပေါက်သည်။ လုပ်ငန်းစဉ်ကိုသိရှိပြီး ပူးပေါင်းပါဝင်ကြသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးလိုလိုက ချန်ခဲ့ရမည့်ကျန်ရစ်သင့်သည့် လုပ်ငန်းစဉ်မဟုတ်ဟုခံယူကာ ပြည်သူများက တစ်ခဲနက် လက်တွဲပူးပေါင်းကူညီဆောင်ရွက်ကြသည်။ တစ်နိုင်ငံလုံး၊ တစ်ပြည်လုံး၊ အားလုံး ပူးပေါင်းပါဝင်သည်ပေါ့။ သည်တော့ ဤလုပ်ငန်းစဉ်ကြီးအခက်အခဲပေါင်းများစွာကို ကျော်လွှားရင်း အောင်မြင်မှုကို လက်ဝယ်ပိုင်ပိုင်ရရှိသည်ပေါ့။ နိုင်ငံနှင့်ပြည်သူအတွက် အမျိုးသားရေးလုပ်ငန်းစဉ်တစ်ရပ်အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းပင်။ ဒီမိုကရေစီနိုင်ငံတော်အဖြစ် သိမ်မွေ့ညင်သာစွာကူးပြောင်းနိုင်ခဲ့သည့် နိုင်ငံတော်အစိုးရသစ်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်မှုများက အံ့မခန်းပင်။ ယခုလည်း ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို တစ်နိုင်ငံလုံးလွှမ်းခြုံ၍ အောင်အောင်မြင်မြင်ကောက်ယူပြီးစီးပြီ။ စာရင်းပြုစုထုတ်ပြန်ဖို့သာကျန်တော့သည်။ လက်ကျန်ရေနွေးကြမ်းကို တစ်ကျိုက်တည်းမော့သောက်လိုက်ရင်း ကျွန်တော်ကျေကျေနပ်နပ်ကြီးပြုံးလိုက်မိသည်။ ပမာဏကြီးမားကျယ်ပြန့်ခက်ခဲနက်နဲသည့် လုပ်ငန်းစဉ်ကြီးအောင်မြင်စွာဆောင်ရွက်နိုင်ခြင်းမှာ ပြည်သူအားလုံးစည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်မှုကြောင့်ဖြစ်ပြီး အားလုံးပါဝင်မှု၏ အောင်ပွဲအဖြစ် ချီးကျူးဂုဏ်ပြုပါသည်။ လုပ်ငန်းစဉ်မှာ ပါဝင်ဆောင်ရွက်သူအားလုံးကိုလည်း ပြည်သူတစ်ယောက်အနေဖြင့် ဦးညွှတ်အလေးပြုပါကြောင်း မုဒိတာပွားရေးသားမှတ်တမ်းတင်အပ်ပါသည်။ ။

နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုသာ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများ လာရောက်ကြမည်

နေပြည်တော် မေ ၂၉

ရခိုင်ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးရန် စစ်တွေမြို့တွင် ရောက်ရှိနေသည့် ရခိုင်ပြည်နယ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးအောင်သန်းတင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၈ ရက် နံနက်ပိုင်းတွင် စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ပုဏ္ဏားကျွန်း စက်မှုဇုန်စီမံကိန်းမြေ နေရာသို့ရောက်ရှိပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းပေါ်ထွန်းလာစေရေး၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် စက်မှုဇုန်စီမံကိန်းကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဓိကလိုအပ်သည့် လျှပ်စစ်အတွက် မဟာဓာတ်အားလိုင်းကို ဒီဇင်ဘာလအတွင်း သွယ်တန်းပေးနိုင်မည်ဟု သိရှိရကြောင်း၊ ယင်းစက်မှုဇုန်မြေဧရိယာသည် ၁၈၃၃ ဧကခန့်ရှိပြီး ရန်ကုန်-စစ်တွေကားလမ်းမကြီး၏ အရှေ့ဘက်တွင် တည်ရှိကာ ကုလားတန်မြစ်ကြောင်းမှ ဆိပ်ကမ်း သုံးခုတည်ဆောက်ရန် လျာထားသဖြင့် အလားအလာ ကောင်းမွန်သော နေရာတစ်ခု ဖြစ်ပါကြောင်း၊ Infrastructure များ တည်ဆောက်ပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိပါဝင်လာစေရေး ဖိတ်ခေါ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပုဏ္ဏားကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ အထောက်အကူပြုကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သော အရေးအခင်းကြောင့် ကယ်ဆယ်ရေးစခန်းများရှိပြည်သူများအတွက် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးများ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ရခိုင်ပြည်နယ် ကယ်ဆယ်ရေးစခန်းများအတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ရေရရှိရေး စသည်တို့ကို ဘက်စုံပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နှစ်က မိမိတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် နိုင်ငံတော်မှ ကျပ်သိန်းပေါင်း ၁၆၀၀၀ ကျော်ဖိုး ကျခံသုံးစွဲခဲ့ပါကြောင်း၊ ယခုနှစ်တွင်လည်း ကျပ်သိန်းပေါင်း ၁၁၀၀၀ ကျော်ဖိုး ကျခံသုံးစွဲရန်လျာထားပြီး ဖြစ်ပါ၍ နိုင်ငံတော်အစိုးရ၏ စေတနာကို သိမြင်နိုင်မှာ ဖြစ်ပါကြောင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ငြိမ်မှုနှင့် အေးချမ်းမှုရှိရန်အရေးကြီးကြောင်း၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုသာ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများ လာရောက်ကြမည်ဖြစ်ရာ တည်ငြိမ်အေးချမ်းမှုကိုပြသပြီး ပုဏ္ဏားကျွန်းစက်မှုဇုန်ကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေး ဝိုင်းဝန်းကြိုးစားကြရန် လိုအပ်ကြောင်း ပြောကြားသည်။ ထို့နောက် ရခိုင်ပြည်နယ် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးအောင်သန်းတင်က ပြည်နယ်အစိုးရ၏ ဆောင်ရွက်မှုအခြေအနေများအား ဆွေးနွေးတင်ပြသည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တက်ရောက်လာကြသည့် မြို့မိမြို့ဖများက လိုအပ်ချက်များအား တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပုဏ္ဏားကျွန်းမြို့နယ်အတွင်း သွယ်တန်းထားသည့် ရေပိုက်များ ပြန်လည်ပြုပြင်ရန်အတွက် ငွေကျပ် ၁၅ သိန်းကို ပေးအပ်လှူဒါန်းခဲ့သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ကျောက်တော်မြို့နယ် အပေါက်ဝ (ဘင်္ဂါလီ) ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိပြီး နိုင်ငံတော်မှ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားကာ ဒေသခံများအား စက်မှုဝန်ကြီးဌာန ထုတ်ကုန်များဖြစ်သော လုံချည်(ကျား/မ)၊ အင်္ကျီ၊ ခြင်ထောင်၊ စောင်၊ စွပ်ကျယ်နှင့် အပ်ချုပ်စက် စသည့် တန်ဖိုးကျပ်သိန်း ၂၀ ဖိုးခန့်ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ဒေသခံများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောက်တော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ ဦးတည်လျှောက်လှမ်းနေမှုများကိုလည်းကောင်း၊ နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုအပါအဝင် ဘက်စုံပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့မှုနှင့် ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ရခိုင်ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအနေဖြင့် ရခိုင်ပြည်နယ်ရှိ ကယ်ဆယ်ရေးစခန်းများအတွက် ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများ၏ တင်ပြချက်များအပေါ် ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးကာ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ် ၁၀ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျောက်တော်မဟာမုနိဘုရားကို ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြောက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ ကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိနေသူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည့် လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ရင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်လာရောက်ခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်နိုင်ရေး အရင်းအမြစ်များစွာ ရှိနေပါကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် အကျယ်တဝင့် လမ်းညွှန်မှာကြားပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးကာ မြို့တွင်းလမ်းများ ပြုပြင်ရန်အတွက် ငွေကျပ် ၁၀သိန်းနှင့် မင်္ဂလာမာန်အောင်တံတားပြုပြင်ရန်အတွက် ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းခဲ့သည်။ ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် သျှစ်သောင်းဘုရားကြီးကို ဖူးမြော်ကြည်ညိုပြီး အလှူငွေများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဒဂုံမြို့နယ် အလုံလမ်းရှိ Yangon International Hotel မှ MD Mr.Onodara က ငွေကျပ် သိန်း ၅၀ ကို ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ ပေးအပ်လှူဒါန်းရာ နာယက ဗိုလ်မှူးချုပ်အေဘယ်လ်(ငြိမ်း) လက်ခံယူစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ
သတင်းကြေညာချက်

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၂ ရက်
၂၀၁၄ ခုနှစ်၊ မေလ ၃၀ ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ သည် ၂၀၁၄ ခုနှစ်၊ (၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမနှင့် မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်တို့တွင် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်မှ ဇူလိုင်လ ၆ ရက်ထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၁၄ ခုနှစ်၊ မေလ ၁၉ ရက်မှ ဇွန်လ ၁၁ ရက်ထိ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်း။ ရောင်းချပွဲကျင်းပမည့်နေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာပြပွဲသို့ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာ အချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ သက်တမ်းရှိ ဂျီတီစီ (GTC)လိုင်စင်ရယူထားသူများနှင့် ကျောက်မျက်ရတနာ ကုမ္ပဏီမှတ်ပုံတင်ရရှိပြီးသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်အသင်းဝင် နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပြီး မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်နှင့်လိုင်စင်ရယူထားသူများကို ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။ ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူလိုသော နိုင်ငံသားရတနာကုန်သည်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများပေးသွင်းရမည်ဖြစ်ပါသည်။

၄။ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂ ရက်မှ ၁၃ ရက်ထိ ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းရုံးများတွင် ဖွင့်လှစ်ထားသော စီမံရေးရာလုပ်ငန်းကော်မတီရုံးခွဲများတွင် ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူလိုသော ပြည်တွင်းရတနာကုန်သည်များကိုလည်းကောင်း၊ ဇွန်လ ၁၆ ရက်မှ ၂၅ ရက်ထိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ရုံးချုပ်(နေပြည်တော်)တွင် ဖွင့်လှစ်ထားသောစီမံရေးရာလုပ်ငန်းကော်မတီရုံးတွင် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များများကိုလည်းကောင်း ပြပွဲတက်ရောက်ဝယ်ယူခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ သတ္တုတွင်းဝန်ကြီးဌာန Website www.mining.gov.mm နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း www.mge.gov.mm တွင် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ မှတ်ပုံတင်ရာ၌ ဖြည့်သွင်းရမည့်ပုံစံများကို Download ရယူနိုင်ပါ သည်။ On-line မှတစ်ဆင့် လျှောက်ထားလိုပါက Website www.mge.gov.mm on-line Pre-Registration System တွင် ကြိုတင်မှတ်ပုံတင်၍ ပြပွဲတက်ရောက်ခွင့်ကိစ္စရပ်များ ဆောင်ရွက်နိုင်ပါသည်။

၅။ ၂၀၁၄ ခုနှစ်၊ (၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ဝယ်ယူခွင့် ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များတွင် ဖွင့်လှစ်ထားရှိသော စီမံရေးရာလုပ်ငန်းကော်မတီရုံးနှင့် ရုံးခွဲများတွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)နှင့် ရန်ကုန်မြို့တွင် ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အောက်ဖော်ပြပါ နေရာများတွင် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန်အတွက် ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့် တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)တွင် ၇၂ ပေ × ၃၅ ပေ×၁၀ ပေ RC(၄)ခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာ (၁)လုံး

(ခ) အမှတ်(၅၀)၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ၅၆ ပေ × ၄၅ ပေ၊ ၁၀ ပေ RC(၄)ခန်းတွဲ သုံးထပ်ဝန်ထမ်းအိမ်ရာ (၁)လုံး

၂။ ပြင်ပလုပ်ငန်းရှင်များသည် အိတ်ဖွင့်တင်ဒါများကို သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သတ်မှတ်ထားသော ပုံစံများအတိုင်း တင်သွင်းရမည်။ ပုံစံများကို (၂-၆-၂၀၁၄)ရက်မှ (၂၀-၆-၂၀၁၄)ရက်အတွင်း ဝယ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို (၂၀-၆-၂၀၁၄)ရက်နေ့ ညနေ (၁၆း၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို (၁)စောင်လျှင် (၁၀၀၀၀)နှုန်းနှင့် ရောင်းချမည်ဖြစ်ပြီး အသေးစိတ် အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	တင်ဒါတင်သွင်းရန်လိပ်စာ
တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့	အတွင်းရေးမှူး၊အဆောက်အအုံများဆောက်လုပ်ခြင်း၊
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း	ရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်းကော်မတီ၊
ရုံးအမှတ်(၇)နေပြည်တော်	ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၄၁၂၁၂၈၊ ၀၂-၇၃၂၁၉	ဖုန်း-၀၆၇-၄၁၂၃၂၇

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အထက (၂)၊ အောင်ဆန်းသူရိယလှသောင်းကျောင်း စတုတ္ထတန်း(က)မှ မဆုရွှန်းလဲ့ဦး၏ဖခင်အမည်မှန်မှာ ဦးသန့်ဇော်ဦး[၁၂/မဂဒ(နိုင်)၀၃၈၇၀၆]ဖြစ်ပါသည်။

လူပျောက်

သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းတွင် တာဝန်ထမ်းဆောင်နေသည့် ဦးထက်လင်းဖြိုး(ဗိုလ်မှူး-ငြိမ်း)ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး(စီမံ)သည် ၎င်းတို့မိသားစုနေထိုင်သည့် ခရေတိုက်(၆၇)၊ ပညာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်မှ ၁၉-၅-၂၀၁၄ ရက် နံနက်တွင် တစ်ဦးတည်းလမ်းလျှောက်ထွက်သွားရာမှ ပြန်မလာဘဲပျောက်ဆုံးနေပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ မိသားစုများစိတ်ပူနေသည်။ အမြန်ဆက်သွယ်ပါရန်။

ဆက်သွယ်ရန်ဖုန်း-၀၉-၄၉၂၀၃၄၅၆၊ ၀၉-၅၁၈၉၈၄၀၊ ၀၉-၄၉၂၀၀၃၁၄

ပျူရှေးမြို့ဟောင်းများ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ်သတ်မှတ်ရေး ဆွေးနွေး

နေပြည်တော် မေ ၂၉

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်သည် ပြင်သစ်နိုင်ငံ ယဉ်ကျေးမှုနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး Ms. Aurelis Fillippeti ၏ ဖိတ်ကြားချက်အရ ပါရီမြို့သို့ သွားရောက်ခဲ့ပြီး မြန်မာနိုင်ငံနှင့် ပြင်သစ်နိုင်ငံ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုအမွေအနှစ် ပူးပေါင်းဆောင်ရွက်ရေး စီမံခန့်ခွဲမှုဆိုင်ရာ သဘောတူစာချုပ်ကို ပြင်သစ်နိုင်ငံ ယဉ်ကျေးမှုနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးနှင့် မြန်မာနိုင်ငံမှ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ လက်မှတ်ရေးထိုးကြသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ပါရီမြို့ ယူနက်စကိုဌာနချုပ်ရုံးရှိ ယူနက်စကိုညွှန်ကြားရေးမှူးချုပ် Ms. Irina Bokova နှင့် တွေ့ဆုံပြီး ကမ္ဘာ့အမွေအနှစ်စာရင်း သတ်မှတ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် ပျူရှေးမြို့ဟောင်းများနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခဲ့သည်။ ယခုကာလတွင် မြန်မာနိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍအသီးသီးတို့တွင် ပိုမိုလွတ်လပ်ပွင့်လင်းပြောင်းလဲလာခြင်းနှင့်အတူ ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်လာခြင်းကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ယူနက်စကိုအပါအဝင် အီတလီနိုင်ငံ၏ ကူညီမှုအစီအစဉ်တို့ဖြင့် ပျူရှေးမြို့ဟောင်းများအပါအဝင် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်မှုလုပ်ငန်းတို့ကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပျူရှေးမြို့ဟောင်းများရှိ ဒေသခံပြည်သူများပါဝင်သည့် ပျူရှေးမြို့ဟောင်းများကာကွယ်ထိန်းသိမ်းရေးအဖွဲ့တို့ကို ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရှေ့တောင်အာရှဒေသ၏ အထင်ကရဖြစ်ပြီး အရေးပါသည့် ပျူရှေးမြို့ဟောင်းများသည် ခေတ်ကာလကြာမြင့်ခဲ့သည်နှင့်အမျှ ကြံ့ခိုင်မှုအားနည်းပြီး ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် အရေးပေါ်ထိန်းသိမ်းရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ပါက ယူနက်စကိုအပါအဝင် နိုင်ငံတကာအထောက်အပံ့ဖြင့် သုတေသနလုပ်ငန်းများ၊ ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်မပြတ်ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူလူထု၏ မျှော်လင့်ချက်၊ မျှော်မှန်းချက်တို့ကို ကျေနပ်နှစ်သက်စေနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးခဲ့သည်။

ပျူရှေးမြို့ဟောင်းများ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ရေးနှင့် ပတ်သက်၍ ကမ္ဘာ့အမွေအနှစ်ဗဟိုဌာန ညွှန်ကြားရေးမှူးနှင့် သီးခြားထပ်မံတွေ့ဆုံကာ စစ်ဆေးအကြံပေးအဖွဲ့၏ဆန်းစစ်ချက်များအပေါ် ညှိနှိုင်းဆွေးနွေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပြင်သစ်နိုင်ငံ ပါရီမြို့၌ အခြေချရုံးစိုက်ဆောင်ရွက်လျက်ရှိသော ယူနက်စကိုဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်၊ ကမ္ဘာ့အမွေအနှစ်ကော်မတီဝင် သံအမတ်ကြီး ၂၁ ဦးကို ဖိတ်ကြား၍ မြန်မာနိုင်ငံမှ ပျူရှေးမြို့ဟောင်းများ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ရေးအတွက် ပျူရှေးမြို့ဟောင်းများနှင့် သက်ဆိုင်သည့် အချက်အလက် အခြေအနေတို့ကို အသေးစိတ်ရှင်းလင်းညှိနှိုင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ပြင်သစ်နိုင်ငံ ပါရီမြို့၌ အခြေချရုံးစိုက်ဆောင်ရွက်လျက်ရှိသော ကမ္ဘာ့အမွေအနှစ်ကော်မတီဝင်၏ အကြံပေးအဖွဲ့ဖြစ်သော နိုင်ငံတကာ အဆောက်အအုံနှင့် နေရာဒေသများကောင်စီ (ICOMOS)မှ တာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံကာ လက်ရှိပျူမြို့ဟောင်း ကာကွယ်ထိန်းသိမ်းမှုဆိုင်ရာ လုပ်ငန်းများ၊ ယဉ်ကျေးမှုအမွေအနှစ်များ စီမံခန့်ခွဲမှုအစီအစဉ်နှင့် နိုင်ငံတော်အကြီးအကဲမှ ပျူရှေးမြို့ဟောင်းများအပါအဝင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လုပ်ငန်းမူဝါဒနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်မောင်း စက်ပြင်သင်တန်းများ စနစ်တကျပို့ချ

ရန်ကုန် မေ ၂၉

ယနေ့ကာလ ယာဉ်အန္တရာယ်များပြားလျက်ရှိသောအချိန်တွင် အဓိကဖြစ်ပွားရသည့် အကြောင်းရင်းများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နားမလည်ခြင်း၊ ယာဉ်မောင်းကျွမ်းကျင်မှုမရှိခြင်း၊ မိမိယာဉ်နှင့် စက်ကို ကောင်းစွာနားမလည်ခြင်း စသည့်အကြောင်းများကြောင့် ယာဉ်အန္တရာယ်များ ဖြစ်ပေါ်နေသည်ကို တွေ့ရှိနေရကြောင်း ပြည်သူများထံမှ ကြားသိရသည်။

ထို့ကြောင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး (ရုံးချုပ်)မှ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စိတ်ပါဝင်စားသူများအား မော်တော်ယာဉ်ဖွဲ့စည်းတည်ဆောက်ပုံ၊ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှု၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိရာ ပြီးခဲ့သည့်ရက်သတ္တပတ်က စစ်ကိုင်းတိုင်းဒေသကြီး ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(ရွှေဘို)တွင် အခြေခံယာဉ်မောင်းသင်တန်းနှင့် ပြင်ဆင်ထိန်းသိမ်းမှုသင်တန်း အမှတ်စဉ်(၁)ကို ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ သင်တန်းတွင် ရွှေဘိုခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးကြီးအုန်းလှိုင် **(အငြိမ်းစား)** က အမှာစကားပြောကြားခဲ့ပြီး ကုန်းလမ်းပို့ဆောင်ရေး (ရုံးချုပ်) နေပြည်တော်မှ ဒုတိယအင်ဂျင်နီယာချုပ် ဦးခင်မောင်မြင့်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (ရွှေဘို)မှ ဌာနခွဲမှူး ဦးသောင်းနိုင်ဝင်းက ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် သင်တန်းသား သင်တန်းသူများအား ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး ဒုတိယ အင်ဂျင်နီယာချုပ်(ငြိမ်း) ဦးစိုးလှိုင်က ဘာသာရပ်ဆိုင်ရာများကို သင်ကြားပို့ချပေးခဲ့သည်။

အခြေခံ ယာဉ်မောင်းသင်တန်းနှင့် ယာဉ်ပြင်ဆင်ထိန်းသိမ်းမှုသင်တန်းကို လစဉ်ပုံမှန်ဖွင့်လှစ်ပေးနေကြောင်း သိရပြီး ဇွန်လဆန်းပိုင်းတွင်လည်း သင်တန်းအမှတ်စဉ် (၂)ကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ရာ ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာလိုသူများနှင့် စိတ်ပါဝင်စားသူများ ဖုန်း-၀၇၅-၂၁၀၆၇ သို့ စုံစမ်းမေးမြန်း ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ရထား)

ဖမ်းဆီးအရေးယူမှ စည်းကမ်းရှိသည်ထက် အသိတရားနှင့်ဆင်ခြင်ကာ ယာဉ်မောင်းတိုင်း စည်းကမ်းရှိစေချင်

ပဲခူး မေ ၂၉

ပဲခူးမြို့တွင်း ယာဉ်စည်းကမ်း လမ်းစည်းကမ်းများ မြို့အင်္ဂါရပ်နှင့်အညီ လိုက်နာမှုရှိစေရန်၊ လမ်းဆုံတိုင်းတွင် မီးပွိုင့်များတပ်ဆင်ထားခြင်း၊ ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ပူးပေါင်းအဖွဲ့တို့မှ ရှောင်တခင် နေ့စဉ်ဖမ်းဆီး အရေးယူနေခြင်းတို့ ဆောင်ရွက်နေသော်လည်း ယာဉ်ကြီး၊ ယာဉ်ငယ်၊ တုတ်တုတ်(ခ) သုံးဘီးဆိုင်ကယ်၊ ခွေးဘီလူး(ခ) မြို့တွင်းပြေး ယာဉ်ငယ်များနှင့် ဆိုင်ကယ်ကယ်ရီတို့မှာ ကြုံသလိုရပ်တင်ရပ်ချ စည်းကမ်းမဲ့ ပြုလုပ်နေခြင်း၊ မီးပွိုင့်များ၌ မီးနီနေသော်လည်း လစ်ရင်လစ်သလို အန္တရာယ်ကိုမကြည့်ဘဲ ဖြတ်သန်းနေကြခြင်းတို့သည် ၎င်းတို့၏ အသိတရား ဆင်ခြင်မှုနည်းခြင်းကြောင့် ယာဉ်အန္တရာယ်များ မကြာခဏဖြစ်ပေါ်နေသည့်အတွက် ဖမ်းဆီးအရေးယူမှ စည်းကမ်းရှိသည်ထက် မိမိတို့ကိုယ်တိုင် အသိတရားနှင့်ဆင်ခြင်မှုရှိ၍ စည်းကမ်းရှိသည်က တန်ဖိုးရှိသည့် စည်းကမ်းဖြစ်ပြီး အားလုံးသော ယာဉ်မောင်းတိုင်းက မိမိတို့၏ အသိတရားဖြင့် စည်းကမ်းရှိစွာ ဆင်ခြင်မောင်းနှင်ကြစေရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

(၅၈၇)

အခွန်ဆိုင်ရာဥပဒေ ပြင်ဆင်ပြဋ္ဌာန်းချက်ရှင်းလင်း

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ အင်းစိန်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးပိုင်စိုးက တည်ဆဲအခွန်ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို ပြင်ဆင်ပြဋ္ဌာန်းချက်များနှင့် ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆက်စပ်ပတ်သက်သည့်ဌာနများဖြစ်သော မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာ၊ မြို့နယ်စာရင်းစစ်ဌာနများနှင့် အခွန်ထမ်းပြည်သူများအား ပြီးခဲ့သည့် ရက်သတ္တပတ်က ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

❒

ပျောက်ဆုံး

ကျွန်မ မဖြိုးပြည့်စုံဝင်း[၁၂/တမန(နိုင်)၁၁၁၆၉၀]၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၅၂၆၃၈၊ ၀၉-၄၂၀၀၁၂၈၉၃

အမည်ပြောင်း

ဦးကိုကိုလှိုင်မွှန်း၏သား ညောင်တုန်းမြို့ အထက(၂) ပထမတန်းမှ မောင်မင်းဟိဏ်းခန့်အား မောင်မင်းခန့်လှိုင်မွှန်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်မင်းခန့်လှိုင်မွှန်း



မေ့မရတဲ့ ရွှေဘ

ကာတွန်း ဖေစန်း

ယမန်နေ့မှအဆက်»»

အဲဒီအချိန်မှာ လူများလို့စားပွဲနှစ်လုံးဆက်ပြီးပြင်ဆင်ထားတဲ့ နာမည်ကြီးမားလွန်းလှတဲ့ အဲဒီခေတ်ကာလက အင်းလျားကန်ဟိုတယ်ကြီးက တည်ခင်းဧည့်ခံကျွေးမွေးတဲ့ အကောင်းစားအစားအစာတွေ ဘာတွေမှန်းမသိတဲ့အထိ ဂရုမပြုမိတော့ဘဲ ပြည်တော်ချစ်မင်းသားကြီး ရွှေဘနဲ့ မကွယ်လွန်မီက နောက်ဆုံးတွေ့ဆုံခဲ့ကြတဲ့ တစ်သက်တာ မေ့မရတဲ့ ဖြစ်ရပ်လေးတွေကိုသာ ပြန်ပြောင်းတွေးတောငေးမောနေမိပါတော့တယ်။

အဲဒီအချိန်တုန်းက စာရေးသူက ရန်ကုန်တက္ကသိုလ်နယ်မြေ တိတိကျကျပြောရရင် စီးပွားရေးတက္ကသိုလ်ကြီး အနီးက လှိုင်မေတ္တာရပ်ကွက်လေးအတွင်းမှာနေထိုင်ပြီး အဲဒီခေတ်အချိန်အခါက ထွက်ရှိသမျှစာစောင်၊ ဂျာနယ်မဂ္ဂဇင်းတွေမှာ ကာတွန်း ရုပ်ပြဇာတ်လမ်းတွေရေးဆွဲခဲ့သလို ဝါသနာ ခရေဇီအရ ဗီဒီယို၊ ရုပ်ရှင်ဇာတ်လမ်းဇာတ်ညွှန်းတွေ ရေးသားတယ်။ ကိုယ်တိုင်လည်း ဒါရိုက်တာလုပ်ပြီး အဆန်းတကြယ်ဇာတ်ကားတွေ ရိုက်ကူးခဲ့တယ်။ (ဥပမာ) ပျူစောထီးလက်မစတဲ့ ကလေးသူငယ်အကြိုက် ပညာပေးဖျော်ဖြေရေး ဇာတ်ကားမျိုးလေးတွေ ရိုက်ကူးသလို တီဗွီရုပ်မြင်သံကြားဌာနတွေအတွက် ကြော်ငြာနဲ့ ကာတွန်းရုပ်ရှင်ဇာတ်လမ်းတိုလေးတွေ ရိုက်ကူးနေချိန်ဖြစ်ပါတယ်။

တနင်္ဂနွေ၊ စနေလိုရက်တွေမှာတော့ ညီရင်းအစ်ကိုတမျှ ချစ်ခင်ရင်းနှီးလှတဲ့ ရုပ်ရှင်မင်းသားကြီး ရွှေဘနေထိုင်ရာ တော်လှန်ရေးပန်းခြံအနီး ဗဟန်း ရွှေဂုံတိုင်ရပ်ကွက်ကို အမြဲလိုလို တစ်ပတ်တစ်ခါ သွားလာဝင်ထွက်စားသောက်နေထိုင်လေ့ရှိပါတယ်။

အဲဒီအချိန်က ရုပ်ရှင်မင်းသားကြီး ရွှေဘ နောက်ဆုံးပါဝင်ရိုက်ကူးထုတ်လုပ်ခဲ့တဲ့ အပြီးမသတ်နိုင်သေးတဲ့ "ငါးမန်းစွယ်နဲ့ ကျွန်းသန္တာ" ဆိုတဲ့ ရုပ်ရှင်ဖလင်ဇာတ်ကားကြီးကို ပြီးစီးသည်အထိ ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးနေတဲ့အခါလည်းဖြစ်ပါတယ်။

အဲဒီအချိန်က အလွန်နာမည်ကြီးလွန်းလှတဲ့ မုတ်ဆိတ် လက်ဖက်ရည်နဲ့ ပဲပလာတာအကြွပ်ကြော်ကို အညာသားပဲကြိုက်တတ်တဲ့ စာရေးသူအလွန် ကြိုက်သလို မင်းသားကြီးရွှေဘလည်း အလွန်ကြိုက်တာပါ။

ဒါကြောင့် စနေ၊ တနင်္ဂနွေရက်တွေတိုင်း စာရေးသူနဲ့ မင်းသားရွှေဘတို့ အဲဒီနာမည်ကြီး မုတ်ဆိတ်ဆိုင်မှာ အမြဲလိုလိုစားကြ၊ ဝါးကြတာ မနက်စာထမင်းပါ လွတ်သွားတဲ့အထိ တဝတပြဲစားကြတာပါပဲ။

ထူးပြီးမဆန်းတာက အဲဒီဆိုင်ရှင်ကုလား မုတ်ဆိတ်က ပြည်တော်ချစ်ရုပ်ရှင်မင်းသားကြီးရွှေဘကို အလွန်ကြိုက်လွန်းလှတဲ့ ရုပ်ရှင်ပရိသတ်တစ်ဦးဖြစ်တာကြောင့် စာရေးသူနဲ့ရွှေဘတို့စားသမျှ၊ ဝါးသမျှတစ်ပြားမှ ပိုက်ဆံမယူတဲ့အပြင် အဲဒီခေတ်ကဆေးလိပ်သမားတိုင်း ကြိုက်နှစ်သက်ကြတဲ့ နိုင်ငံခြားအထိပို့ရတဲ့ အိတ်စပို့ဒူးယားစီးကရက်တစ်ဘူးပါ မေတ္တာလက်ဆောင် ရခဲ့ကြပါသေးရဲ့။ (ဩော် ရွှေဘကို ပြည်သူတွေက ဒီလို ဒီလောက်တောင်မှ ချစ်ကြပါလားလို့ စာရေးသူရဲ့ရင်ထဲမှာ မုဒိတာ ပီတိ ဖြစ်ရှိခံစားရတဲ့အထိပါပဲဗျာ. .)

နောက်ကာလ မကြာခဏမှာတော့ မင်းသားကြီး ရွှေဘက ညီလေးကာတွန်း နင်ကျွေးတဲ့ပဲပလာတာ အကြွပ်

ကြော်က တကယ်စားလို့ ကောင်းတယ်ကွာ။ ဒါပေမယ့် အစ်ကို့လည်ချောင်းထဲမှာ မျှိုချတိုင်း ငါးရိုးစူးသလို ခိုးလိုးခုလုကြီးကွ သိလားတဲ့။

ဒီလို မကြာခဏ ဆိုသလို ကြားကြားနေရတာပါပဲ။

နောက်တော့ နှစ်ပတ်ကာလတာအတွင်းမှာ စာရေးသူရုပ်ပြကာတွန်းစာအုပ်တွေ တစ်နေ့လုံး၊ တစ်ညလုံး ဆိုသလို မအားမလပ်နိုင်အောင် ရေးဆွဲနေရတာကြောင့် မင်းသားကြီး ရွှေဘအိမ်မရောက်ဖြစ်ခဲ့ပါဘူး။

(စာညှပ်) အဲဒီခေတ် အဲဒီအခါက ရုပ်ပြစာနယ်ဇင်းလောကမှာ အရမ်းနာမည်ကြီးပြီး ဘက်ဆဲလားဖြစ်နေတဲ့ နိုင်ငံကျော် (ကာတွန်း)ဦးအောင်ရှိန်ရဲ့စုံထောက်ကြီး ဦးရှုံစားနဲ့ ဦးဒိန်းဒေါင် ပါဝင်တဲ့ "မှားတဲ့အခါလည်း မှားပေမပေါ့"ဆိုတဲ့ ကာတွန်းရုပ်ပြစာအုပ်တွေကို ဆရာ့ရဲ့ ညာလက်ရုံးတပည့် ရှဲဒိုးလုပ်နေရတဲ့ စာရေးသူအဖို့ ကျောယားလို့တောင်မှ မကုတ်အားတဲ့အထိ အလုပ်များနေရတာပါ။ စာရေးသူဟာ ဆရာကြီး ဦးအောင်ရှိန်ရဲ့ တပည့်ရင်းအဖြစ် နှစ်ပေါင်း ၂၀ ကျော် ရုပ်ပြကာတွန်းစာအုပ်တွေရေးဆွဲကာအသက်မွေးဝမ်းကျောင်းလာခဲ့သူဖြစ်ပါတယ်။

အဲဒါကြောင့်စာရေးသူ တစ်ခါတစ်ခါ သွားလာနေကြဖြစ်ရာက နှစ်ပတ်တာမျှ မင်းသားကြီး ရွှေဘအိမ် မရောက်ဖြစ်လိုက်တဲ့ ကြားကာလမှာ ရုတ်တရက် မင်းသားကြီး ကွယ်လွန်သွားတာမသိရှိရတာဘဲ ဖြစ်ပါတယ်။

ဒီထက်ပိုပြီး အမှတ်တရဂရုပြုမိတာက အဲဒီအချိန်ကာလက ရှစ်လေးလုံးအရေးအခင်း ကာလကြီးအတွင်းမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဆူသံပူသံ သေနတ်သံတွေကြောင့် အဲဒီအချိန်က ရန်ကုန်ဆေးရုံကြီးပေါ်မှာ လည်ချောင်းကင်ဆာရောဂါဝေဒနာကြောင့် ဆေးရုံတက်ရောက်ကုသနေရရှာတဲ့ မင်းသားကြီး ရွှေဘဟာ ဆေးရုံကြီးပေါ်မှာ ဆက်လက်မတက်လိုတော့ဘဲ အိမ်ကိုသာ ပြန်လိုတာကြောင့် စာရေးသူနဲ့ မင်းသားကြီးရဲ့သား စည်သူရွှေဘဆိုတဲ့ ကိုကိုကြီးနဲ့ သမီးကြီး ဥမ္မာရွှေဘတို့နဲ့အတူ ရန်ကုန်ဆေးရုံကြီးပေါ်က ဆင်းလာခဲ့ပြီး ဗဟန်းရွှေဂုံတိုင်အိမ်အထိ လိုက်ပါပို့ဆောင်ပေးခဲ့ပါသေးတယ်။

အဲဒီနောက် စောစောကပြောသလို ကာတွန်းရုပ်ပြတွေ မအားမလပ်အောင် ရေးဆွဲနေရတာကြောင့် မရောက်ဖြစ်ခဲ့ရတာပဲဖြစ်ပါတယ်။

နောက်ဆုံး ထမင်းဝိုင်းမှာစားသောက်ပြီးစီးကြတော့ ကိုသန်းထွဋ်က ကဲ. . ဘယ်လိုဆက်လုပ်ကြမလဲ။ ကိုဖေစန်း။ မင်္ဂလာပွဲကတော့ပြီးသွားပြီ။ စက်အဖွဲ့ကို အေဝမ်းရုပ်ရှင်ခြံထဲကပြန်ခိုင်းပြီး ခင်ဗျားနဲ့ ကျွန်တော်ကိုရွှေဘအိမ်သွားကြမလားလို့ ပြောတာကြောင့် အခုပဲ ညနေစောင်းတော့မယ်ဗျာ။ ခင်ဗျားတို့၊ ကျွန်တော်တို့လည်း ပင်ပန်းနေကြတာပဲ။ နောက်နေ့မှပဲ မင်းသားကြီးအိမ်ကို စောစောစီးစီးသွားကြတာပေါ့ဗျာလို့ စာရေးသူက ဆုံးဖြတ်ချက်ပေးလိုက်မိတော့တာပါပဲ။

နောက်တစ်နေ့ရောက်ပြီဆိုတာနဲ့ စာရေးသူနဲ့ ဒါရိုက်တာ(အေဝမ်း)သန်းထွဋ်တို့ ဗဟန်းရွှေဂုံတိုင်ရပ်ကွက်မှာနေတဲ့ မင်းသားကြီး ရွှေဘရဲ့အိမ်ရှေ့လှေကားထစ်အတက်မှာပဲအိမ်ပေါ်က မင်းသားကြီးရွှေဘရဲ့ဇနီးဖြစ်သူ ရုပ်ရှင်မင်းသမီးကြီး ဒေါ်သင်းသင်းလဲ့ပြေးဆင်းလာပြီး စာရေးသူရဲ့လက်ကိုဆွဲကိုင်ကာ ချုံးပွဲချ ရင်ကွဲမတတ် ငိုကြွေးဟစ်အော်လိုက်တာကြောင့် စာရေးသူပါ အရမ်းခံစားရပြီး မျက်ရည်များ မျက်လုံးပြည့်လျှံသွားတဲ့အထိ ဖြစ်ခဲ့ရပါတယ်။

အဲဒါကြောင့် ပြည်သူတွေချစ်ကြတဲ့ ရုပ်ရှင်မင်းသားကြီးရွှေဘကွယ်လွန်သွားခဲ့ရတဲ့ အကြောင်းအကျဉ်းမျှ ပြောပြဖော်ပြရေးသားလိုက်ရတာပါ။ စာရေးသူအဖို့မှာတော့ အဲဒီနေ့လေးတွေဟာ ဘယ်တော့မှ(လုံးဝ) မေ့လို့မရနိုင်တဲ့နေ့လေးတွေပါပဲ။ပြည်တော်ချစ်ရုပ်ရှင်အက်ရှင်စတန့်မင်းသားကြီးရွှေဘ ရောက်ရှိလေရာ မြင့်မြတ်ရာဘုံဘဝက ကြားသိပါစေ။အမျှဝေပါ၏။ ။

ဒုတိယအကြိမ်မြောက် အစ္စရေးရုပ်ရှင်ပွဲတော် နေပြည်တော်နှင့် မန္တလေးတွင် ကျင်းပမည်

နေပြည်တော် မေ ၂၉

အစ္စရေးနိုင်ငံနှင့်မြန်မာနိုင်ငံတို့ နှစ်နိုင်ငံအကြား ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှုအဖြစ် ဒုတိယအကြိမ်မြောက် အစ္စရေးရုပ်ရှင်ပွဲတော်(၂၀၁၄) အား နေပြည်တော် Junction Cineplex ရုပ်ရှင်ရုံ၌ ဇွန် ၅ ရက်နှင့် ၆ ရက်တို့တွင်လည်းကောင်း၊ မန္တလေးမြို့မရုပ်ရှင် ဇွန် ၆ ရက်နှင့် ၇ ရက်တို့တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ယင်းရုပ်ရှင်ပွဲတော်များတွင် လူမှုဘဝနှင့် ပေါင်းသင်းဆက်ဆံရေး၊ အချစ်နှင့် အလုပ်အကိုင်ဘဝ၊ လှုပ်ရှားမှုအစရှိသည်တို့ကို အသားပေးထားသည့် ရုပ်ရှင်များကို ထည့်သွင်းထားပြီး အစ္စရေးရုပ်ရှင်လုပ်ငန်း၏ တစ်စိတ်တစ်ပိုင်းကိုသာမက အစ္စရေးလူမျိုးတို့၏ နေ့စဉ်သွားလာလှုပ်ရှားပုံများ၊ အခက်အခဲများ၊ အစ္စရေးလူနေမှု အဖွဲ့အစည်းများ၏ ရင်ဆိုင်နေရသော မတူကွဲပြားခြားနားမှုများအား မြန်မာရုပ်ရှင်ပရိသတ်အား တင်ပြသွားမည်ဖြစ်သည်။

အဖွင့်ရုပ်ရှင် **"ချိုမြိန်အချစ်"**သည် ခံစားမှုနှင့် အချစ်အသားပေးဒရာမာ ဇာတ်ကားဖြစ်ပြီး**"နွေအလွန်"** ရုပ်ရှင်သည် ရီဟိုဗော့နိုင်ငံတကာ အမျိုးသမီးရုပ်ရှင်ပွဲတော်(၂၀၁၁)နှင့် နယူးယောက်ရှိ အစ္စရေးရုပ်ရှင်ဗဟိုဌာန ဟိုင်ဖာနိုင်ငံတကာရုပ်ရှင်ပွဲတော်(၂၀၁၁)တို့တွင် ဆုများဆွတ်ခူးရရှိခဲ့သော ဇာတ်ကားကောင်းတစ်ကားဖြစ်သည်။

"ဥပဒေမဲ့ရင်ပြင်"ဇာတ်ကားသည် စိတ်ခံစားမှုအသားပေး ဒရာမာရုပ်ရှင်ဖြစ်ပြီး အစ္စရေးရုပ်ရှင်သင်တန်းကျောင်းမှ အကောင်းဆုံးဒါရိုက်တာနှင့် ဇာတ်ပို့ဆုကို ဆွတ်ခူးခဲ့သော ရုပ်ရှင်ဖြစ်သည်။

"မိုးကြိုးသွားစစ်ဆင်ရေး"ဇာတ်ကားသည် တဲအဗစ်မှ ပါရီသို့ အေသင်မှတစ်ဆင့်ပျံသန်းသောပြင်သစ်လေကြောင်းလိုင်း ၁၃၉ အား အကြမ်းဖက်သမားလေးဦး၏ ပြန်ပေးဆွဲသောဖြစ်ရပ်မှန် အခြေခံထားသော ဇာတ်ကားဖြစ်သည်။ ယင်းဇာတ်ကား တွင် ယူဂန်ဒါနိုင်ငံ အင်တက်ဘီတွင် လေယာဉ်ကိုရပ်နားပြီး ဂျူးလူမျိုး ခရီးသည်များအား ဓားစာခံအဖြစ် သီးသန့်ခွဲထုတ်ကာ အစ္စရေးနိုင်ငံတွင် အကျဉ်းချခံထားရသော အကြမ်းဖက်သမားများကို လွှတ်ပေးရန်အကြမ်းဖက်သမားများက တောင်းဆိုသည်။ ၎င်းတို့အချင်းချင်း အပြင်းအထန်ဆွေးနွေးအပြီး အစ္စရေးအစိုးရမှ အီလိုက်အထူးကွန်မန်ဒိုစစ်ဆင်ရေးအဖွဲ့ကိုစေလွှတ်ကာ လေဆိပ်ကိုသိမ်းပိုက်၍ ဓားစာခံများကို လွတ်မြောက်စေခဲ့သည်။ ဤရုပ်ရှင်သည် ဖြစ်ရပ်မှန်အချက်အလက်များ ကို အခြေခံ၍ လေယာဉ်စတင်ပျံသန်းချိန်မှ ဓားစာခံများ အစ္စရေးပြန်ရောက်ချိန်အထိ ရိုက်ပြထားသည်။

ယခုပြသမည့် ရုပ်ရှင်ပွဲတော်များအား လာရောက်ဆင်နွှဲပေးပါရန် ဖိတ်ခေါ်ထားကြောင်း သတင်းပေးအပ်ပါသည်။ **(သတင်းစဉ်)**



အမည်မှန်

ဦးလှဝင်း၏သမီး၊ မြစ်ကြီးနားမြို့၊ အထက(၄)၊ တတိယတန်းမှ မနန်းဇင်မာလင်းထက်၏ အမည်မှန်မှာ မနန်းဇင်မာလင်းချစ် ဖြစ်ပါသည်။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ မန်ခိန်-အထက၊ အဋ္ဌမတန်း(A)မှ မခန့်ငြိမ်းသွယ်၏ ဖခင်အမည်မှန်မှာ ဦးနောင်နောင်[၁၂/ဒပန(နိုင်)၀၄၅၆၈၀]ဖြစ်ပါသည်။

အိမ်ရောင်းမည်

သထုံမြို့၊ ရွှေစာရံဘုရားလမ်း၊ နာရီစင်အနီး၊ လမ်းထောင့်၊ စီးပွားရေးလုပ်ရန် နေရာကောင်း၊ ဂရန်မြေ။

ဆက်သွယ်ရန်ဖုန်း-၀၉-၄၄၈၅၄၃၉၉၉၊ ၀၉-၅၀၃၄၀၄၃



ကမ္ဘာ့ဖလား အိမ်ရှင်အသင်းများ၏

အောင်မြင်မှုမှတ်တမ်းနှင့် ဘရာဇီး၏ ချန်ပီယံဖြစ်နိုင်ခြေ

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးကို ကျင်းပလာခဲ့ရာ ယခု ၂၀၁၄ ပြိုင်ပွဲ ဆိုလျှင် အကြိမ်(၂၀) မြောက်အထိရှိပြီဖြစ်သည်။

ပြီးခဲ့သည့် ပြိုင်ပွဲ(၁၉)ကြိမ်တွင် အိမ်ရှင်နိုင်ငံအဖြစ် ၁၆ နိုင်ငံက လက်ခံကျင်းပခွင့်ရခဲ့သည်။ ၂၀၀၂ ခုနှစ် (၁၇)ကြိမ်မြောက် ပြိုင်ပွဲတွင် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ်ကျင်းပခွင့်ရခဲ့သည်။ နှစ်ကြိမ်အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရသည့် နိုင်ငံလေးနိုင်ငံရှိခဲ့သည်ကို မှတ်တမ်းများတွင်တွေ့ရသည်။ အီတလီ(၁၉၃၄၊ ၁၉၉၀)၊ ပြင်သစ်(၁၉၃၈၊ ၁၉၉၈)၊ မက္ကဆီကို(၁၉၇၀၊ ၁၉၈၆)၊ ဂျာမနီ (၁၉၇၄၊ ၂၀၀၆)တို့ဖြစ်သည်။ ယခုနှစ်အိမ်ရှင်အဖြစ်ကျင်းပမည့် ဘရာဇီးသည် ၁၉၅၀ ကပထမအကြိမ်ကျင်းပခွင့်ရခဲ့၍ ၂၀၁၄ ပြိုင်ပွဲနှင့်ဆိုလျှင် နှစ်ကြိမ်အိမ် ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည့် နိုင်ငံစာရင်းတွင် မှတ်တမ်းဝင်တော့မည်ဖြစ် သည်။

အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပခွင့်ရသည့် နိုင်ငံ၏လက်ရွေးစင်ဘောလုံးအသင်းသည် ကိုယ့်မြေ၊ ကိုယ့်ကွင်း၊ ကိုယ့်ပရိသတ်ရှေ့တွင် ကစားရသဖြင့် ရလဒ်ကောင်းများရယူနိုင်ခဲ့ကြသည်ကို အိမ်ရှင်အသင်းများ၏အောင်မြင်မှု မှတ်တမ်းတွင်တွေ့ရသည်။ အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် အိမ်ရှင်အသင်း ချန်ပီယံ (၆)ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည်။ ၁၉၃၀ ပြည့်နှစ်တွင် စတင်ကျင်းပခဲ့သည့် ပြိုင်ပွဲကြီး၌ အိမ်ရှင်အသင်းဖြစ်သည့် ဥရုဂွေးချန်ပီယံဖြစ်ခဲ့သည်။ ၁၉၃၄ အီတလီတွင် ကျင်းပသည့် ဒုတိယအကြိမ်မြောက်ပြိုင်ပွဲတွင်လည်း အိမ်ရှင်အီတလီအသင်းချန်ပီယံဖြစ်ခဲ့သည်။ အိမ်ရှင်အသင်းများအနေဖြင့် နှစ်ကြိမ်ဆက်တိုက်ဖိုလ်စွဲခဲ့သည်။ အီတလီဖိုလ်စွဲပြီးနောက် (၃၂) နှစ်အကြာ ၁၉၆၆ (၈)ကြိမ်မြောက်ပြိုင်ပွဲတွင် အိမ်ရှင်အင်္ဂလန်အသင်း ကမ္ဘာ့ဖလားချန်ပီယံဖြစ်ခဲ့သည်။ ၁၉၇၄ ခုနှစ်ပြိုင်ပွဲတွင် အိမ်ရှင်အနောက်ဂျာမနီအသင်းနှင့် ၁၉၇၈(၁၁)ကြိမ်မြောက်ပြိုင်ပွဲတွင် အိမ်ရှင်အာဂျင်တီးနားအသင်းတို့ ကမ္ဘာ့ဖလားကိုင်မြှောက်ခွင့်ရခဲ့ပြီး ၁၉၉၈ ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၆) ကြိမ်မြောက်ပြိုင်ပွဲတွင် အိမ်ရှင်အသင်း အမြင့်ဆုံးအောင်မြင်မှုရလဒ်(ဆုဖလား)ကိုဆွတ်ခူးနိုင်ခဲ့သည်။

ကျန်သည့် ခုနှစ်အလိုက်ပြိုင်ပွဲ(အကြိမ်)များတွင်လည်း အိမ်ရှင်အသင်းများသည် ချန်ပီယံဆုရသည်အထိ မဖြစ်ခဲ့သော်လည်း အောင်မြင်မှု ရလဒ်ကောင်းတစ်ခုကိုတော့ ဆွတ်ခူးရယူနိုင်ခဲ့ကြသည်။ အနိမ့်ဆုံး(၁၆)သင်းအဆင့်ကို တက်ရောက်နိုင်ခဲ့၍ အုပ်စုအဆင့်ကို ဖြတ်ကျော်နိုင်ခဲ့သည်ဟု ပြောနိုင်သည်။ အမြင့်ဆုံး ဒုတိယဆုရယူနိုင်ခဲ့သည်။ ခြွင်းချက်အနေဖြင့်ပြီးခဲ့သည့် ၂၀၁၀ အိမ်ရှင်အသင်းတောင်အာဖရိကတစ်သင်းသာအုပ်စုအဆင့်နှင့် ကျေနပ်ခဲ့ရသည်သာရှိခဲ့သည်။ ၂၀၀၆ အိမ်ရှင်ဂျာမနီအသင်း တတိယဆုရခဲ့ပြီး ၂၀၀၂ ပူးတွဲအိမ်ရှင်ဂျပန်(၁၆)သင်းအဆင့်၊ တောင်ကိုရီးယားစတုတ္ထရခဲ့သည်။ ထို့အပြင် နှစ်ကြိမ်မြောက် အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရခဲ့သည့် နိုင်ငံအသင်းများ အနိမ့်ဆုံး ကွာတားအဆင့်သို့တက်လှမ်းနိုင်ခဲ့သည်။ ပြင်သစ်ဆိုလျှင် ဒုတိယအကြိမ် အိမ် ရှင်အဖြစ်ကျင်းပခွင့်ရသည့် ၁၉၉၈ ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့၍ အောင်မြင်မှုအစဉ်အလာရှိခဲ့သည်။ ကမ္ဘာ့ဖလားအိမ်ရှင်အသင်းများဟုပင် ဆိုရပေတော့မည်။

မည်သို့ပင်ဖြစ်ပါစေ ယခုနှစ် အိမ်ရှင်အဖြစ် ဒုတိယအကြိမ်လက်ခံကျင်းပမည့် ဘရာဇီးမှာ ကမ္ဘာပေါ်တွင်ဘောလုံးအရင်းအမြစ်များအကြွယ်ဝဆုံး ကမ္ဘာ့ဖလားချန်ပီယံ ဆုငါးကြိမ်ဆွတ်ခူးပြီး ကမ္ဘာ့ဘောလုံးလောက၌ အအောင်မြင်ဆုံးဆိုသည့် ဂုဏ်ဒြပ်များပိုင်ဆိုင်ထားသည့် အသင်းတစ်သင်းဖြစ်နေသဖြင့် ယခင်နှစ်(အကြိမ်)များက အိမ်ရှင်အသင်းများ၏ အောင်မြင်မှုရလဒ်ထက် လျော့မည်မဟုတ်၊ အစဉ်အလာကောင်းကို ဆက်ထိန်းနိုင်မည်ဟု သုံးသပ်မိသည်။ ဘရာဇီးအသင်းအနေဖြင့်အိမ်ရှင်အသင်းချန်ပီယံ (ခြောက်ကြိမ်ဖြစ်သည်ဆိုသည့် မှတ်တမ်းကိုအိမ်ရှင်အသင်းများ ခုနစ်ကြိမ် ဖိုလ်စွဲထားသည်ဟု ပြောင်းလဲနိုင်စွမ်းလည်း ရှိနေပေသည်။ ချန်ပီယံဖြစ်နိုင်ခြေရှိသည့် အသင်းတစ်သင်းပင်ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။

ဝင်းထွင့်ဦး

ဆွာရက်ဇ်၏ အခြေအနေကို ဥရုဂွေးစိုးရိမ်နေရ

လီဗာပူးအသင်း၏ တိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်သည် ဥရုဂွေးအသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းနေစဉ်အတွင်း ဒူးဒဏ်ရာ ပြင်းထန်စွာရရှိခဲ့ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်နိုင်ရန် မသေချာကြောင်းသိရသည်။ ဆွာရက်ဇ်သည် ယင်းဒဏ်ရာကို မေ ၂၄ ရက်က ရရှိခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာကို ခွဲစိတ်ရမည်ဖြစ်သော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲကို မိမိပါဝင်ကစားနိုင်မည်ဖြစ်ကြောင်း၊ မကြာခင်တွင် ဒဏ်ရာပြဿနာကင်းရှင်းစွာဖြင့် ဥရုဂွေးအသင်းအတွက် ပြန်လည်ကစားသွားမည်ဖြစ်ကြောင်း ပရိသတ်များကို ကတိပေးခဲ့သည်။ သို့သော် ဆေးစစ်ချက်အရ ဆွာရက်ဇ်၏ ဒဏ်ရာအခြေအနေမှာ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပါဝင်ကစားနိုင်ရန် ရာနှုန်းပြည့်မသေချာဘဲ ဆက်လက်အချိန်ပေးစောင့်ကြည့်ရဦးမည်ဖြစ်ကြောင်း သိရသည်။ ဆွာရက်ဇ်သည် ယခုနှစ်ဘောလုံးရာသီတွင် လီဗာပူးအသင်းနှင့်အတူ ဆုဖလားများရယူနိုင်ခဲ့ခြင်းမရှိခဲ့သော်လည်း ဥရောပဂိုးသွင်းအများဆုံးရွှေဖိနပ်ဆုကို ရီးယဲလ်တိုက်စစ်မှူး ရော်နယ်လ်ဒိုနှင့်အတူ ပူးတွဲရရှိခဲ့ပြီး PFA အကောင်းဆုံး ကစားသမားဆု၊ ပရီမီယာလိဂ် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုတို့အပြင် ပရီမီယာလိဂ် ဂိုးသွင်းအများဆုံးဆုတို့ကိုလည်း ရရှိခဲ့သည်။ ထို့ကြောင့် ဆွာရက်ဇ်၏ ဒဏ်ရာပြဿနာမှာ ဥရုဂွေးပရိသတ်များသာမက ကမ္ဘာတစ်ဝန်းမှ ဘောလုံးပရိသတ်များအတွက်ပါ စိုးရိမ်ဖွယ်ရာ ဖြစ်ခဲ့ရသည်။

ကိုဦးရဲ

ပိုချက်တီနို စပါးနည်းပြဖြစ်လာ

အင်္ဂလန်ပရီမီယာလိဂ် ကလပ်အသင်းတစ်သင်းဖြစ်သည့် စပါးအသင်းသည် ၎င်းတို့၏ လစ်လပ်နေသော နည်းပြနေရာတွင် ဆောက်သမ်တန် အသင်းနည်းပြ ပိုချက်တီနိုအား ခန့်အပ်ခဲ့သည်။ ပြီးခဲ့သည့် ဘောလုံးရာသီက ပေါင်သန်း ၁၀၀ ကျော်သုံးစွဲကာ အသင်းအတွက် အောင်မြင်မှုများရရှိရန် ပြင်ဆင်ထားခဲ့သော စပါးအသင်းသည် ရာသီကုန်ဆုံးချိန်တွင် ယူရိုပါလိဂ်ဝင်ခွင့်မှ လွဲကာ မည်သည့်အောင်မြင်မှုမှရရှိခဲ့ခြင်း မရှိသလို ပရီမီယာလိဂ်တွင်လည်း စိတ်ပျက်ဖွယ်ရာ ဂိုးပြတ်ရှုံးပွဲများဖြင့် ကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် စပါးအသင်းသည် နည်းပြ တင်မ်ရှားဝုဒ်အား ထုတ်ပယ်ခဲ့ပြီး ယခုကဲ့သို့ ပိုချက်တီနိုအား ခန့်အပ်ခဲ့ခြင်းလည်းဖြစ်သည်။ ပိုချက်တီနိုသည် တန်းတက် ဆောက်သမ်တန်အသင်းကို ပရီမီယာလိဂ်တွင် အောင်မြင်မှုများရယူပေးနိုင်ခဲ့ပြီး ရာသီကုန်ဆုံးချိန်တွင်လည်း တန်းဆင်းဇုန် အန္တရာယ်မှ လွတ်မြောက်အောင် စွမ်းဆောင်နိုင်ခဲ့သည်။ စပါးအသင်းသည် ပိုချက်တီနိုအား ငါးနှစ်စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ပြီး အသင်းဥက္ကဋ္ဌဖြစ်သူ ဒန်နီရယ်လီဗိုင်းကလည်း ပိုချက်တီနိုမှာ မိမိတို့ အသင်း အ ၁ း အောင်မြင်မှုများ ရရှိအောင် စွမ်းဆောင်ပေးနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသွားခဲ့သည်။



❐❐

အာဆင်နယ်သို့ပြောင်းရန် အီတိုးဆန္ဒရှိနေ

ကင်မရွန်းတိုက်စစ်မှူး ဆန်မြူရယ်အီတိုးသည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် အာဆင်နယ်အသင်းသို့ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေကြောင်းသိရသည်။ အာဆင်နယ်အသင်းသည်လည်း အသင်း၏တိုက်စစ်ပိုင်းကို ထပ်မံအားဖြည့်ရန် စီစဉ်လျက်ရှိပြီး ရီးယဲလ်မက်ဒရစ်အသင်း၏ အားထားရသော ကစားသမားတစ်ဦးဖြစ်သည့် အယ်လ်ဘာရိုမိုရက်တာကိုလည်း စာချုပ်ချုပ်ဆိုခေါ်ယူရန် နီးစပ်မှု ရှိနေပြီဖြစ်သည်။ သို့ရာတွင် အာဆင်နယ်အသင်းသည် တိုက်စစ်မှူးတစ်ဦးမကခေါ်ယူရန် လိုအပ်မည်ဖြစ်သောကြောင့် အီတိုးအတွက် အခွင့်အလမ်းတစ်ရပ်ပိုင်ဆိုင်ဖွယ်ရှိနေသည်။ ထို့ကြောင့် ချဲလ်ဆီးအသင်းက တိုက်စစ်မှူးအီတိုးအား အသင်း၌ ဆက်ထိန်းထားရန် ရှိနေသော်လည်း အီတိုးအနေဖြင့် ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုနှင့် အဆင်မပြေမှုများကြောင့် ချယ်လ်ဆီးအသင်း မှထွက်ခွာရန် ဆုံးဖြတ်ထားကြောင်းလည်း သိရသည်။

ငွေကြယ်

JOb Vacancies

People for our Power, power to be the best

Transmarine Logistics Asia Pte Ltd is the conglomerate under MGH Group who has strong presence in shipping/Logistics/ Air lines in South East Asia, Middle East, Africa & Europe. We are looking some self confidence/dynamic leader from the shipping/air lines field who wish to take challenge harmonizing the demand of 21st century.Following posts need to be filled up as urgent basis.

(1)Sales :Freight Forwarding(Export and Import)

Senior Executive	Male/Female 5	Posts
Executive	Male/Female 10	Posts

Requirement

Candidates must be post graduated/fluency in English 4 skills & at least 1-2 years experience in related fields.

Contract Address:

Transmarine Logistics Asia Pte Ltd,(Yangon Branch)
36-38 Grand Myaynu Condominium,RoomNo :304(3rd Floor)
Myay Nu Street,Sanchaung Township,
Yangon,Myanmar.
Tel +95-1505430/532052/523190-Ext:26
E-mail :htet.aung@transmarinelogistics.com

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၂၃)ရပ်ကွက်၊ (ရွှေလင်ပန်း)သုခမိန်လမ်း၊ မြေကွက်အမှတ်(၅၁)၊ မြေအကျယ်ပေ (၄၀×၆၀)၊ဗိုလ်ကြီးရဲဝင်းစိန် အမည်ပေါက် မြေချပါမစ်နှင့်ကျောက်တိုင်၊ သံဆန်ခါခတ်ပြီးမြေကွက်ကို အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိထားသူ ဒေါ်အေးအေးမြင့်[၁၄/မမက(နိုင်)၁၄၅၉၀၄]ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးဌေးဝင်း[၁၂/ကခက(နိုင်)၀၄၇၇၀၈]က ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြသက်ဝေ	ဒေါ်ငြိမ်းချမ်းဦး	ဦးအောင်သိန်း
(စဥ်-၂၄၇၃၁)	(စဥ်-၃၉၇၂၀)	(စဥ်-၂၂၀၁၉)
အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ
ဖုန်း-၀၉-၅၀၈၈၆၄၁	ဖုန်း-၀၉-၄၂၀၂၄၉၃၆၉	တိုက်-၂၊ အခန်း(၁၀၁)၊ဗိုလ်အောင်ကျော်အိမ်ရာ၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။ ဖုန်း-၀၉-၅၁၈၆၇၉၈

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ သံဒင်းရပ်ကွက်၊ ကမ်းနားလမ်းမ၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈)၊ မြေကွက်အမှတ်(၃၆၇)၊ မြေအကျယ်(အလျားပေ၄၀×အနံပေ၆၀)ရှိမြေကွက်မှာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနတွင် ဦးနေစိုး(HLG-၀၁၇၂၄၇)အမည်ပေါက် မှတ်သားတည်ရှိသော ပါမစ်မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေချပါမစ်မြေကွက်အား ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်တားမြစ်လိုပါက ဤကြော်ငြာပါသည့် ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပြီး ကန့်ကွက်လိုသူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားဝင်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အက်စတာမြတ်ထွေး **LL.B,C.B.L.,F.B.S.D.B.SP,A.P.S**
တရားလွှတ်တော်ရှေ့နေ(စဥ်-၈၆၇၁)
၅၅၊ ပထမထပ်၊မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၀၈၂၁၈၇

နေအိမ်/ဆိုင်ခန်း(၂)ထပ် ပိုင်ဆိုင်မှု သက်သေခံစာချုပ်ပျောက်ဆုံးသွားကြောင်း ကြော်ငြာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၅)ရပ်ကွက်၊ ရွှေကမ်းသာယာအိမ်ရာ၊ ပရောဂျက် (၅၈)၊ အခန်းအမှတ်(၈)၏ နေအိမ်/ဆိုင်ခန်း(၂)ထပ်အား ချစ်စုမေဖလားဝါးကုမ္ပဏီလီမိတက်မှ တည်ဆောက်ပိုင်ဆိုင်ခဲ့ရာမှ ၂၃-၃-၂၀၁၂ရက်တွင် နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ် ဖြင့် ကျွန်မ မရှီရန်ရှိုး[၁၃/ကလတ(နိုင်)၀၀၅၉၉၅](ဘ)ဦးဆီးကျိန်ချမ်းက အမည်ပေါက် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယင်းနေအိမ်ဆိုင်ခန်းအမှတ်(၈) ၏ ပိုင်ဆိုင်မှုသက်သေခံစာချုပ်ရရှိခဲ့ပါသည်။ အဆိုပါ ပိုင်ဆိုင်မှု သက်သေခံစာချုပ်မူရင်းမှာ အထားအသိုမှား၍ ပျောက်ဆုံး/ပျက်ဆီးသွားကြောင်း ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ နဝဒေးအိမ်ရာ၊ တိုက်အမှတ်(၁၇/၂)နေ ဒေါ်ရှီရန်ရှိုး(ဘ)ဦးဆီးကျိန်ချမ်း[၁၃/ကလတ(နိုင်)၀၀၅၉၉၅]မှ ကြော်ငြာအပ်ပါသည်။

ဒေါ်ရှီရန်ရှိုး[၁၃/ကလတ(နိုင်)၀၀၅၉၉၅]
ဖုန်းအမှတ်-၀၉-၇၃၁၄၈၇၄၀

တရုတ်မယားအဖြစ် ရောင်းစားခဲ့သူနှစ်ဦးကို အမှုဖွင့်အရေးယူ

လားရှိုး မေ ၂၉

တရုတ်မယားအဖြစ်ရောင်းစားခဲ့သူနှစ်ဦးကို အမှုဖွင့်အရေးယူလိုက်ပြီဖြစ်ကြောင်း လားရှိုးမြို့ အမှတ်(၁၆)လူကုန်ကူးတားမြစ်ရေးရဲတပ်ဖွဲ့စုထံမှ သိရသည်။

ဖြစ်စဉ်မှာ ၁-၁၁-၂၀၁၂ ရက်တွင် ခင်ပွန်းသည် ဦးအိုက်ထွန်းနှင့် ဆွေမျိုးတော်စပ်သူ မအားလင် (၃၉)နှစ် ဖန်မုံး ကိုးမြို့ လောင်ရှန်ကျိုင်းရွာနေသူက သိန်းနီမြို့ ရပ်ကွက်(၃)နေ မမေသူအား အလုပ်ရမည်ဟုဆိုကာ မူဆယ်စက်လှေဆိပ် ခိုးပေါက်မှတစ်ဆင့် တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့သို့ ခေါ်ဆောင်သွားခဲ့ပြီး တရုတ်နိုင်ငံ ပေါက်ရှန်းမြို့အနီး ကျေးရွာတစ်ရွာမှ တရုတ်အမျိုးသားထံ ယွမ်ငွေ ၂၂၀၀၀ ဖြင့် ရောင်းစားခဲ့ရာ တရုတ်မယားအဖြစ် ၁၁ လကြာ ပေါင်းသင်းခဲ့ရကြောင်း၊ ထိုမှ ထွက်ပြေးလာစဉ် တရုတ်နိုင်ငံ အမည်မသိရွာတွင် မြန်မာအမျိုးသမီး လင်းလင်းဆိုသူနှင့်တွေ့ပြီး အကူအညီတောင်းခံရာ မလင်းလင်းက တရုတ်နိုင်ငံ ဟယ်နန်ပြည်နယ် ကျူမာတင်မြို့သို့ ခေါ်ဆောင်ခဲ့ပြီး ကျေးရွာတစ်ရွာမှ တရုတ်အမျိုးသားထံ ယွမ် ၃၃၅၀၀ ဖြင့် ထပ်မံရောင်းစားခဲ့ကြောင်း လူကုန်ကူးတားမြစ်ရေးရဲတပ်ဖွဲ့ထံမှ သိရသည်။

ခြောက်လတာ တရုတ်မယားအဖြစ် ပေါင်းသင်းပြီး ထွက်ပြေးလာခဲ့ရာ ကျူမာတင်မြို့တွင် တရုတ်ရဲများက ဖမ်းဆီးလိုက်ကြောင်း၊ နှစ်နိုင်ငံ လူကုန်ကူးမှု တားဆီးရေးရဲတပ်ဖွဲ့ဖြင့် ချိတ်ဆက် ကာ မေ ၁၈ ရက်တွင် မူဆယ်မြို့နန်းတော် ဝင် ထွက်ပေါက်တွင် မမေသူအား မူဆယ်မြို့ရှိ လူကုန်ကူးတားမြစ်ရေးအဖွဲ့ထံ လွှဲပြောင်းပေး ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူထံမှ သိရသည်။

မမေသူအား မေ ၂၄ ရက်တွင် တာဝန်ရှိသူများက သိန်းနီမြို့ပေါ် ရပ်ကွက်(၄)နေ ခင်ပွန်းဖြစ်သူ ဦးအိုက်ထွန်းထံ ပြန်လည်အပ်နှံလိုက်ကြောင်း၊ မမေသူအား တရုတ်မယားအဖြစ် အဓမ္မလက်ထပ်ထိမ်းမြားစေခဲ့သူ မအားလင် (၃၉)နှစ်နှင့် မလင်းလင်းတို့နှစ်ဦးအား အမှတ် (၁၆) လူကုန်ကူးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ မအားလင်နှင့် မလင်းလင်းတို့ကို သိန်းနီရဲတပ်ဖွဲ့စခန်းတွင် ပထမသတင်းပေး တိုင်ချက်အမှတ်(ပ)၁၉/၂၀၁၄၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အမှုဖွင့်ထားကြောင်း၊ ၎င်းတို့နှစ်ဦးမှာ ဖမ်းဆီးရမိခြင်းမရှိသေးသဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သက်ဆိုင်ရာမှ သိရသည်။ **မမ(လားရှိုး)**

ကားနှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်၊ ဆိုင်ကယ်မောင်းသူသေဆုံး

ညောင်လေးပင် မေ ၂၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရဲစခန်းတောင်ဘက် သုံးမိုင်ခန့်အကွာ ဖအောင်းကျေးရွာ အာလောကွေ့၌ ယာဉ်တိုက်မှုဖြစ်ပွားရာ ဆိုင်ကယ်မောင်းသူ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၇ ရက် ညနေ ၄ နာရီ မိနစ် ၄၀ က ညောင်လေးပင်မြို့နယ် ဖအောင်းကျေးရွာ အာလောကွေ့ ရန်ကုန်-မန္တလေး လမ်း မိုင်တိုင်အမှတ်(၉၆/၂)အနီး ပြွန်တန်ဆာမြို့မှ ညောင်လေးပင်မြို့သို့ မောင်းနှင်လာသော 5D/---HINO အမျိုးအစား နီညိုရောင် ၁၂ ဘီးယာဉ်သည် ညောင်လေးပင်မြို့မှ ပြွန်တန်ဆာမြို့သို့ ဦးစောအောင်(၆၀)နှစ် မော်ဘီမြို့နေသူ မောင်းနှင်လာသော ၃၇ယ/--- Diany 125 အမျိုးအစား အနက်ရောင်ဆိုင်ကယ်နှင့် အာလောကွေ့တွင် မျက်နှာချင်းဆိုင် တိုက်မိကြရာ ဆိုင်ကယ်မှာ လမ်း၏ ညာဘက်ခြမ်းသို့ တိမ်းမှောက်သွားပြီး ဆိုင်ကယ်မောင်းသူ ဦးစောအောင်မှာ အခင်းဖြစ်ရာနေရာ၌ပင် သေဆုံးသွားခဲ့ပြီး ၁၂ ဘီးယာဉ်မောင်းမှာ ထွက်ပြေးသွားကြောင်း သိရသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်အောင်၊ စခန်းမှူး ဒုရဲမှူးသက်လွင်၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဝင်းထွဋ်အောင်နှင့် ရဲတပ်ဖွဲ့ဝင်များ ကြိုးစားဆောင်ရွက်မှုကြောင့် ပြစ်မှုကျူးလွန်သူ အေးသိန်း(၅၀)နှစ် ပိုက်ကြီးဝဲကျေးရွာ မော်ဘီမြို့နေသူအား မေ ၂၈ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

လှိုင်းကြီး၍ မြိတ်၌ စက်လှေတစ်စင်း နစ်မြုပ်

ကျွန်းစု မေ ၂၉

မြိတ်မြို့မှ ရေကန်အော်ကျေးရွာသို့ ထွက်ခွာသည့် ခရီးသည်တင် စက်လှေတစ်စင်းသည် မေ ၂၈ ရက် မွန်းလွဲ ၂ နာရီခန့်တွင် မြိတ်မြို့မှ ခရီးသည် ၆၀ ခန့်နှင့် ကုန်ပစ္စည်းများ တင်ဆောင်လာစဉ် လှိုင်းကြီး၍ နစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်လှေပိုင်ရှင် ဦးစိုးပိုင်မောင်းနှင်လာသော အဆိုပါစက်လှေသည် မြိတ်မြို့မှ နံနက် ၈ နာရီခွဲက ရေကန်အော်ကျေးရွာသို့ထွက်ခွာလာရာ ကော်လန်ကျေးရွာနှင့် သဲဖြူကျွန်းကျေးရွာအကြား ရေပြင်တွင်လှိုင်းကြီး၍ စက်လှေမှာနစ်မြုပ်သွားခဲ့သည်။ အဆိုပါစက်လှေနစ်မြုပ်ရာသို့ သဲဖြူကုန်းကျေးရွာနှင့် မအူတောင်ကျေးရွာနေပြည်သူများက စက်လှေများဖြင့် ကူညီကယ်ဆယ်သဖြင့် လှေပေါ်ပါခရီးသည်အားလုံးကို ကယ်ဆယ်နိုင်ခဲ့ပြီး ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။ ယင်းစက်လှေမှာ အလျား ၄၅ ပေ၊ အနံ ၁၀ ပေဖြစ်ပြီး စက်လှေတန်ဖိုး ငွေကျပ်သိန်း ၄၀ ခန့်နှင့် စက်လှေပေါ်ပါ ကုန်ပစ္စည်းတန်ဖိုးငွေကျပ် သိန်း ၅၀ ခန့် ဆုံးရှုံးသွားကြောင်း သိရသည်။ **ကျွန်းစု (ပြန်/ဆက်)**

ပြင်ဦးလွင်၌ စိန်ပြောင်းပုံးသီးဟောင်းတွေ့ရှိ

ပြင်ဦးလွင် မေ ၂၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၉) ကော်ဖီစိုက်ပျိုးရေးခြံတွင် ထွန်ယက်ထားသောနေရာ၌ မေ ၂၈ ရက် နံနက် ၈ နာရီ မိနစ် ၂၀ တွင် ခြံပိုင်ရှင် ဦးထွေးလှိုင်က စိန်ပြောင်းပုံးသီးဟောင်းတွေ့ရှိ၍ **(အောက်ပုံ)** ခြံဝန်ထမ်းကြီးကြပ် ဦးသက်နိုင်ဦးနှင့်

ဦးညီညီဝင်းတို့ထံ ပြောပြပြီး ၎င်းတို့နှစ်ဦးမှတစ်ဆင့် ရပ်ကွက်ကြီး (၉) အုပ်ချုပ်ရေးမှူးထံသို့ အကြောင်းကြားရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသိန်း နိုင်က မြို့နယ်ရဲတပ်ဖွဲ့စခန်းသို့ အကြောင်းကြားခဲ့သည်။

စိန်ပြောင်းပုံးသီးတွေ့ရှိမှုကို မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်ကျော်စိန်ထွန်း၊ SB မှ ဒုရဲအုပ် ကိုမျိုးနှင့်BE တပ်မှ တာဝန်ရှိသူများက လာရောက်စစ်ဆေးရာ စိန်ပြောင်းပုံးသီးဟောင်းသည် ခေါင်းပြားဒလက်ပါ အချင်းနှစ်လက်မ၊ အရှည် ကိုးလက်မရှိပြီး အဆိုပါ စိန်ပြောင်းပုံးသီးဟောင်းအား BE တပ်မှ တာဝန်ရှိသူများက ထိန်းသိမ်းထားရှိကြောင်း သိရသည်။ **(၆၁၃)**

အထက်မြန်မာပြည်တွင် အဆင့်မြင့်ရောဂါရှာဖွေ စစ်ဆေးကုသစက်သစ်ကြီးများဖြင့် နှလုံးရောဂါကုသ

မန္တလေး၊ မေ ၂၉

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် အဆင့်မြင့်ရောဂါရှာဖွေကုသရေး စက်ကြီးများထားရှိကာ နှလုံးရောဂါ ကုသနိုင်ရေးအတွက် ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးရာတွင် အမေရိကန်နိုင်ငံ ဂျီအီးကုမ္ပဏီထုတ် Innova Cardiac Catheterizahari Laboratory (ခါတ်ရောင်ခြည်ဖြင့် နှလုံးသွေးကြောများအား ပုံရိပ်ဖော်ရောဂါရှာဖွေ ကုသပေးသောစက်) ကိုဖေဖော်ဝါရီ၁၃ ရက်တွင်လည်းကောင်း၊ အမေရိကန်နိုင်ငံ St Jude ကုမ္ပဏီထုတ် EP Workmate (နှလုံးခုန်ချက်မမှန်သော ရောဂါများရှာဖွေကုသ) စက်ကြီးကို မေ ၂၃ ရက်တွင်လည်းကောင်း ထားရှိကာ ကုသခြင်းများ စတင်ဆောင်ရွက်လျက်ရှိသည်။

၎င်းစက်ကြီးများဖြင့် နှလုံးသွေးကြော ဓာတ်မှန်ရိုက်ခြင်း၊ နှလုံးသွေးကြောချဲ့ခြင်း၊ နှလုံးနှိုးဆွစက် တပ်ဆင်ခြင်း၊ မွေးရာပါ နှလုံးရောဂါများအား တိကျစွာရှာဖွေနိုင်ခြင်း၊ မွေးရာပါ နှလုံးအပေါက်များအား (မခွဲစိတ်ဘဲ) ပိတ်ပေးနိုင်ခြင်း၊ နှလုံးအဆို့ရှင်ရောဂါများအား မခွဲစိတ်ဘဲ (ဘောလုံး) ဖြင့် ချဲ့ပေးနိုင်ခြင်း၊ နှလုံးခုန်မြန်၍ ရုတ်တရက် အသက်အန္တရာယ်ရှိသော လူနာများအား ခုန်ချက်ထိန်းစက် တပ်ဆင်ပေးခြင်း၊ မွေးရာပါ နှလုံးခုန်ချက်မမှန် ရောဂါများအား ရှာဖွေကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် Cardiac Catheterizahari Laboratory နှင့် တွဲဖက်၍ နှလုံးသွေးကြောရောဂါများအား ပိုမိုတိကျစွာ ရောဂါရှာဖွေ၍ အန္တရာယ်ကင်းစွာ ကုသနိုင်ရန် တွဲဖက်အသုံးပြုရမည့် စက်များဖြစ်သည့် Intravascular Ultrasond၊ Frational Flow Reserve၊ Intraaortic Balloon Pump စက်များကိုလည်း ဝယ်ယူထားပြီးဖြစ်ရာ မကြာမီတွင် အဆိုပါဆေးရုံကြီးတွင် ထပ်မံထားရှိ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

အရေးပေါ် နှလုံးသွေးကြောချဲ့ခြင်းနှင့် မွေးရာပါ နှလုံးအပေါက်များအား မခွဲစိတ်ဘဲ ပိတ်ပေးခြင်းများကို ၂၀၁၃ ခုနှစ်မှသာ စတင်၍ ကုသပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ် မေ ၂၃ ရက်မှ စတင်ကာ နှလုံးခုန်ချက်မမှန်သော လူနာများအား EP Workmate စက်အသစ်ကြီးဖြင့် ရောဂါရှာဖွေ ကုသပေးနေပြီဖြစ်ကြောင်းလည်း သိရသည်။ နိုင်ငံတော်မှ ထပ်မံတပ်ဆင်ပေးထားသည့် အဆင့်မြင့်စက်သစ်ကြီးများသည် ပုံရိပ်ကြည်လင်ပြတ်သားခြင်း၊ စက်အသုံးပြုရာတွင် မြန်ဆန်မှုရှိခြင်း၊ လူနာနှင့် ဆရာဝန်များအား ဓာတ်ရောင်ခြည် ဆိုးကျိုးသက်ရောက်မှုနည်းခြင်းများကြောင့် အချိန်တိုအတွင်း လူနာများစွာကို ထိရောက်စွာ ကုသပေးနိုင်ခဲ့ရာ လေးလတာကာလအတွင်း လူနာ ၄၀၀ ခန့်ကို ထိရောက်စွာ ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ဝေဖြိုးအောင်

မီးငြှိမ်းသတ်၍ ဒဏ်ရာရရှိသူ မိသားစုစားဝတ်နေရေး အခက်အခဲဖြစ်

မြစ်ကြီးနား၊ မေ ၂၉

၂၀၁၁ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက် နံနက် ၄ နာရီခန့်က မြစ်ကြီးနားမြို့၊ အောင်နန်းရပ်ကွက်၊ စိန့်တိုလန်ဘတ်စ်ရိုမန် ကက်သလစ် ဘုရားကျောင်းဝင်းအတွင်း မီးလောင်ရာ အဆိုပါအဆောက်အအုံ အတွင်းလေဖြတ်သူ တစ်ဦးရှိကြောင်း ကြားသိရသဖြင့် ဝင်ရောက်ကယ်ဆယ်ရန် ကြိုးပမ်းခဲ့သော်လည်း အဆိုပါလေဖြတ်သူအား မတွေ့ရသည့်အတွက် မီးလောင်မှုကို အမြန်ဆုံးငြှိမ်းသတ်နိုင်ရေး ဆောင်ရွက်နေစဉ် အဆောက်အအုံအတွင်းပိုင်း တစ်ဖက်အုတ်တံတိုင်းမှ အုပ်ညှပ်အဆောက်အအုံ၏ သစ်သားပေါင်များ မီးလောင်ကျွမ်းပြိုကျရာ မြစ်ကြီးနားမြို့ အောင်နန်းရပ်ကွက်၊ မီးရထားဝန်ထမ်းလိုင်း၊ အမှတ်(၁၄) နေ ကုန်တင်ကုန်ချအလုပ်သမား၊ အရန်မီးသတ် တပ်ကြပ်မြင့်ဝင်းမှာ မီးလောင်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

တပ်ကြပ်မြင့်ဝင်းမှာ ပြိုကျလာသော အုတ်ပြားများပိမိနေသည်ကို တွေ့ရ၍ အုတ်ပြားပုံများအား တွန်းရွှေ့ဖယ်ရှားဆွဲထုတ်ကယ်ဆယ်ခဲ့ပြီး မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ကိုးလကြာ ဆေးရုံတက်ရောက် ကုသမှုခံယူခဲ့ရကြောင်း သိရသည်။

၎င်းအတွက် မီးလောင်မှု မဖြစ်ပွားစဉ် ယခင်က ကုန်တင်ကုန်ချ ပျံကျလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခဲ့သော်လည်း လက်ရှိအခြေအနေတွင် မီးလောင်ထားသည့်ဒဏ်ရာများကြောင့် မိသားစုစားဝတ်နေရေးကို ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် ၎င်း၏စားဝတ်နေရေးကို ဇနီးဖြစ်သူက တာဝန်ယူဖြေရှင်းနေရသည်။ မီးလောင်မှုကြောင့် ဦးခေါင်းမှ ခြေထောက်အထိ ဒဏ်ရာများရရှိခဲ့၍ အကြောများတွန့်သွားပြီး သာမန်လူကောင်းတစ်ဦးကဲ့သို့ ကောင်းမွန်စွာ လမ်းမလျှောက်နိုင်သောကြောင့် မန္တလေး ပြည်သူ့ဆေးရုံတွင် ဆေးကုသမှု ဆက်လက်ခံယူခဲ့ရသည်။ ၂၀၁၃ ခုနှစ်တွင် အများပြည်သူဘေးအန္တရာယ်ကျရောက်စဉ် သက်စွန့်ကြိုးပမ်း ကယ်တင်စွမ်းဆောင်သူဆု (ပုဂ္ဂိုလ်ရေးဆိုင်ရာဆု)အတွက် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ် ပေးအပ်ချီးမြှင့်ခြင်း ခံခဲ့ရသည်။

မျိုးဝင်းထွန်း(မုံရွာ)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲကျင်းပ

နေပြည်တော်၊ မေ ၂၉

၂၀၁၄ ခုနှစ်၊ မေ ၂၆ ရက် ည ၇ နာရီမှ ၈ နာရီထိ ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဓမ္မာရုံတွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် အမှတ်(၃၂) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(မြဝတီ) မှတပ်ဖွဲ့စုမှူး ရဲမှူးအောင်စည်က မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများသုံးစွဲခြင်းနှင့် ကော်ရှူခြင်း၏ ဆိုးကျိုးများ အကြောင်းကိုလည်းကောင်း၊ မြဝတီမြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဇော်နိုင်ဦးက မှုခင်းကျဆင်းရေးဆိုင်ရာကိစ္စများကိုလည်းကောင်း၊ မြဝတီခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဆေးလုပ်မှုဆက်ဆံရေးမှူး ဦးအောင်မျိုးသိန်းက မူးယစ်ဆေးဝါးအန္တရာယ်၊ သွေးလွန်တုပ်ကွေးနှင့်ပတ်သက်သည့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း အသီးသီးဟောပြောခဲ့ကြသည်။

ဟောပြောပွဲသို့ပြည်သူ ၂၀၀ ဦးတက်ရောက်ခဲ့ပြီး တက်ရောက်လာသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

ဇီးပင်ကန်ကျေးရွာ အခြေခံပညာကျောင်း အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိ

မြင်းခြံ၊ မေ ၂၉

၂၀၁၄ - ၂၀၁၅ ပညာသင်နှစ်၌ မန္တလေးတိုင်းဒေသကြီးမှ အ. လ. က(ခွဲ) ကျောင်း ၄၅ ကျောင်းကို အ. လ. က အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိသည့်အနက် မြင်းခြံမြို့နယ်ရှိ ဇီးပင်ကန် အ. လ. က (ခွဲ)ကျောင်းလည်း အဆင့်တိုးမြှင့်သည့်ကျောင်းတွင် ပါဝင်ကြောင်း သိရသည် ။

ဇီးပင်ကန်ကျေးရွာသည် မြို့နှင့်အလှမ်းဝေးကွာပြီး အနီးဆုံး အ. ထ. က ကျောင်းသည်ပင် ခုနစ်မိုင်ခန့်ကွာဝေးကြောင်း သိရသည်။

ယခုလို အ. လ. က ကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရသဖြင့် ကျေးရွာရှိ ကျောင်းသူတစ်ဦး၏ဖခင်က ယခင်ကဆိုလျှင် အဋ္ဌမတန်းကို အခြားကျောင်းသို့ပြောင်းလဲထားရှိရ၍ သွားလာရေးအတွက် စက်ဘီးဝယ်ပေးရကြောင်း၊ လမ်းတွင်လည်း သွားလာနေသောကားများကြောင့် အန္တရာယ်ဖြစ်မှာကို စိုးရိမ်နေရကြောင်း၊ အချို့ကျောင်းသား၊ ကျောင်းသူများမှာ ဒီအဆင့်နဲ့ပဲ တန်းကုန် (ကျောင်းပြီး) သွားကြောင်း ပြောသည်။

ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်စံကလည်း အ. လ. က ကျောင်းအဖြစ် တိုးမြှင့်ရရှိသည့်အတွက် အနီးဝန်းကျင် ကျေးရွာများဖြစ်သည့် တူရွင်းဘို့၊ ကျောင်းဖြူကန်၊ သစ်ရုံ၊ ကျောက်ကန်၊ တောပု စသည့်ကျေးရွာများမှ ကျောင်းသား၊ ကျောင်းသူများပါ လာရောက်တက်ခွင့်ရသဖြင့် အဆင်ပြေကြောင်း ပြောသည်။

ကျောင်းအကျိုးတော်ဆောင်အဖွဲ့ကလည်း ယခုလိုဖွင့်ခွင့်ရသည့်အတွက် ကျောင်းသား၊ ကျောင်းသူများ ကျောင်းဆင်းလျှင် အိမ်အလုပ် ကူညီလုပ်ကိုင်ပေးနိုင်ကြောင်း၊ မိမိတို့ကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ ၃၃၇ ဦး တက်ရောက်သင်ကြားနေကြောင်း၊ ယခုနှစ် အနီးဝန်းကျင်ကျေးရွာ အ. မ. က များမှ စတုတ္ထတန်းအောင်မြင်သူများ လာရောက်အပ်နှံမှာဖြစ်သည့်အတွက် ကျောင်းသားဦးရေ တိုးလာမည်ဖြစ်ကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြန်မာ့စီးပွားရေးဘဏ်၊ မြောက်ဥက္ကလာပဘဏ်ခွဲနှင့် ကြည့်မြင်တိုင်ဘဏ်ခွဲအဆောက်အအုံသစ်များ ဆောက်လုပ်ရန်အတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် ဆောက်လုပ်မည့်ပုံစံ အသေးစိတ်တို့ကို ၂၇-၅-၂၀၁၄ ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ၁၀-၆-၂၀၁၄ ရက် ၁၆:၀၀ နာရီတွင် တင်ဒါပိတ်သိမ်းမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) စီမံခန့်ခွဲရေးဌာန၊ ပစ္စည်းထိန်းဌာနစိတ်၊ နေပြည်တော်၊ ဖုန်းနံပါတ် (၀၆၇-၄၂၁၀၃၀၊ ၀၆၇-၄၂၁၀၃၁)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ



ကျောင်းအပ်နှံရေးလှုပ်ရှားမှုများ

အင်းတော် –

၂၀၁၄-၂၀၁၅ ပညာသင်နှစ်၊ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက် နံနက် ၁၁ နာရီ တွင် အင်းတော်မြို့နယ်၊ အ. ထ. က ရွှေရတုခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးတင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် အင်းတော်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ချို့တဲ့နွမ်းပါးကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးဌာနမှ ပေးအပ်လှူဒါန်းသောငွေကျပ် ၁၄ ဒသမ ၇၂၂ သန်းနှင့် စေတနာရှင်၊ အလှူရှင်များမှ ငွေကျပ် ၁၂ သိန်းခန့် တန်ဖိုးရှိအလှူငွေနှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

လက်ပံပျား –

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီက လက်ပံပျားကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲမှူးသိန်းဦး၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ညိုနှင့် လက်ထောက်ပညာရေးမှူးများ၊ လက်ပံပျားနယ်မြေခွဲမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြုအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများတက်ရောက်ကြသည်။ ဆက်လက်၍ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူလေးများအား မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ကြသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

ပန်းတနော် –

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့ အခြေခံပညာအထက်တန်းကျောင်း၊ မြတ်ပညာခန်းမ၌ မေ ၂၇ ရက် နံနက် ၉ နာရီက ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ကျင်းပပြုလုပ်ရာ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးခင်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီးဦးငွေထွန်းက ကျောင်းအပ်နှံရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

အခမ်းအနားသို့ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းကော်မတီဝင်များ၊ ကျောင်းသားမိဘများ တက်ရောက်ခဲ့ပြီး အလှူရှင်များက အလှူငွေနှင့် ဗလာစာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၁၆၆)**

မောက်မယ် –

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကိုမေ ၂၅ ရက် နံနက် ၉ နာရီက မောက်မယ်အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါအခမ်းအနားတွင် မောက်မယ်မြို့နယ် ပညာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးက အဖွင့်အမှာစကားပြောကြားပြီး၊ ဆရာဦးခွန်ကျော်ဆွေက(မြို့နယ်ပညာရေးမှူးကိုယ်စား) ကျောင်းအပ်နှံရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များမှ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းသုံးပုံနှိပ်စာအုပ်နှင့် ဗလာစာအုပ်များလှူဒါန်းပေးခဲ့ကြပြီးနံနက် ၁၀ နာရီတွင် အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **ဆောင်းနှင်းလတ်(လင်းခေး)**

၂၀၁၄–၁၅ဘဏ္ဍာနှစ်အခွန်ဆိုင်ရာ ရှင်းလင်းပွဲ ကျင်းပ

ဘုတလင်၊ မေ ၂၉

၂၀၁၄ -၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စု အခွန်အကောက်ဥပဒေဆိုင်ရာ ရှင်းလင်းပွဲကို မုံရွာခရိုင်၊ ဘုတလင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မဟာဗန္ဓုလ အစည်းအဝေးခန်းမ၌ မေ ၂၆ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘုတလင်မြို့နယ် အခွန်ထမ်းပြည်သူများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမင်းစည်သူက ၂၀၁၄ -၂၀၁၅ ဘဏ္ဍာနှစ်ပြည်ထောင်စု အခွန်ကောက်ဥပဒေပြဋ္ဌာန်းချက်ပါ သိသင့်သိထိုက်သည့် အခွန်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက သိလိုသည့်အချက်များကို မေးမြန်းရာ ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **မုံရွာခရိုင်(ပြန်/ဆက်)**

ဒလမြို့၌ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်း၍ အခမဲ့ဆေးကုသ

ဒလ၊ မေ ၂၉

ရန်ကုန်အရှေ့ပိုင်းဆေးရုံမှ သမားတော်ကြီး ဒေါက်တာတက်ထွန်းချစ် ဦးဆောင်၍ ၃၄ ဦးပါ အထူးကုဆရာဝန်ကြီးများအဖွဲ့သည် မေ ၂၄ ရက် နံနက်ပိုင်းက ဒလမြို့သို့ ကွင်းဆင်း၍ အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။

ဆေးကုသမှုခံယူရန် လာရောက်ပြသသော ပြည်သူများအား ဒလ ပြည်သူ့ဆေးရုံ၌ စမ်းသပ်ပေးခြင်း၊ ဆေးကုသပေးခြင်းများကို အခမဲ့ စောင့်ရှောက်ဆောင်ရွက်ပေးခဲ့ရာ ဒလမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဆန်းသူရအောင်သိန်းနှင့် ကျန်းမာရေး ဆရာ၊ ဆရာမများ၊ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ကြူကြူဝင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်အေးသန္တာကျော်၊ မြို့နယ်မီးသတ်၊ ကြက်ခြေနီအဖွဲ့များ၊ NGO အဖွဲ့များနှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးတို့က ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးခဲ့သည်။

အထူးကုဆရာဝန်ကြီးများအဖွဲ့တွင် ဒေါက်တာရဲဝင်း ဦးစီးသော မျက်စိအထူးကုအဖွဲ့၊ ဒေါက်တာဆွေဇင်ဇင်အောင် ဦးစီးသော ကလေးအထူးကုအဖွဲ့၊ ခရိုင်တိုင်းရင်းဆေးမှူး ဦးသိန်းထွန်း ဦးဆောင်သော တိုင်းရင်းဆေးအဖွဲ့၊ ဒေါက်တာစန္ဒီမောင် (ပါရဂူ) ဦးဆောင်သော အမျိုးသားပြန်လည်သန်စွမ်းရေးအဖွဲ့၊ ဒေါက်တာသီဟစန်း ဦးစီးသော ခွဲစိတ်အထူးကုအဖွဲ့၊ ဒေါက်တာတက်ထွန်းချစ် ဦးစီးသော သမားတော်အထူးကုအဖွဲ့၊ ဒေါက်တာတင်နှောင်းဖြူ ဦးစီးသော သားဖွားမီးယပ်အထူးကုအဖွဲ့နှင့် ဒေါက်တာနှင်းဖြူ ဦးဆောင်သော နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုအဖွဲ့တို့က အခမဲ့စမ်းသပ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

ယင်းနေ့က လာရောက်ပြသသူဦးရေ စုစုပေါင်း ၁၈၃ ဦးရှိရာ လွှဲပြောင်းလူနာ အမျိုးသားသုံးဦးနှင့် အမျိုးသမီးခြောက်ဦး စုစုပေါင်း လွှဲပြောင်းလူနာ ကိုးဦးကိုလည်း အခမဲ့ ဆေးကုသခွင့်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သန်းဌွေး(ဒလ)**

မကွေးတိုင်းဒေသကြီးအတွင်းရှိဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများအား မကွေးမြို့ စည်ပင်သာယာရေးကော်မတီမှ ပညာရေး ထောက်ပံ့

မကွေး၊ မေ ၂၉

မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ ဝန်ထမ်းသားသမီးများကို ပညာရေးထောက်ပံ့ခြင်း အခမ်းအနားအား မေ ၂၇ ရက် နံနက် ၉ နာရီတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ပညာသင်ကြားမည့် ကျောင်းနေအရွယ် သူငယ်တန်းမှ လေးတန်းအထိ ကျောင်းသား၊ ကျောင်းသူဦးရေ ၃၀၊ အလယ်တန်းကျောင်းသား၊ ကျောင်းသူဦးရေ ၂၀ နှင့် အထက်တန်းကျောင်းသား၊ ကျောင်းသူ ၁၅ ဦး တို့ကို ကျောင်းဝတ်စုံများ ကျောင်းသုံးစာအုပ်များနှင့် ပညာသင်စရိတ်ထောက်ပံ့ငွေများကို ကျောင်းသား၊ ကျောင်းသူ ၆၅ ဦး၏ မိဘများထံပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ပညာရေးထောက်ပံ့စရိတ် ကျောင်းသုံးစာအုပ်များနှင့် ကျောင်းဝတ်စုံများအတွက် ထောက်ပံ့လှူဒါန်းငွေကျပ်စုစုပေါင်း ၂၃၆၃၇၅ ကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနေမျိုးနိုင်က ပေးအပ်လှူဒါန်းခဲ့သည်။ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများ၏ မိဘများအား ပညာသင်ထောက်ပံ့ခြင်းဆိုင်ရာ အခက်အခဲရှိပါက တင်ပြကြရန်နှင့် မိမိတို့ဘက်မှလည်း အခက်အခဲများကို ကူညီဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားကို အမှုဆောင်အရာရှိများ၊ စည်ပင်သာယာရေးကော်မတီဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ကျောင်းသား၊ ကျောင်းသူမိဘများ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဇွဲထက်ရှင်**

MEP Mining Limited
MEP Mining Limited
MEP Mining Limited
MEP Mining Limited

ပျောက်ဆုံး

ပျောက်ဆုံး

အာဆီယံပညာသင်ဆုပေးရန် စင်ကာပူကမ်းလှမ်း

မန္တလေး၊ မေ ၂၉

၂၀၁၅ ပညာသင်နှစ်အတွက် အာဆီယံပညာသင်ဆုကို စင်ကာပူနိုင်ငံက မြန်မာနိုင်ငံရှိ ထူးချွန်ကျောင်းသား၊ ကျောင်းသူများအတွက် ကမ်းလှမ်းထားပြီး ရွေးချယ်ခံရသူများသည် စင်ကာပူနိုင်ငံရှိ ကျောင်းများတွင် Secondary Three မှ Pre-University Low Level အဆင့်အထိ လေးနှစ်တာ ပညာသင်ဆုရရှိမည်ဖြစ်သည်။

အာဆီယံပညာသင်ဆု လျှောက်ထားလိုသူများသည် မြန်မာနိုင်ငံသားဖြစ်ရမည်ဖြစ်ပြီး ၁၉၉၈ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း မွေးဖွားသူ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကအထက်တန်းကျောင်းများ၊ အပြည်ပြည်ဆိုင်ရာ ကျောင်းများမှ အဌမတန်းနှင့်ညီမျှသော အတန်း Grade-9 အောင်မြင်ပြီး အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ ထူးချွန်ရမည်ဖြစ်သည်။

အရည်အချင်းကိုက်ညီသူများသည် မေ ၃၀ ရက် နောက်ဆုံးထား၍ တိုင်းဒေသကြီး ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံးများတွင် လျှောက်ထားနိုင်ပြီး မေ ၃၁ ရက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ အထက်မြန်မာပြည်မှ လျှောက်ထားသူများ မန္တလေးမြို့ အမှတ်(၁၆) အ. ထ. က တွင် အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံဘာသာရပ်များ ဖြေဆိုရမည်။

အာဆီယံပညာသင်ဆု လျှောက်ထားမှုနှင့်ပတ်သက်ပြီး ဆွေးနွေးမှုအားတွေ့ရစဉ်။

ရေးဖြေစာမေးပွဲအောင်စာရင်းကို ဇွန် ၂ ရက်တွင် အ. ထ. က (၁၆) တွင် ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

ရွှေလှန်ဗိုလ်ဒေသရှိ ကျေးရွာ ၁၄ ရွာ လျှပ်စစ်ဓာတ်အားရရှိရေး ကွင်းဆင်းဆောင်ရွက်

မန္တလေး၊ မေ ၂၉

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးကျော်မြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၇ ရက် မွန်းလွဲပိုင်းက ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်းရှိ မီးသွေးဘုတ်ကျေးရွာအနီး ရွှေလှန်ဗိုလ်မြစ်ရေတင်လုပ်ငန်း ရှင်းလင်းဆောင်သို့ရောက်ရှိ၍ မီးသွေးဘုတ်ကျေးရွာအုပ်စုနှင့် ဒေါင့်ကြီးကျေးရွာအုပ်စုအတွင်း ကျေးရွာပေါင်း ၁၄ ရွာအား လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ကျေးရွာမီးလင်းရေးကော်မတီများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးရွာ ၄၇၈၀ ရွာအား မီးလင်းရေးဆောင်ရွက်ပေးထားမှု အခြေအနေများ၊ ရွှေလှန်ဗိုလ်ဒေသ ကျေးရွာ ၁၄ ရွာအား လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၃၃/၁၁ ကေဗွီ ၁၂၅၀ ကေဗွီအေ ဓာတ်အားခွဲရုံတစ်ရုံတည်ဆောက်ပြီး ကျန်ကျေးရွာများသို့ ၁၁ ကေဗွီ ဓာတ်အားလိုင်းများ တည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများ၊ ကျေးရွာမီးလင်းရေးကော်မတီဝင်များ၏ တင်ပြချက်များအပေါ် ပြန်လည်ဖြေကြားပြီး လိုအပ်သည်များဖြည့်ဆည်းပေးခဲ့ကြောင်းသိရသည်။ **သီဟကိုကို(မန္တလေး)**

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော်၊ မေ ၂၉

၂၀၁၄ ခုနှစ်၊ မေ ၂၆ ရက် နံနက် ၁၁ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၄၁) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ(၈)လမ်းနေ ကြီးညွှန့် ၃၆ နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ နေအိမ်အိပ်ခန်းရှိ ကော်ဗူးအတွင်းမှ WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၊ တန်ဖိုးငွေကျပ် ၁၃ သိန်းအား သိမ်းဆည်းရမိခဲ့သောကြောင့် ကြီးညွှန့်အား သုဝဏ္ဏနယ်မြေရဲစခန်း မယ(ပ)၆/၂၀၁၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

မီးသတ်ရေတိုင်နှင့် ရေလှောင်ကန် တည်ဆောက်

နွားထိုးကြီး၊ မေ ၂၉

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ခွင့်ပြုရန်ပုံငွေမှ ဒေသဖွံ့ဖြိုးရေးအတွက် နွားထိုးကြီးမြို့တွင် ကျပ် ၄၇ သိန်းဖြင့် လေးလက်မမီးသတ်ရေတိုင်သုံးတိုင် ကျပ်သိန်း ၃၀ ဖြင့် ဂါလန် ၁၀၀၀၀ ဆံ့ မီးသတ်ရေလှောင်ကန်ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်/ရပ်ကွက် ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုအဖွဲ့တို့မှ ကြီးကြပ်၍ မီးသတ်ဦးစီးဌာနနှင့် မီးဘေးတားဆီးရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက် ပြီးစီးခဲ့သည်။ အမှတ်(၂)ရပ်ကွက်အတွင်းတွင်လည်း မီးသတ်ရေတိုင်နှစ်တိုင်ကို ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။ မီးလောင်ပါက ယခင်ကကဲ့သို့ ရေစုကန်တွင် သွားမဖြည့်ရတော့သည့်အတွက် အချိန်ကုန်သက်သာပြီး မီးသတ်ရေတိုင်များတွင် ရေကိုအလွယ်တကူဖြည့်တင်းနိုင်ကာ အချိန်တိုအတွင်း ဖြစ်ပွားရာနေရာသို့ ပြန်လည်မီးငြိမ်းသတ်နိုင်တော့မည်ဟု မီးဘေးတားဆီးရေးအဖွဲ့မှ ဦးကျော်စန်းလွင်က ပြောသည်။ **သန်းအောင်ဇော်(နွားထိုးကြီး)**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ပန်းတနော်ကျေးရွာ ၁၆ ရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာကြီးကြပ်မှုကော်မတီများဖွဲ့စည်း

ပန်းတနော်၊ မေ ၂၉

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၆ ရွာတွင် မြစိမ်းရောင် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ခရိုင်နှင့်မြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီက ကျေးရွာတစ်ရွာချင်းသို့ ကွင်းဆင်း၍ ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီများအား ပြည်သူများ၏ဆန္ဒဖြင့် မဲစနစ်ရွေးချယ် ဖွဲ့စည်းတာဝန်ပေးခဲ့ကြောင်းသိရသည်။

"ကျွန်တော်တို့ ကျေးရွာမှာ နိုင်ငံတော်က ပံ့ပိုးပေးတဲ့ အရင်းမပျောက် မတည်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ရပါတယ်။ ဒီငွေတွေကို အရင်းမပျောက်စေဘဲ ကျေးရွာသူ၊ ကျေးရွာသားတွေကို အတိုးနှုန်းသက်သာစွာနဲ့ အရင်းအနှီးအဖြစ် လုပ်ငန်းပေါ်မူတည်ပြီး ထုတ်ချေးသွားမှာပါ။ ရလာတဲ့အတိုးကို ကျွန်တော်တို့ကျေးရွာရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ အသုံးပြုလို့ရမှာဆိုတော့ ရွာသူရွာသားတွေလည်း အလွန်ပဲ ဝမ်းသာနေကြပါတယ်။ မတည်ပေးတဲ့ နိုင်ငံတော်ကိုလည်း အထူးကျေးဇူးတင်ပါတယ်" ဟု ခနွဲကဘိုကျေးရွာ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်အောင်က ပြောသည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်းကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ရာသို့ ပန်းတနော်မြို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း၊ မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းလင်းထွန်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇေယျာနိုင်နှင့် မြို့နယ်ကော်မတီဝင်များက မေ ၅ ရက်မှ မေ ၂၇ ရက်ထိ ကွင်းဆင်း၍ စီမံကိန်းအကောင်အထည်ဖော်ရေး နည်းလမ်းများ၊ ရန်ပုံငွေစီမံခန့်ခွဲမှုနည်းလမ်းများအား သင်ကြားပို့ချခဲ့သည်။ **ခင်မောင်ဇော်မြင့်**

မြင်းခြံခရိုင်နှင့် မိတ္ထီလာခရိုင်အတွင်းရှိ ဝန်ထမ်းများအတွက် ကုန်သွယ်မှုမြှင့်တင်ရေး ရက်တိုသင်တန်းဖွင့်

မြင်းခြံ၊ မေ ၂၉

မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် မြင်းခြံခရိုင်နှင့် မိတ္ထီလာခရိုင်အတွင်းရှိ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနလက်အောက်ရှိ ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး ရက်တိုသင်တန်းကို ၂၀၁၄ ခုနှစ် မေ ၂၆ နှင့် ၂၇ ရက်များတွင် မြင်းခြံမြို့ အမှတ်(၂)ရပ်ကွက် ဧရာဝတီခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးရက်တိုသင်တန်းကို မိတ္ထီလာမှ ၁၁ ဦး၊ ရမည်းသင်းမှတစ်ဦး၊ မြင်းခြံမှကိုးဦး၊ ညောင်ဦးမှသုံးဦး စုစုပေါင်းသင်တန်းသား၊သင်တန်းသူ ၂၄ ဦးတက်ရောက်ခဲ့သည်။

သင်တန်းသို့ မန္တလေးတိုင်းဒေသကြီးကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှဦးစီးအရာရှိ (ဌာနခွဲမှူး) များမှ လာရောက်ပို့ချပြီး ပြည်သူများကြားဝန်ထမ်းများအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ရာတွင် ဆောင်ရန်၊ ရှောင်ရန်ရှိသည်များနှင့် ဦးစီးဌာနလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အဆင့်ဆင့်တင်ပြနိုင်ရေး ဦးစားပေး၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

အမည်ပြောင်း
အဖ ဦးမျိုးဆန်း၏သမီး မမျိုးသီရိအား ယနေ့မှစ၍ မမျိုးမြတ်ခင် ဟုခေါ်ပါရန်။
မမျိုးမြတ်ခင်

ဖခင်အမည်မှန်
ပန်းတနော်မြို့နယ်၊ အ. မ. က မြစ်ဝဒေါင့်ကြီး၊ စတုတ္ထတန်းမှ မပိုးအိဖြူ၏ ဖခင်အမည်မှန်မှာ ဦးတေဇာဝင်း[၁၄/မမန(နိုင်)၁၄၈၈၇၆]ဖြစ်ပါကြောင်း။
ဦးတေဇာဝင်း

စာပေမြင့်မှ လူမျိုးတင့်မည်

ဆောင်းပါး

ဆေးလိပ်ဆေးရွက်သည်အရေး အခွန်တိုးမြှင့်စည်းကြပ်ပေး

à aZ ,wkau;G

ရှိုက်ထုတ်လိုက်သော မီးခိုးငွေ့လေးများ၏ ဝေ့ဝဲရစ်ဖွဲ့မှုပုံသဏ္ဌာန်ကြောင့်လား၊ လက်ချောင်းကြားတွင် ညှပ်ထားလျက် မီးစာစွဲကာကျန်ရစ်သော ပြာတောင့်လေးကို ဆတ်ခနဲ တောက်ချွေလိုက်ရသော နှစ်သက်မှုအာရုံတစ်ခုကြောင့်လား၊ နှုတ်ခမ်းဖျားမှလွှတ်ချလိုက်သော အရာတစ်ခုကို နင်းချေလိုက်ရသည့် ရသာထူးတစ်ခုကြောင့်ပင်လား။ သေချာမှုတစ်ခုက မြို့များ ရွာများတွင်၊ လူကြီးများ ဘဝသင်စလူငယ်လေးများတွင် ဆေးလိပ်များနှင့် ရင်းနှီးကျွမ်းဝင်မှုအဆောက်အဦ ခိုင်မာနေခြင်းပင် ဖြစ်သည်။ မကောင်းမှုဟူသည် သွေးကကြိုက်သော ဓာတ်စာတစ်မျိုးဖြစ်ပါက ဆေးလိပ်ကို နေ့ညမပြတ် သွေးကတောင့်တနေခြင်းအား မကောင်းမှုဟုပင် ဆိုရပါလိမ့်မည်။

မည်သို့ဆိုစေ ကျွန်တော်တို့ပတ်ဝန်းကျင်ရှိ လူများသည် ကိုယ့်ကိုယ်ကိုယ် ချစ်သည် ထင်သည့်စိတ်ကြောင့် သွေးတောင်းသမျှ စိတ်ဆန္ဒအလိုကျ ကွမ်း၊ ဆေးလိပ်နှင့် မူးယစ်စရာမှန်သမျှအား သုံးစွဲနေကြဦးမည်ပင် ဖြစ်သည်။ 'ဆေးလိပ်သောက်တယ်ဆိုတာ အရွယ်ရောက်ပြီးသားလူတွေရဲ့ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ဖြစ်တယ်။ လူတွေရဲ့လွတ်လပ်ခွင့်ကို လေးစားရမယ်" ဟု ဆေးလိပ်ရောင်းချသူများ၊ ထုတ်လုပ်သူ လုပ်ငန်းရှင်များကလည်း အားပေးအားမြှောက်လုပ်နေကြပြန်သည်။

သို့ဆိုပါလျှင် 'ဆေးလိပ်ရောင်းတယ်ဆိုတာ လူ့အလွှာအသီးသီးရဲ့ ကျန်းမာပျော်ရွှင်မှုကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်ခြင်းသာဖြစ်တယ်။ ရွေးချယ်ပိုင်ခွင့်၊ လွတ်လပ်ခွင့်ဆိုတဲ့ လူ့အခွင့်အရေးကို ခုတုံးလုပ်အမြတ်ထုတ်ခြင်းသာဖြစ်တယ်' ဟု ပြန်ပြောရပေတော့မည်။

ဆေးလိပ်သောက်ရခြင်းအတွက် ဆင်ခြေနှင့်အကြောင်းအမျိုးမျိုး ရှိနိုင်ပါသည်။ စမိပြီး စွဲကာမဖြတ်နိုင်သောကြောင့်၊ စတိုင်ကျသည်၊ လူကြီးလူကောင်းဆန်သည်၊ လူရာဝင်သည် ထင်သောကြောင့်၊ တွေး၍ကောင်းအောင်လှုံ့ဆော်နိုင်သောကြောင့်၊ ပျင်းရိမှုကို အပေါင်းအဖော်လုပ်ပေးနိုင်သောကြောင့် စသည့်စိတ်ပိုင်းဆိုင်ရာအကြောင်းပြချက်များစွာကို တွေ့ရပါလိမ့်မည်။ သောက်သုံးသူတိုင်း လက်ခံထားသော အကြောင်းခြင်းရာများလည်းဖြစ်နေပြန်သည်။

ဆေးလိပ်သမိုင်း၏ ခြေရာအစကို ပြန်ကောက်သော်နယ်မြေသစ်ရှာဖွေသူကိုလံဘတ် ခရစ်သက္ကရာဇ် ၁၄၉၂ ခုနှစ်တွင် အမေရိကတိုက်ရှိ ဗဟားမားကျွန်းရောက်ရှိစဉ်ကျွန်းနေလူရိုင်းများ သစ်ရွက်တချို့ကို မီးရှို့ရှူရှိုက်နေသည်ကို တွေ့ရှိမှုမှ စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လူရိုင်းခေါင်းဆောင်ပေးလိုက်သော အရွက်အချို့ဥရောပသို့ ကိုလံဘတ်ယူဆောင်လာခြင်း၊ မက္ကဆီကိုနိုင်ငံရောက် စပိန်လူမျိုးသံတမန် ဖရန်စစ္စကိုဟာနန်ဒက်ဆေးရွက်ကြီးပင် ဥရောပသို့ယူဆောင်လာခြင်း၊ ပေါ်တူဂီတွင် သံတမန်တာဝန် ထမ်းဆောင်နေသူ ဇန်းနီကောမှပြင်သစ်ဘုရင်မ၏ မယ်တော်အား ဆေးရွက်ကြီးမျိုးစေ့ဆက်သခြင်းတို့ကြောင့် ဥရောပတိုက်တွင် ဆေးရွက်ကြီးရာဇဝင် စတင်ခဲ့ခြင်းဖြစ်သည်။

ဆေးရွက်ကြီးတွင်ပါဝင်သည့် စွဲလမ်းစေသော ဓာတ်တစ်မျိုးအား သံတမန်အမတ်ကြီး ဇန်းနီကောကိုဂုဏ်ပြုသောအားဖြင့် 'နီကော့တင်း' ဟု အမည်မှည့်ခေါ်ခဲ့ကြသည်။ ဆေးရွက်ကြီးသည် မင်းအသုံးအဆောင်ပစ္စည်းတစ်ခုအဖြစ် ဥရောပတွင်နာမည်ကျော်ကြားခဲ့ပြီး ဆေးဝါးအဖြစ်လည်း သုံးဆောင်ခဲ့ကြသည်။ ၁၆၆၄ ခုနှစ် မှ ၁၆၆၆ ခုနှစ်အတွင်း ပုလိပ်ရောဂါကာကွယ်ရန် လူငယ်များအားဆေးတန်တစ်အိုး ရှူရှိုက်စေခဲ့သည်။

ပုလိပ်ရောဂါ၏ ဇာစ်မြစ်မှာ ကြွက်လေးများမှ ကူးစက်ကြောင်း မသိခဲ့ကြပေ။ ၁၀ ရာစုခန့်တွင် ပေါ်တူဂီနှင့်အီတလီနိုင်ငံများ၌ စက္ကူဖြင့်ဆေးလိပ်လိပ်သည့်ဓလေ့ ထွန်းကားလာခဲ့သည်။ သမိုင်းမှတ်တမ်းများအရ မြန်မာသက္ကရာဇ် ၉၉၁ ခုနှစ် သာလွန်မင်းတရားကြီးလက်ထက်တွင် ဆေးတံ

> **အဆိုးရွားဆုံးမှာ (Passive Smoking) အလိုမတူဘဲ ဆေးလိပ်ငွေ့ရှူမိသောကြောင့် ရောဂါခံစားရသည့် လူ့ပတ်ဝန်းကျင်၏ကျန်းမာရေးပြဿနာပင်. . .**

သောက်ဆေး စတင်ရောက်ရှိခဲ့ပြီး မြန်မာသက္ကရာဇ် ၁၁၂၈ ခုနှစ် ဆင်ဖြူရှင်မင်းတရားကြီးလက်ထက်တွင် ယိုးဒယားလူမျိုးတို့ကို အတုယူကာ ငှက်ပျောဖတ်၊ ပြောင်းဖူးဖတ်၊ သနပ်ဖတ် စသည့်ဖတ်အမျိုးမျိုးဖြင့် ဆေးလိပ်စတင်သောက်ခဲ့ကြောင်း သိရသည်။

ကမ္ဘာတစ်လွှားတွင် ဆေးလိပ်ကို လူကြိုက်များလာသည့်အတွက် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းအနေဖြင့် အာရုံစိုက်မိလာကြသည်။ ဆေးရွက်ကြီးစိုက်ပျိုးထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုကြောင့် နိုင်ငံသားများအတွက် အလုပ်အကိုင်များရရှိစေပြီး နိုင်ငံအတော်များများအတွက် နိုင်ငံခြားဝင်ငွေရရှိစေသော ပင်မလုပ်ငန်းကြီးတစ်ခု ဖြစ်လာခဲ့သည်။ ၁၉၈၇ ခုနှစ်ဝန်းကျင်က ဆေးရွက်ကြီးတင်ပို့မှုတွင် အမေရိကန်နှင့် ဘရာဇီးနိုင်ငံများသည် ထိပ်ဆုံးအဆင့်မှ ရပ်တည်ခဲ့ပြီး၊ မာလာဝီနိုင်ငံ၏ ဝင်ငွေ ၇၀ ရာခိုင်နှုန်း၊ ဇင်ဘာဗွေနိုင်ငံ၏ ထုတ်ကုန် ၂၀ ရာခိုင်နှုန်းတို့သည် ဆေးရွက်ကြီးမှဖြစ်ကြောင်း သိရသည်။ သို့ဖြစ်၍ နိုင်ငံအသီးသီး၏ နိုင်ငံဘဏ္ဍာဖြည့်ဆည်းရေး လိုအပ်ချက်အတွက် တစ်ကမ္ဘာလုံးအတိုင်းအတာသို့ ကျယ်ပြန့်လာခဲ့ရခြင်းဖြစ်သည်။

စီးကရက်ဆိုသော ဝေါဟာရကို ပြင်သစ်နိုင်ငံမှ စတင်သုံးစွဲခဲ့ခြင်းဖြစ်ပြီး ကျူးဘားနိုင်ငံ၊ ဟာဗားနားမြို့တွင် ၁၈၅၃ ခုနှစ်၌ ပထမဆုံးစီးကရက်စက်ရုံ တည်ထောင်ခဲ့ကြသည်။ ၂၀ ရာစုနှစ်ဦးပိုင်းတွင် ကမ္ဘာတစ်ဝှမ်းလုံး စီးကရက်စက်ရုံများ အပြိုင်အဆိုင် ပေါ်ထွန်းခဲ့သည်။ ပထမကမ္ဘာစစ်ပြီးစတွင် မြန်မာနိုင်ငံသို့ စီးကရက်စတင်ရောက်ရှိခဲ့ပြီး၊ ဒုတိယကမ္ဘာစစ်အပြီး အင်္ဂလိပ်တို့မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာချိန်တွင် ပိုမိုပေါများ၍ သောက်သုံးလာကြကြောင်း သိရသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် စီးကရက်စက်ရုံများ တည်ဆောက်လည်ပတ်ခဲ့ကြပြီး ၁၉၅၅ ခုနှစ် ဗာဂျီးနီးယားဆေးစီမံကိန်း စတင်အကောင်အထည်ဖော်မှုနောက်ပိုင်း ဆေးရွက်ကြီးစိုက်ခင်းများ တိုးတက်လာသည့်နည်းတူ စီးကရက်ထုတ်လုပ်မှုနှင့် သုံးစွဲမှုများ မြင့်မားလာခဲ့သည်။

ဆေးရွက်ကြီးစိုက်ပျိုးမှုနှင့် ဆေးလိပ်ထုတ်လုပ်မှုအား နိုင်ငံပိုင်နှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ အပြိုင်အဆိုင်မလုပ်ကိုင်မိကတည်းကပင် ဆေးရွက်ကြီးသည် လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင် အစွန့်ရှည်ကြာရေးအတွက် အဓိကအန္တရာယ်ဖြစ်စေလိမ့်မည်ဟု ပညာရှင်များက တွက်ချက်ခန့်မှန်းခဲ့ကြသည်။ သစ်တောပြုန်းတီးခြင်း၊ မြေဆီလွှာခန်းခြောက်ခြင်းနှင့် ပိုးသတ်ဆေးကြောင့် မြေဆီလွှာညစ်ညမ်းခြင်းတို့သည် ဆေးရွက်ကြီးစိုက်ပျိုးမှုကြောင့်ဖြစ်ကြောင်း ဝေဖန်ထောက်ပြလာကြသည်။ ဆေးပညာရှင်များ၏ တွေ့ရှိချက်အရ နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ ခန္ဓာကိုယ်၏ အခြားအစိတ်အပိုင်းများဖြစ်သော ခံတွင်း၊ အစာမျိုပြွန်လမ်းကြောင်း၊ အစာအိမ်၊ သရက်ရွက်၊ ဗလပွန်ဝ၊ ကျောက်ကပ်၊ ဆီးအိမ်နှင့်သားအိမ်ဝ ကင်ဆာရောဂါများ၊ အိမ်ထောင်ရေးသုခမပြည့်စုံခြင်း၊ သားသမီးရတနာ မထွန်းကားခြင်းတို့အပြင် အမျိုးသမီးနှင့် ရင်သွေးဆိုင်ရာ ကျန်းမာရေးပြဿနာများ၏ တရားခံ ဆေးလိပ်၏ ဆိုးကျိုးများအား သိရှိလာခဲ့ကြသည်။ အဆိုးရွားဆုံးမှာ (passive smoking) အလိုမတူဘဲ ဆေးလိပ်ငွေ့ရှူမိသောကြောင့် ရောဂါခံစားရသည့် လူ့ပတ်ဝန်းကျင်၏ ကျန်းမာရေးပြဿနာပင် ဖြစ်သည်။

ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ၁၉၈၅ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၌ ဒေါ်လာသန်းပေါင်း ၂၀၀၀၊ ဗြိတိန်နိုင်ငံ၌ ပေါင်စတာလင်သန်း ၄၀၀၊ ဩစတေးလျနိုင်ငံ၌ ၁၉၈၈ ခုနှစ်အတွင်း ဒေါ်လာသန်း ၇၆၀ အား ကျန်းမာရေးအသုံးစရိတ်အဖြစ် သုံးစွဲခဲ့ရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ၂၀၁၂ ခုနှစ် သတင်းထုတ်ပြန်ချက်အရ နှစ်စဉ်လူဦးရေခြောက်သန်းကျော်သည် ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ဖြစ်ပွားသည့်ရောဂါများဖြင့် သေဆုံးလျက်ရှိပြီး ၎င်းတို့အထဲမှ ခြောက်သိန်းကျော်သည် တစ်ပါးသူ၏ဆေးလိပ်ငွေ့ကြောင့်ရောဂါရ သေဆုံးရခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ကျန်းမာရေး၊ လူမှုရေးစစ်တမ်းများအရ ဆေးလိပ်စွဲသူတစ်ဦး၏ တစ်နှစ်အတွက် ဆေးလိပ်ဖိုးကုန်ကျငွေသည် ပညာရေးထက် ၂ ဒသမ ၄ ဆ၊ ကျန်းမာရေးထက် ၅ ဒသမ ၅ ဆ ပိုများသည့်အပြင် ကွမ်းစွဲသူတစ်ဦးအနေဖြင့် ပညာရေးထက် ၃ ဒသမ ၂ ဆ၊ ကျန်းမာရေးစရိတ်ထက် ၈ ဒသမ ၃ ဆ ပိုများကြောင်း လေ့လာတွေ့ရှိရပြီး ကွမ်းနှင့်ဆေးလိပ် နှစ်မျိုးလုံးသုံးစွဲသူတစ်ဦးသည် ပညာရေးထက် ၁၃ ဒသမ ၄ ဆ၊ ကျန်းမာရေးစရိတ်ထက် ၃၄ ဒသမ ၆ ဆ ပိုသုံးစွဲနေကြောင်း သိရသည်။

၂၀၁၁ ခုနှစ် စစ်တမ်းများအရ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်း ကျောင်းသား၊ ကျောင်းသူများ၏ ၆၈ ရာခိုင်နှုန်းသည် ဆေးလိပ်သောက်သုံးနေကြသည်ကို မှတ်တမ်းတင်နိုင်ခဲ့သည်။

ကမ္ဘာတစ်ဝန်းတွင် ဆေးပညာရပ်ဆိုင်ရာ စာပေများ၌ ဆေးလိပ်နှင့်သက်ဆိုင်သည့် စာတမ်းပေါင်း ၆၀၀၀၀ ကျော်ရေးသားကာ ဆေးလိပ်နှင့် ဆေးရွက်ကြီးဆိုးကျိုးများအား ကာကွယ်နိုင်ရန် တပ်လှန့်နှိုးဆော် သတိပေးလျက်ရှိသည်။ သို့သော်လည်း ပြီးခဲ့သောဆယ်စုနှစ်အတွင်း ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲသူများ သိသိသာသာတိုးပွားလာလျက်ရှိပြီး ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံမက များလာဖွယ်ရာပင်ဖြစ်နေပေသည်။

မိရိုးဖလာဓလေ့ထုံးစံများ၊ မသိခြင်းတရားများ၊ ဝိသမလောဘသားတို့၏ ဈေးကွက်သားကောင်များဖြစ်သည့် ကျောင်းသားလူငယ်များ၊ အမျိုးသမီးငယ်များ၊ သူတို့၏ အထင်ကြီးစွဲလမ်းယုံမှတ်မှုများ၊ စာပေနှင့်အနုပညာရှင်တို့၏ ဩဇာလွှမ်းမိုးမှုများ စသည့်အကြောင်းတရားများကို အမြစ်ပြတ်ချေမှုန်းဖို့ရန် လွယ်မည်မဟုတ်ပါ။ အစွန်းအထင်းကို ချွတ်ဖို့သာလွယ်ပါမည်။ အစွဲအလမ်းကို ချွတ်ရန်ကား တန်ခိုးရှင်များကူညီ၍ပင် ပြီးမြောက်လိမ့်မည် မဟုတ်ပါ။ သို့သော် မကောင်းမှုအစွဲ၏အန္တရာယ်ကို ကောင်းမှု၊ ကောင်းကျိုးလိုလားသူများက အစွမ်းကုန်တားဆီးခုခံပိုင်ခွင့်ကား ရှိနေသေး၏။

၁၉၉၇ ခုနှစ် အမေရိကန်တွင် လေယာဉ်မယ် နော်မာဘရိုအင်ဦးဆောင်သည့် လေယာဉ်မောင်မယ်ဦးရေ ၆၀၀၀၀ က သူတို့အလုပ်လုပ်ရသည့် လုပ်ငန်းခွင်ဝန်းကျင်ရှိ များပြားသော စီးကရက်ငွေ့များကို တာရှည် နှစ်ရှည်ရှူမိသောကြောင့် ကျန်းမာရေးထိခိုက်သည်ဟုဆိုကာ စီးကရက်ကုမ္ပဏီကြီးငါးခုအား လျော်ကြေးငွေ ငါးဘီလီယံရလိုကြောင်း တရားစွဲဆိုခဲ့ပြီး တရားရုံးမှ တရားလိုများအား အနိုင်ပေးခဲ့သည်။ ဆေးလိပ်ကုမ္ပဏီကြီးများအနေဖြင့် ဥရောပနှင့်အနောက်နိုင်ငံများတွင် သုတေသနစာတမ်းများအရလည်းကောင်း၊ တရားစွဲဆိုမှုများကြောင့်လည်းကောင်း၊ အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများနှင့် လုပ်ငန်းခွင်တွင်း ဆေးလိပ်မသောက်ရသည့် ဥပဒေများအရလည်းကောင်း၊ စီးကရက်အခွန်အခ တိုးမြှင့်ခြင်းကြောင့် အမြတ်အစွန်းထိခိုက်လာမှုကြောင့်လည်းကောင်း ရောင်းအားများကျဆင်းလျက်ရှိကြောင်း သိရသည်။

ဆက်လက်ဖော်ပြပါမည်။

ဦးဝင်းကို
B.Com(Q), C.P.A, ACCA (B)
LCCI LEVEL 1&2,3
စာရင်းကိုင်သင်တန်းများ
Tel - 09 520 7139, 09 511 8640

မိတ်ကပ်ဆရာ သင်တန်းခေါ်

BONITA
Academy of English
IELTS, IGCSE, TOEFL, SAT, 4 SKILLS
Starters, Movers, Flyers, KET, PET, FCE...
No.142, 1st Fl., 40th St., Botahtaung Tsp., Yangon

SHINE

ဖလင်းတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

မြေကွက်ဝယ်လိုသည်
09 31268183
09 31589922

ချင်းတွင်းအထက်ပိုင်းဒေသများတွင် ဆက်သွယ်ရေး ကောင်းမွန်တော့မည်

စစ်ကိုင်း၊ မေ ၂၉

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၃၇ မြို့နယ်ရှိသည့်အနက် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ချင်းတွင်းအထက်ပိုင်းဒေသများဖြစ်သည့် ခန္တီးမြို့၊ ဟုမ္မလင်းနှင့် ဖောင်းပြင်စသည့်ဒေသများတွင် ဆက်သွယ်ရေးအဝေးဆက်ကြောင်းလိုင်းများ မရရှိသေးသောကြောင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှအစပြုကာ ချင်းတွင်းဆက်သွယ်ရေး ဆက်ကြောင်းသစ်ကို စတင်အကောင်အထည်ဖော်ရာ ယခုအခါတွင်ဆက်သွယ်ရေးအဆောက်အအုံတည်ဆောက်မှုနှင့်ဆက်သွယ်ရေးတာဝါတိုင် တည်ဆောက်မှုမှာရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်းစစ်ကိုင်းတိုင်းဒေသကြီးဆက်သွယ်ရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်ဒေသများရှိခန္တီး၊ လင်းဖား၊ ဟုမ္မလင်း၊ ပင်းမာ၊ အုန်းဘက်၊ ဖောင်းပြင်၊ မိုင်းချောင်းနှင့်ကျီးပင်ဒေသများတွင် မြန်မာပိုတော်ကုမ္ပဏီက အသစ်တည်ဆောက်လျက်ရှိသော မိုက္ကရိုစခန်းရှစ်ခု၏ စက်မှုအဆောက်အအုံနှင့် ဆက်စပ်လုပ်ငန်းများ တည်ဆောက်ရေးနှင့် တာဝါတိုင်များကို တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ချင်းတွင်းဆက်ကြောင်းဖြစ်သည့် နေရာရှစ်နေရာတွင် ပြီးစီးနေပြီဖြစ်သည့် အဆောက်အအုံတွင် စက်တပ်ဆင်ပြီးစီးပါက ၆၂ မီတာအမြင့်ရှိသော တာဝါတိုင်ရှစ်ခု ချိတ်ဆက် ဆက်သွယ်မှုကြောင့် ချင်းတွင်းဆက်ကြောင်းအတွင်း ယခင်ကထက် အဆပေါင်းများစွာ ဆက်သွယ်ရေးကောင်းမွန်လာတော့မည်ဖြစ်သည်။

အဆိုပါချင်းတွင်းဆက်သွယ်ရေးဆက်ကြောင်းစီမံကိန်းကို လာမည့် ၂၀၁၄ ခုနှစ် ဇွန်တွင် အပြီးဆောင်ရွက်လျက်ရှိပြီး ခန္တီးမြို့တွင် အော်တိုအိတ်ချိန်းများဆင်ပြီးလျှင် ကြိုးဖုန်းအဖြစ် ခန္တီးတွင် လိုင်း ၃၀၀ နှင့် ဟုမ္မလင်းတွင်လိုင်း ၂၀၀ တပ်ဆင်အသုံးပြုမည်ဖြစ်သည်။အဆိုပါကြိုးဖုန်းလိုင်းများ၏ နံပါတ်များအဖြစ်သတ်မှတ်ရာတွင် ဟုမ္မလင်းတွင် ၀၇၃ ဖြင့် ၂၄၆ စကာဂဏန်းခြောက်လုံးဖြင့်လည်းကောင်း၊ ခန္တီးတွင်၀၇၃ ဖြင့် ၂၄၈ စကာ ဂဏန်းခြောက်လုံး ဖြင့်ဆက်သွယ်နိုင်မည့်တယ်လီဖုန်းလိုင်းများ ဖြစ်သည်။

ထိုသို့ ချင်းတွင်းဆက်ကြောင်းတွင် ဆက်သွယ်ရေးစခန်းနှင့် တာဝါတိုင်ရှစ်နေရာပြီးစီးပါက GSM မိုဘိုင်းစခန်းများအဖြစ် ဟုမ္မလင်းမြို့နယ်တွင် နှစ်နေရာ၊ နောင်ပိုအောင်၊ နမ့်တောတွင် တစ်နေရာစီနှင့် ခန္တီးတွင် နှစ်နေရာ ဖော်ဆောင်ပေးသွားမည်ဖြစ်သည်။

မျိုးဝင်းထွန်း(မုံရွာ)

မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင်မြို့နယ် ရေလှောင်တမံများ ရေဝင်ရောက်မှုစစ်ဆေး

မန္တလေး၊ မေ ၂၉

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးဦးမြင့်သန်းသည် တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနညွှန်ကြားရေးမှူး အဖွဲ့နှင့်အတူ မေ ၂၈ ရက်က ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ရေလှောင်တမံများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဒိုးပင်ရေလှောင်တမံရှိတာပေါင်ရေနုတ်ပြွန်၊ ရေပိုလွှဲနှင့် ရေသိုလှောင်ထားမှုတွင် မိုးများရွာသွန်းခဲ့ခြင်းကြောင့် ၎င်းတမံရှိရေသိုလှောင်မှုပမာဏရေဂါလန် ၁၂သန်းသိုလှောင်ထားရှိပြီး ဒိုးပင်ရေလှောင်တမံမှသစ်တောပျိုးဥယျာဉ်စိုက်ခင်းနှင့်စိုက်ပျိုးရေး သစ်ခွခြံတို့ကို ရေလုံလောက်စွာပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးသည် စည်သာရေကူရေလှောင်တမံနှင့် စည်သာရေလှောင်တမံတို့ကို စစ်ဆေးရာ စည်သာရေကူရေလှောင်တမံမှ ရတနာပုံမြို့သစ်သို့ နေ့စဉ် ရေဂါလန်တစ်သန်းပေးဝေလျက်ရှိရာ ပိုလျှံရေများကို စည်သာရေလှောင်တမံသို့ ပို့လွှတ်ပေး၍ စည်သာရေကူရေလှောင်တမံတွင် ရေ ၈၂၄ ဒသမ ၁၀ ဧကပေ၊ ရေဂါလန် ၂၂၄ သန်း သိုလှောင်ထားပြီး စည်သာရေလှောင်တမံတွင် ရေ ၃၈၇ ဧကပေ၊ ရေဂါလန် ၁၀၂ ဒသမ ၇၅ သန်း သိုလှောင်ထားသောကြောင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) နှင့် ဗဟိုမီးသတ်သင်တန်းကျောင်းများသို့ ရေလုံလောက်စွာပေးနိုင်မည့်အပြင် စိုက်ပျိုးရေးအတွက်လည်း သုံးနိုင်မည်ဖြစ်ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

ရေယာဉ်များပေါ်သို့ အုပ်စုဖွဲ့ခိုးယူခြင်း မဖြစ်ရေးအတွက် မှုခင်းပညာပေး

ရန်ကုန်၊ မေ ၂၉

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြစ်ကြောင်းများအတွင်း သွားလာနေသော သင်္ဘောများ၊ ရေယာဉ်များပေါ်သို့ အုပ်စုဖွဲ့၍ တက်ရောက်ပြီး ပစ္စည်းများအားလုယက်ခြင်းနှင့် ခိုးယူခြင်းများ မဖြစ်ပွားစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့အနေဖြင့် မြစ်ကြောင်းအတွင်းပြေးဆွဲ လုပ်ကိုင်လျက်ရှိသော ရေယာဉ်လုပ်ငန်းရှင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ပြည်သူများကိုတွေ့ဆုံကာ ဆွေးနွေးမှုများဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် မေ ၂၀ ရက်က ကော့မှူးမြို့နယ်ရဲတပ်ဖွဲ့မှ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့သည် သခွတ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ရပ်မိရပ်ဖနှင့်ပြည်သူ ၃၀ တို့အားလည်းကောင်း၊ မေ ၂၁ ရက်တွင် ကျောက်တန်းမြို့နယ်ရဲတပ်ဖွဲ့မှ ကမာကလုတ်နယ်မြေ ရဲစခန်းမှူးနှင့်အဖွဲ့သည် ဖွဲ့ပါကုန်းတန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ရပ်မိရပ်ဖနှင့်ပြည်သူ ၃၅ ဦးတို့အားလည်းကောင်း၊ မေ ၂၂ ရက်တွင် ကွမ်းခြံကုန်းမြို့နယ် ရဲတပ်ဖွဲ့မှ တော်လန်းရဲကင်း စခန်းမှူးနှင့်အဖွဲ့သည် တော်ကေးကျေးရွာနှင့် တော်ကဆော့ကျေးရွာတို့၏ အုပ်ချုပ်ရေးမှူးနေအိမ်များတွင် ရပ်မိရပ်ဖ ၁၁ ဦးတို့အားလည်းကောင်း မှုခင်းပညာပေးဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ထို့ပြင် မေ ၂၃ ရက်တွင် ဒလမြို့နယ်ရဲတပ်ဖွဲ့မှ ပျော်ဘွယ်ကြီးနယ်မြေ ရဲစခန်းမှူးနှင့်အဖွဲ့သည် ညောင်ချောင်းကျေးရွာအုပ်ချုပ်ရေးမှူးနေအိမ်တွင် ရပ်မိရပ်ဖ ပြည်သူ ၂၂ ဦးနှင့် ခနုတ်စံပြကျေးရွာ ဘုရားတန်ဆောင်းတွင် ရပ်မိရပ်ဖနှင့်ပြည်သူ ၁၈ ဦးတို့အားလည်းကောင်း အသီးသီးတွေ့ဆုံကာ မြစ်ကြောင်းများအတွင်း သွားလာနေကြသော သင်္ဘောများနှင့် ရေယာဉ်များပေါ်သို့ အုပ်စုဖွဲ့၍ တက်ရောက်ပြီး ပစ္စည်းများအားလုယက်ခြင်းနှင့် ခိုးယူခြင်းများ မဖြစ်ပွားစေရေးအတွက် မှုခင်းအသိပညာပေးဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ မေ ၂၆ ရက်က ထုတ်ပြန်ခဲ့သည်။

စိုးဝင်း(ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်အတွင်း နှမ်းစပါးများ ဇွန်တတိယပတ်တွင် စတင်ရိတ်သိမ်းမည်

ရမည်းသင်း၊ မေ ၂၉

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်အတွင်း ကျီးနီကန်စိုက်ပျိုးရေသောက် နွေစပါးစိုက်ပျိုးလယ်ယာမြေများတွင် ဖြစ်ထွန်းအောင်မြင်လျက်ရှိသော နွေစပါးများအား စိုက်ပျိုးလယ်ယာမြေများတွင် စပါးပင်များမှ အနှံများထွက်စပြုပြီဖြစ်၍ ဇွန်လ တတိယပတ်အတွင်း စတင်ရိတ်သိမ်းနိုင်မည်ဖြစ်ပြီး ပုလဲသွယ်စပ်မျိုးစပါးနှင့် ရွှေသွယ်ရင်စပါးမျိုးကိုသာ အများဆုံးစိုက်ပျိုးသည်ဟု သိရသည်။

ဧပြီလအတွင်း ရွာသွန်းခဲ့သည့်မိုးနှင့် အတူပါလာသော မိုးသီးဒဏ်ကြောင့် စပါးပင်များပျက်စီးမှုမရှိသော်လည်း ပြန်လည်ထိန်းသိမ်းပြုပြင်မှုကြောင့် နွေစပါးစိုက်တောင်သူများ ငွေကြေးကုန်ကျမှုများရှိခဲ့ကြောင်း သိရသည်။

စိုက်ပျိုး ချိန်မှ နောက်ပိုင်းရိတ်သိမ်းချိန်အထိ စိုက်ပျိုးရေအဆင်ပြေ၍ စပါးထွက်နှုန်း ယခင်နှစ်ကထက်ပိုနိုင်မည်ဟု နွေစပါးစိုက်တောင်သူတစ်ဦးက ပြောသည်။

နွေစပါးကို ရမည်းသင်းမြို့နယ်အတွင်းတွင် ၁၉၆၅ ဧက၊ ပျော်ဘွယ်မြို့နယ်အတွင်းတွင် ၈၆၂ ဧက စုစုပေါင်း ရမည်းသင်းခရိုင်အတွင်းတွင် ၂၈၂၇ ဧကစိုက်ပျိုးခဲ့၍ နွေစပါးလျာထားဧကထက် ကျော်လွန်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ စုံစမ်းသိရှိရပြီး မိုးစပါးအတွက် စပါးပျိုးထောင်ရေမှာ ယခုနှစ်တွင် အခက်အခဲမရှိ၍ စပါးစိုက်တောင်သူများ ဝမ်းမြောက်ကြကြောင်း သိရသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

ဖခင်အမည်မှန်

သန်လျင်မြို့၊ အောင်မင်္ဂလာကျောင်း Grade-5 အောင်မှ မယမင်းရွှေဇင်၏ ဖခင်မှာ ဦးသူရကျော် [၇/ကတခ(နိုင်)၀၈၆၆၇၈] ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ကြောင်း

ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ စပါးထားကျေးရွာနေ မောင်ကျော်ဆန်းဦး၏ ဖခင်အမည်မှန်မှာ ဦးမောင်သိန်းရွှေ [၁၁/ပဏက(နိုင်)၀၀၆၁၈၈]နှင့် ဦးမောင်သိန်းချေသည် တစ်ဦးတည်းဖြစ်ကြောင်း။

ဦးမောင်သိန်းရွှေ(ခ)ဦးမောင်သိန်းချေ

ပြင်ဆင်ဖြည့်စွက် ပယ်ဖျက်ရန် တင်ပြထားသောသတ္တု တွင်းဥပဒေ လာမည့်လွှတ်တော်၌ အတည်ပြုနိုင်ဖွယ်ရှိ

ရန်ကုန်၊ မေ ၂၉

သတ္တုတွင်းဝန်ကြီးဌာနမှ ခေတ်ကာလနှင့်ညီညွတ်စေရန်အတွက် ပြင်ဆင်ဖြည့်စွက် ပယ်ဖျက်ရန် တင်ပြထားသော သတ္တုတွင်းဥပဒေကို ယခုကျင်းပမည့် လွှတ်တော်၌ အတည်ပြုပြဋ္ဌာန်းနိုင်ဖွယ်ရှိကြောင်း သတ္တုတွင်းဝန်ကြီးဌာနမှ သတင်းရရှိသည်။

"ကျွန်တော်တို့ သတ္တုတွင်းဥပဒေကို ပြီးခဲ့တဲ့ အမျိုးသားလွှတ်တော်မှာတော့ ဆွေးနွေးပြီးသွားပြီ ပြည်သူ့လွှတ်တော်နဲ့ ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးပြီးရင်တော့ ဆုံးဖြတ်ဖြစ်မယ်ထင်တယ်"ဟု သတ္တုတွင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းထိန်က ပြောသည်။

အဆိုပါ လွှတ်တော်၌ ဆွေးနွေးလျက်ရှိသော သတ္တုတွင်းဥပဒေတွင် ပြည်တွင်းပြည်ပနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် အချက်အလက်များ သတ္တုတွင်းတူးဖော်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများမဖြစ်စေရန်နှင့် သတ္တုတွင်းတူးဖော်ရာတွင် နေရာဒေသအတွင်းရှိ ပြည်သူများ၏ လူနေမှုဘဝများကိုလည်း ထည့်သွင်းတွက်ချက်ထားကြောင်း ၎င်းက ထပ်မံပြောကြားသည်။

၎င်းဥပဒေကို ၂၀၁၂ ခုနှစ်မှစ၍ ရှေ့နေချုပ်ရုံးသို့ တင်ပြ၍ ရှေ့နေချုပ်ရုံးမှ ပေးပို့လာသောလိုအပ်ချက်များကို အကြိမ်ကြိမ်ဆောင်ရွက်ပြီးမှ ယခုအခါ လွှတ်တော်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေထွက်ပေါ်လာပြီးနောက် ပြည်ပရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် သတ္တုတွင်းကဏ္ဍကို လာရောက်လေ့လာမှုများ၊ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လျက်ရှိနေကြောင်း သိရသည်။

သတ္တုတွင်းလုပ်ကိုင်လျက်ရှိနေသော ကုမ္ပဏီအချို့နှင့် ဒေသခံပြည်သူများကြား အငြင်းပွားမှုအချို့ရှိနေပြီး အချို့သောသတ္တုတူးဖော်သည့် ကုမ္ပဏီများမှာ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနှင့် ဒေသခံပြည်သူတို့၏ လူမှုစီးပွားများကို ငဲ့ကွက်ခြင်းမရှိဘဲ ဆောင်ရွက်မှုများလည်း ရှိနေကြောင်း သိရသည်။ **တင်မောင်ဦး**

လုံခြုံစိတ်ချရသည့် ခရီးသွားယာဉ် လိုင်းများနှင့် ပို့ဆောင်ရေးကုမ္ပဏီ များအား အသိအမှတ်ပြုတံဆိပ် များ ပြုလုပ်ပေးမည်

ရန်ကုန်၊ မေ ၂၉

မြန်မာနိုင်ငံသို့ မိမိအစီအစဉ်ဖြင့် လာရောက်လည်ပတ်သည့် ပြည်ပဧည့်သည် (FIT) နှင့် ခရီးသွားကုမ္ပဏီများ၏ အစီအစဉ်ဖြင့် လာရောက်သည့် ပြည်ပဧည့်သည်များ (Package Tour) အား ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ စစ်ဆေးကာ ခွင့်ပြုချက်ရထားသည့် လုံခြုံစိတ်ချရသော ခရီးသွားယာဉ်လိုင်းများနှင့် ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီများအား မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ ပူးပေါင်းကာ အသိအမှတ်ပြုတံဆိပ်များပြုလုပ်၍ ထောက်ခံမှုပေးနိုင်ရန်စီစဉ်နေကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ သိရသည်။

"ခရီးသွားယာဉ်လိုင်းတွေက ကျွန်တော်တို့ကို ရှင်းပြဖို့လိုပါတယ်။ ဘယ်လိုစီမံချက်တွေရှိတယ်၊ ဘယ်လိုနည်းလမ်းတွေနဲ့ ဆောင်ရွက်မယ်ဆိုတာကိုပေါ့။ နောက်လာတဲ့ Scania ကားကြီးတွေမှာဆို speed ကို Limit အထက်ပိုပြီး မောင်းလို့မရတာ၊ Gear Boxu ထိန်းချုပ်တဲ့စနစ်တွေ ပါဝင်ပါတယ်။ အဲဒီလိုကြိုတင်ပြင်ဆင်မှုနဲ့ စနစ်တကျရှင်းပြရင် ကျွန်တော်တို့အသင်းကလည်း ထောက်ခံပြီး အသိအမှတ်တံဆိပ်လုပ်ပေးမှာဖြစ်လို့ ပြည်ပဧည့်သည်တွေကလည်း အသိအမှတ်ပြုမှာပါ" ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ တွဲဖက်အတွင်းရေးမှူး(၁) ဦးတင်ထွန်းအောင်က ပြောသည်။

ဥရောပနိုင်ငံအများစုတွင်လည်း ခရီးသွားအသင်း၏ထောက်ခံချက်အမှတ်တံဆိပ်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေသော ယာဉ်လိုင်းများရှိသည့်နည်းတူ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းအနေဖြင့်လည်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်ဖြင့် ဆောင်ရွက်နေသော ကုမ္ပဏီများနှင့် ခရီးသွားယာဉ်လိုင်များမှ လုံခြုံစိတ်ချရသည့် ကုမ္ပဏီများနှင့် ယာဉ်လိုင်းများအားထောက်ခံသည့် အသိအမှတ်ပြုတံဆိပ် ပြုလုပ်ပေးခြင်းဖြင့် လက်ရှိ ပြည်ပခရီးသွားဧည့်သည်များ၏ အဝေးပြေးယာဉ်လိုင်းအချို့၏ ယာဉ်တိမ်းမှောက်မှုများကြောင့် စိုးရိမ်မှုများအား လျှော့ချပေးနိုင်မည်ဖြစ်သည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ ပို့ဆောင်ရေးလိုင်စင်လျှောက်ထားသောကုမ္ပဏီများ၏ ယာဉ်လိုင်းများအား နိုင်ငံခြားသားခရီးသည်များ ဘေးကင်းလုံခြုံမှုအတွက် သက်ဆိုင်ရာပို့ဆောင်ရေးဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ သေချာစိစစ်ပြီးမှ လိုင်စင်ထုတ်ပေးနေပြီး စည်းကမ်းဖောက်ဖျက်မှုများတွေ့ရှိရပါက လိုင်စင်အားဆိုင်းငံ့ခြင်း၊ အပြီးအပိုင်ရုပ်သိမ်းသည်အထိ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီလိုဆောင်ရွက်တာ ကောင်းပါတယ်။ နိုင်ငံခြားသားတွေ ဘေးကင်းလုံခြုံအောင် သူတို့ကကြိုပြီးစစ်မယ်ဆိုတာ လုပ်ငန်းဆောင်ရွက်မယ့်အနေအထားအရရော၊ လုပ်ငန်းရည်ရွယ်ချက်အရရော အင်မတန်ကောင်းတဲ့ကိစ္စပါ။ ဒါပေမယ့် သက်ဆိုင်ရာ ပို့ဆောင်ရေးဝန်ကြီးဌာနကိုလည်း တင်ပြပေးဖို့လိုအပ်ပါတယ်"ဟု ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီးတွင် အဝေးပြေးယာဉ်လိုင်းပေါင်းနှစ်ရာကျော်နှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ ၂၀၁၄ ခုနှစ် မတ်လကုန်အထိ ခွင့်ပြုထားသော ပို့ဆောင်ရေးလိုင်စင်ဖြင့် လုပ်ကိုင်နေသည့် ကုမ္ပဏီအရေအတွက် ၁၆၉ ခုရှိကြောင်း သိရသည်။ **စိုးအောင်ဖေ**

မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲဆုချီးမြှင့်

မန္တလေး၊ မေ ၂၉

အထက်မြန်မာပြည် ဓာတ်ပုံအသင်း၏၂၀၁၃-၂၀၁၄ ခုနှစ်၏ (၄၂) ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည်ဓာတ်ပုံပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၂၆ ရက် ညနေ ၅ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၇ လမ်းနှင့် ၆၄ လမ်းထောင့်ရှိ အိုရီယမ်တယ်ဟောက်ရှိ မင်္ဂလာခန်းမတွင် ကျင်းပရာ အထက်မြန်မာပြည်ဓာတ်ပုံအသင်းနာယက၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ ဆုရသူများ တက်ရောက်ကြသည်။

ထို့နောက် ရှုချင်စဖွယ် ဆေးရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမ မင်းမင်းထွန်း၊ ဒုတိယ စိုးသန်းထိုက်၊ တတိယ ညီညီနှင့် နှစ်သိမ့်ဆုရသူများ၊ သဘာဝဓာတ်ပုံပြိုင်ပွဲတွင် ပထမ ညီညီ၊ ဒုတိယ ခန့်ဇော်၊ တတိယ အေးကိုနှင့် နှစ်သိမ့်ဆုရသူများ၊ စိတ်ကြိုက်ဒီဂျစ်တယ်ပြိုင်ပွဲတွင် ပထမ ကျော်ဝင်းလှိုင် (ယဉ်ကျေးမှု)၊ အောင်သူမြင့် (ကမ္ဘောဇချယ်ရီရိပ်)၊ မျိုးမင်းကြွယ်(ရွှေတောင်ကြား)နှင့် နှစ်သိမ်ဆုရသူများ၊ လူပုံဆေးရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမ ငွေးလွင်(နှင်းဝတ်ရည်အမရပူရ)၊ ဒုတိယ ထွန်းထွန်းအောင်(သဒ္ဒါ)၊ တတိယ မင်းမင်းထွန်းနှင့် နှစ်သိမ့်ဆုရသူများ၊ ရှုချင်စဖွယ်(အဖြူ အမဲ) ဓာတ်ပုံပြိုင်ပွဲတွင် ပထမ ကိုကိုဦး၊ ဒုတိယ ဖိုးငယ်၊ တတိယ နိုင်ထွန်းလတ်နှင့် နှစ်သိမ့်ဆုရသူများ၊ အွန်လိုင်းဓာတ်ပုံပြိုင်ပွဲတွင် ပထမ လှိုင်မျိုးဦး၊ ဒုတိယ နိုင်ထွန်းလတ်၊ တတိယ မင်းမင်းထွန်းနှင့် နှစ်သိမ့်ဆုရသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။ **သီဟကိုကို(မန္တလေး)**

ဟော်မုန်းတားမြစ်ဆေးများ သုံးစွဲခြင်းမပြုဘဲ တိရစ္ဆာန်ဆေးကုဆရာဝန်များလမ်းညွှန်မှုဖြင့် တိရစ္ဆာန်များမွေးမြူ

မြစ်ကြီးနား၊ မေ ၂၉

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ တပ်ကုန်းကျေးရွာတွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်လျက်ရှိသော ဒေါ်ထုလိန်သည် ကိုယ်တိုင်မွေးမြူသည့်အတွေ့အကြုံ ၁၃ နှစ်ရှိပြီး မွေးမြူသည့်တိရစ္ဆာန်များကို ဟော်မုန်းတားမြစ်ဆေးများ သုံးစွဲခြင်းမရှိဘဲ တိရစ္ဆာန်ဆေးကုဆရာဝန်များ၏ လမ်းညွှန်မှုဖြင့် မွေးမြူထားကြောင်း သိရသည်။

ဒေါ်ထုလိန်သည် နွား၊ ဆိတ်၊ ကြက်၊ ဝက်၊ ငါးတို့ မွေးမြူထားပြီး ပေါင်းစည်းလယ်ယာစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကာ ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာစေရန် နွားစာများကိုပြုပြင်၍ မွေးမြူကျွေးမွေးလျက်ရှိကြောင်း သိရသည်။

နို့စားနွား ၉၆ ကောင်၊ ဆိတ် ၁၃ ကောင်၊ ဝက် ၁၅ ကောင်၊ ဒေသကြက်အကောင် ၂၀၀ နှင့် ငါးကန်တစ်ကန် မွေးမြူထားပြီး စိုက်ပျိုးရေးအနေဖြင့်လည်း လယ် နှစ်ဧကတွင် ဟင်းသီးဟင်းရွက်စားပင်မျိုးစုံ သဘော်၊ သရက်၊ ကြက်မောက်၊ တညင်း၊သစ်မွှေးပင်များ စိုက်ပျိုးထားပြီးတိရစ္ဆာန်မွေးမြူရေးနှင့်ပတ်သက်၍ ဒေါ်ထုလိန်အနေဖြင့် ဦးဆောင်ဆွေးနွေးလျက်ရှိပြီး မွေးမြူရေးနည်းပညာများကို ကိုယ်တိုင်အကောင်အထည်ဖော်လျက်ရှိ ကြောင်း သိရသည်။

မွေးမြူရေးနှင့် ကုသရေးသင်တန်းများနှင့် ဟောပြောပွဲများတွင် ကိုယ်တိုင်တက်ရောက်ခဲ့ပြီး အခြားသူများကိုလည်း ပါဝင်တက်ရောက်နိုင်ရေးကို ဒေါ်ထုလိန်အနေဖြင့် စည်းရုံးဆောင်ရွက်လျက်ရှိပြီး ကူးစက်ရောဂါဖြစ်ပွားမှုမရှိစေရန်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပုံမှန်ကုသကာကွယ်လျက်ရှိကြောင်း သိရသည်။

ဒေသတွင်းစားနပ်ရိက္ခာဖူလုံစေပြီး အလုပ်အကိုင်နှင့် အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာဦးဆောင်သူတစ်ဦးအဖြစ် ဆောင်ရွက်နိုင်သူ ဒေါ်ထုလိန်သည် နိုင်ငံတော်သမ္မတကြီး၏ ၂၀၁၄ ခုနှစ် မွေးမြူထုတ်လုပ်မှုဂုဏ်ထူးဆောင်လက်မှတ်ဆုကို ချီးမြှင့်ခံခဲ့ရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့ အထက(၁)(နဝမတန်း) အောင် မှ မောင်သန်းတိုးအောင်၏ ဖခင်အမည်မှန် မှာ ဦးဆန်းဝင်းဖြစ်ပါသည်။

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ အထက(၁)လှိုင်သာယာ(၉) တန်းအောင်(၁၀)တန်းမှ မောင်ဝေဖြိုး၏ ဖခင်အမည်မှန်မှာ ဦးထွန်းငွေဖြစ်ပါသည်။

အမည်ပြောင်း

ဦးစန်းနိုင်[၁၀/ရမန(နိုင်)၁၄၁၈၁၄]၏သမီး မယမင်းမြင့်အေးအား မယွန်းအိရွှေဇင်ဟု ပြောင်းလဲခေါ်ပါရန်။

မယွန်းအိရွှေဇင်

ကျေးဇူးဆပ်ပါမည်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၆)လမ်းနှင့် ABC မှတ်တိုင်အနီး ရိုက်ကူးပြီး၊ မိသားစုရှင်ပြု မှတ်တမ်း(မန်မိုရီကတ်) ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၅၁၅၃၃၂၃၊ ၀၉-၈၃၀၆၅၁၆၊ ၀၉-၃၁၄၄၄၀၄



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၂၊ မြေကွက်အမှတ်-၅၄၉၊ မြေကွက်တည်နေရာအမှတ်(၅၄၉)၊ (၈၂)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (ဦးထွန်းရီ)အမည်ပေါက်ပါမစ်မြေအား အမည်ပေါက်ဦးထွန်းရီထံမှ အရပ်ကတိစာချုပ်ဖြင့် ဦးသိန်းထွန်းကြွယ် [၁၂/ကတန(နိုင်)၀၅၆၁၉၈]မှဝယ်ယူ၍ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်တို့တင်ပြ၍ ပါမစ် ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံး

ကျွန်မ မစန္ဒာဝင်းဆွေ၏ PPNo.MA ၅၅၉၀၄၆ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၈၀၂၃၀၉၉

၁၀၀%အောင်ချက်အကောင်းဆုံး စွမ်းဆောင်ပေးနိုင်သော

Better Tomorrow, EPS-TOPIK

သင်လည်း ကိုရီးယားသွားနိုင်ပြီ

- ကိုရီးယား ဘာသာစကားအရည်အချင်းစစ် စာမေးပွဲကို အောင်မြင်လျှင် ကိုရီးယားကုမ္ပဏီမှာ အလုပ်လုပ်နိုင်ပါပြီ။
- ကိုရီးယားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ချင်သူများအတွက် အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်သော EPS-TOPIK သင်တန်းကျောင်း။
- ပညာအရည်အချင်းမလိုဘဲ လစာ(၁၀)သိန်းအထက် ရရှိနိုင်သော အခွင့်အရေးကို လက်လွှတ်မခံဘဲ ကိုရီးယားဘာသာစကားကို အခြေခံမှစ၍ ကိုရီးယားဆရာကိုယ်တိုင်သင်ကြားပေးသော EPS-TOPIK နှင့် ဆက်သွယ်ပြီး ကိုရီးယားသို့ အလုပ်လုပ်ဖို့ သွားကြပါစို့။
- အတွေ့အကြုံများပြီး ဘာသာစကားကျွမ်းကျင်သော ကိုရီးယားဆရာနှင့် မြန်မာဆရာ/မ ကိုယ်တိုင်ကြီးကြပ်၍ အသေးစိတ် ထိထိရောက်ရောက် သင်ကြားပေးပါသည်။
- တန်းခွဲသစ် ၁-၆-၂၀၁၄ ရက် စဖွင့်မည်။
- သင်တန်းသား/သူဦးရေ ကန့်သတ်ထားပါသည်။
- တွေဝေမနေဘဲ အရင်ဆုံး ဖုန်းဆက်ကြည့်လိုက်ပါ။

KOREAN Language Centre
(License No:260120361)

လိပ်စာ - အမှတ်(၃၀)၊ ပထမထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၅၁၂၈၀၄၊ ၀၉-၄၃၀၂၉၂၅၆၊ ၀၉-၃၀၀၉၃၅၉၂

NIKKO

BEAUTY & SKIN CARE CENTRE

Model ... (Anna Gold) ... NIKKO ...

1 Course - 3 times ... Before and After ... Special Guarantee ...

Europe ... Booking ...

No.8/Q ...

Ph : 655055, 09-42 1744293

UK's Top Computing Diploma in Yangon

UK ... Edexcel နှင့် Gusto Institute ...

HND Diploma in Computing (Batch 11)အတွက် ကျောင်းသားလက်ခံမည်

GUSTO INSTITUTE

#299(A), Pyay Road, Sanchaung Township, Yangon.

Call Us: 09-86 28806, 09 4500 34104, 09-730 31 302

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ အလက(၂)၊ သတ္တမတန်း(B) မှ မရွှေရည်ဝင်းထက်၏ ဖခင်ဦးစိုးဝင်းသန်း(ခ)ဦးမြတ်မင်း မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးစိုးဝင်းသန်း(ခ)ဦးမြတ်မင်း[၁၄/မအပ(နိုင်)၂၃၀၉၅၁]

AGD BANK

Asia Green Development Bank Limited

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် ၏
လွိုင်ကော်ဘဏ်ခွဲ ကို ကယားပြည်နယ်၊ လွိုင်ကော်မြို့ တွင်
၃၀.၅.၂၀၁၄ (သောကြာနေ့) ၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်
ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း
အများပြည်သူအား သတင်းကောင်းပါးအပ်ပါသည်။

" မြန်မာတစ်မျိုးသားလုံးအတွက် အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး "

ဆက်သွယ်ရန်လိပ်စာ

လွိုင်ကော်ဘဏ်ခွဲ

အမှတ်(၃၃) ကန္တရဝတီလမ်း၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်

ဖုန်း — (၀၈၃) ၂၃၁၃၃

ဖက်စ် — (၀၈၃) ၂၃၀၅၅၊ ၂၃၀၃၃

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

ဘုရား ဒါယကာ၊ ကျောင်းဒါယကာကြီး

ဦးအေးမြင့်ထွန်း(ခ)ဦးရဲအေး

ခရိုင်စိုက်ပျိုးရေးမန်နေဂျာ(ငြိမ်း)

အသက်(၇၂)နှစ်

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်

(၂၆-၄-၂၀၁၄ မှ ၂၆-၅-၂၀၁၄)

ကျေးဇူးရှင်ဖေဖေ ခွဲခွာသွားသည်မှာ တစ်လပြည့်သွားခဲ့ပြီဖြစ်သော်လည်း ကျန်ရစ်သူမိသားစုရဲ့ ရင်ထဲအမြဲလွမ်းဆွတ်သတိရလျက်ရှိပါသည်။ ဖေဖေ့အားရည်စူး၍ နေ့စဉ်ပြုသမျှ ကုသိုလ်ကောင်းမှုအစုစုအတွက် ရောက်ရှိရာ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ကျန်ရစ်သူဇနီး - ဒေါ်ခင်ခင်မျိုး
သမီးကြီး - ဦးတင်မျိုးဆွေ-ဒေါ်စိုးမိုးထွန်း
(လယ်ယာအောင်စိုက်ပျိုးရေးဆေးဆိုင်၊ ရွှေဘိုမြို့။)
သားကြီး - ဦးသော်တာထွန်း-ဒေါ်မေဇော်မောင်ဝင်း
(ခေတ္တ-ကိုရီးယား)
သမီး - မနွယ်နီထွန်း(အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်း)
သမီး - ဦးသူရကျော်-ဒေါ်သီဂီထွန်း
(ကိုသူရ ကုန်မျိုးစုံဖြန့်ချိရေး၊ စစ်ကိုင်းမြို့)
သမီး - ဒေါ်နေကြည်ထွန်း[အထပြ၊ အထက(၁)၊ စစ်ကိုင်းမြို့]
သမီး - ကိုစိုးသူရ- မဖြိုးပြည့်ထွန်း
(မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာန၊ နေပြည်တော်)

(၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဦးစိုးအောင်

အစ်ကိုအရင်းတစ်ဦးကဲ့သို့ ချစ်ခင်လေးစားရပါသော ဦးစိုးအောင်(M.D New World Trading Co.,Ltd.)သည် ၃၀-၅-၂၀၁၄ ရက်တွင် ဘဝသံသရာခရီးသို့ ထွက်ခွာသွားသည်မှာ တစ်နှစ်ပြည့်ခဲ့ပါပြီ။ ကျန်ရစ်သူဇနီး ဒေါ်တင်တင်မြင့်မိသားစုနှင့် ထပ်တူထပ်မျှ ယနေ့ထက်တိုင်နှမြောတမ်းတ အမှတ်ရနေဆဲပါ။ ကျွန်ုပ်တို့ပြုလုပ်ခဲ့ပြီးသော ကုသိုလ်၊ ပြုလုပ်ဆဲကုသိုလ်နှင့် နောင်ဆက်လက်ပြုလုပ်မည့် ကုသိုလ်ကောင်းမှုအစုစုကို အစ်ကိုရောက်ရာ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ---။

ဦးအောင်သန်း-ဒေါ်မာလာခိုင်နှင့်
ရွှေရည်ဦးရွှေဆိုင်မှ ဝန်ထမ်းများ

(၇)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဦးပါစီမောင်မောင်

ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့သဘော်ကျင်းလုပ်ငန်း

ကျေးဇူးရှင်ဆရာ ကွယ်လွန်ခဲ့သည်မှာ (၇)နှစ်ပင် ပြည့်ခြားသော်လည်း ဆရာ၏ကျေးဇူးတရားများအား မိသားစုနှင့်အတူ ထပ်တူထပ်မျှ အမြဲလွမ်းဆွတ်သတိရလျက်ပါ။

ဦးကြည်စိုး-ဒေါ်ကြည်ကြည်လွင်နှင့်
သမီး-ခိုင်သက်ဆု

(၇)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဦးပါစီမောင်မောင်

ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့သဘော်ကျင်းလုပ်ငန်း

အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဆရာ ကွယ်လွန်ခဲ့သည်မှာ (၇)နှစ်ပင် ပြည့်ခြားသော်လည်း ဆရာ၏ဂုဏ်ကျေးဇူးတရားများအား အမြဲထာဝရ သတိရ ဦးထိပ်ပန်ဆင်လျက်ပါ။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်
မြန်မာ့သဘော်ကျင်းလုပ်ငန်း ဝန်ထမ်းမိသားစုများ

(၇)နှစ်ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

ဦးမျိုးမြင့်(ပြည်)

ခရိုင်မီးသတ်တာဝန်ခံ(ငြိမ်း)

ချစ်သောကျေးဇူးရှင်ဖခင်ကြီးကွယ်လွန်သည်မှာ ၃၀-၅-၂၀၁၄ ရက်တွင် (၇)နှစ်ပြည့်မြောက်ခဲ့ပါပြီ။ ကြီးမားလှသောဖေကြီး၏ မေတ္တာ၊ စေတနာ ကျေးဇူးတရားများကို အစဉ်အောက်မေ့လျက် ဖေကြီးအတွက်ရည်စူး၍ ရွှေတိဂုံဘုရားထာဝရဘက်စုံပြုပြင်ရန် ငွေလှူဒါန်းခြင်း၊ ဇီဝိတဒါနသံဃာ့ဆေးရုံ၌ ဆေးပဒေသာပင်သီးခြင်း၊ လစဉ်သံဃာတော်များအား ဆွမ်း၊ သင်္ကန်း၊ ဝတ္ထုလှူဒါန်းခြင်းစသည့် ကောင်းမှုအစုစုအတွက် အမျှပေးဝေပါတယ်။ ဖေကြီးအေးချမ်းမြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ဖေကြီးကို အစဉ်သတိရအောက်မေ့လျက်-

ချစ်ဇနီး - ဒေါ်တင်တင်ဝင်း(ခ)ဒေါ်ဘေဘီဦး
သမီးကြီး - ဦးလှအောင်-ဒေါ်တင်လေးမြင့်
သမီးလတ် - ဦးသီဟ-ဒေါ်တင်မိုးမြင့်
သမီးငယ် - ဗိုလ်မှူးကြီးထွန်းထွန်း-ဒေါ်ပွင့်ပွင့်မျိုး
သမီးထွေး - ဦးဇော်မိုး-ဒေါ်ဆင့်ဆင့်မျိုး
သားငယ် - ဦးကျော်မျိုးသူ-ဒေါ်သကြ်န်ဖြိုးနှင့် ချစ်မြေး၊ မြစ်များ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးတင်လေး(မြောင်းမြ)

အသက်(၈၄)နှစ်

သူငယ်ချင်း ကိုသန့်ဇင်ထွန်း၏ဖခင် ဦးတင်လေးသည် ၂၆-၅-၂၀၁၄ (တနင်္လာနေ့)တွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဝီလီ၊ ဝက်ကြီး၊ ရွှေနီ၊ ငပိန်၊ မိုးဟိန်း
ဘိန်းမုန့်၊ ကိုနိုင်၊ မဲ့မဲ့၊ မနိုင်၊ မိုးခိုင်၊ မော်ကြီး၊ မင်းမော်

"သွေး"သည်အသက်

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်၊ ၉ခ/၄၉၉၃ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ရီ(စစ်ကွင်း)

အသက်(၈၁)နှစ်

ဗိုလ်ကြီးလှသိန်း(လက်ထောက်ညွှန်ကြားရေးမှူး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)နှင့် ဒေါ်သန်းသန်းဌေးတို့၏မိခင်သည် ၂၇-၅-၂၀၁၄ ရက် နံနက် ၄း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈၅)မှကျောင်းဆင်းဖက်သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန်၊ လမ်း၊ တံတား၊ ဆေးရုံ ဒါယကာကြီး

ဦးစန်းမောင် (၇၈)နှစ်

စီးပွားရေးတက္ကသိုလ် ၁၉၉၄-၉၅ ဘွဲ့ရ သူငယ်ချင်းဇော်ဇော်မိုး (တက်နေဝင်းဓာတ်ပုံ၊ ဗီဒီယို)၊ (စစ်ကိုင်းတိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ)၏ဖခင် ဦးစန်းမောင်သည် ၂၆-၅-၂၀၁၄ (တနင်္လာနေ့)တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စီးပွားရေးတက္ကသိုလ် ၁၉၉၄-၉၅
ဘွဲ့ရသူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဦးလှမြင့်

အသက်(၆၈)နှစ်

ကထက(ငြိမ်း)၊ ဒဿနိကဗေဒဌာန၊ မန္တလေးတက္ကသိုလ်

သူငယ်ချင်းဝါဝါမြင့် (စီးပွားရေးတက္ကသိုလ်၊ ၁၉၉၅ ဘွဲ့ရ)၏ဖခင် ဦးလှမြင့်သည် ၂၅-၅-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စီးပွားရေးတက္ကသိုလ် ၁၉၉၄-၉၅
ဘွဲ့ရသူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်လေးတင်(မုဒုံ)

အသက်(၉၇)နှစ်

ပါမောက္ခ ဒေါက်တာဦးစိုးအောင်-ဒေါ်ငွေသိဏ်းတို့၏မိခင် ဒေါ်လေးတင်(မုဒုံ) အသက်(၉၇)နှစ်သည် ၂၆-၅-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ
(အာရှတော်ဝင်ဆေးရုံ)

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်ရွှေ

အသက် (၉၂)နှစ်

(ရေစကြိုမြို့နယ်အသင်းနာယက)

ဒုတိယဗိုလ်မှူးကြီး သိန်းလွင်(ငြိမ်း)-ဒေါ်ညိုညိုတို့၏မိခင် ဒေါ်တင်ရွှေသည် ၂၇-၅-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစု နှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ရေစကြိုမြို့နယ်အသင်း(ရန်ကုန်)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်ရွှေ (ရေစကြို)

အသက်(၉၂)နှစ်

ရေစကြိုမြို့၊ ရွှေဘုန်းပွင့်ရပ်နေ (ဦးဘိုးကြူ-ဒေါ်ဝဲ)တို့၏ သမီးကြီး၊ (ဦးသန်းစိန်)-ဒေါ်ခင်လေး၊ ဦးအေး-ဒေါ်ရင်ရင်၊ ဦးနီ-ဒေါက်တာစမ်းစမ်းမင်း၊ ဦးအုန်းမောင်-ဒေါ်မေမြင့် တို့၏အစ်မ၊ ဒုတိယဗိုလ်မှူးကြီးသိန်းလွင်(ငြိမ်း)-ဒေါ်ညိုညိုတို့၏ မိခင်၊ ဗိုလ်ကြီးရဲမျိုးလွင်(ငြိမ်း)၊ ဗိုလ်ကြီးကောင်းငြိမ်းထက်-မသန္တာလွင်၊ မအေးသီတာညို တို့၏ အဘွားသည် ၂၇-၅-၂၀၁၄ (အင်္ဂါနေ့) ၆ နာရီတွင် တိုက်(၃၃)၊ အခန်း(၁၀၄)၊ ရတနာမွန်လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၄ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဂွမ်အောင် (၈၇)နှစ်

(လေ/၈၆၉) (လေကြောင်းလမ်းပြကြီး-ငြိမ်း)

ရန်ကုန်မြို့၊ အမှတ်(၁၅၄-က)၊ (၈) လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးဘာဘာ-ဒေါ်အင်ညော်) တို့၏ ဒုတိယသား၊ ဒေါ်သန်းကြည်၏ ခင်ပွန်း၊ မစန္ဒာအောင် (Quarto Products)၏ ဖခင်၊ [ဦးဂွမ်ပါ(ခ) ဖိလစ်ဝှက်] ၏ညီ၊ ဦးဂွမ်လှိုင်-ဒေါ်ဂျဲနက် (ကနေဒါ)၊ ဦးစံလွင်(ခ)ဦးဂွမ်ထို-ဒေါ်လင်ဒါလွင် (ကနေဒါ)၊ ဦးကျော်သန်း(ခ)ဦးဂွမ်လျှောင်း-ဒေါ်ခင်ခင်ဝင်း(ခ)ရိုစ်မေရီသန်း (အမေရိကန်) တို့၏အစ်ကို ဦးဂွမ်အောင်သည် ၂၈-၅-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၂၅ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၄ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃-၆-၂၀၁၄ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါက်တာကျော်မြင့် (ဟင်္သာတ-ဖြူး)

အသက်(၇၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ (၁၉)လမ်း၊ အမှတ်(၂၂၂)နေ (ဦးလှကြီး-ဒေါ်သိန်းဟန်) တို့၏သား၊ (ဦးလှဘော်-ဒေါ်အေး)တို့၏သားသမက်၊ ဒေါ်ညိုညို၏ ခင်ပွန်း၊ ကိုဝဏ္ဏကျော်-မစုစုအေး(S'pore)၊ မမြမဥ္ဇူဟန်တို့၏ချစ်လှစွာသောဖခင်၊ မောင်လင်းဘုန်းအေး၊ မောင်အောင်ကောင်းမြတ်အေးတို့၏ ဘိုးဘိုးကြီးသည် ၂၈-၅-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ဖြူးမြို့ အရှေ့သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးဘိုကြည်

ညွှန်ကြားရေးမှူး(ငြိမ်း)၊ အကျဉ်းဦးစီးဌာန

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ အမှတ်(၄၆၃)၊ အခန်း(၅)၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ ဒေါ်တင်တင်ဝင်း၏ ခင်ပွန်း ဦးဘိုကြည် (ညွှန်ကြားရေးမှူး(ငြိမ်း) အကျဉ်းဦးစီးဌာန) ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့်
အရာရှိ၊ ဝန်ထမ်း၊ မိသားစုဝင်များ
အကျဉ်းဦးစီးဌာန

အထူးကျေးဇူးတင်ရှိခြင်း

ဒေါ်နန်းဖောင်း(ကျိုင်းတုံ)

အသက်(၈၉)နှစ်

(ဦးစိုင်းဆမ်တစ်ဖျားလွှေ-ဒေါ်နန်းပင်း)တို့၏သမီးကြီး၊ ကျိုင်းတုံမြို့၊ အမှတ်(၆) လေယာဉ်ကွင်းလမ်းနေ (ဦးစိုင်းဆိုင်ဖျားလိုက်)၏ဇနီး၊ ဦးစိုင်းစံညွှန့်-(ဒေါ်နန်းဟွမ်နွန်း)၊ ဦးစိုင်းဆိုင်တွီ-ဒေါ်နန်းပိုးတစ်၊ (ဒေါ်နန်းစမ်ဟွမ်)၊ ဦးဆန်နီ-ဒေါ်နန်းဖောင်းကျောက်ဆိုင်၊ ဒေါက်တာမြင့်အောင်-ဒေါ်နန်းနစ်တို့၏ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား ဒေါ်နန်းဖောင်းသည် ၁၉-၅-၂၀၁၄ (တနင်္လာနေ့) ညနေ ၄း၃၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၅-၂၀၁၄ရက်တွင် တာချီလိတ် မြို့မသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ (မကွယ်လွန်မီ ပြုစုကူညီစောင့်ရှောက်ပေးခဲ့သူများနှင့် ကွယ်လွန်ပြီး ဝိုင်းဝန်းကူညီ လိုက်ပါပို့ဆောင်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။)

ကျန်ရစ်သူမိသားစု

ဒေါ်မြကြိုင်
အသက်(၉၈)နှစ်

စစ်ကိုင်းမြို့နေ (ဦးရွှေချို-ဒေါ်သော့)တို့၏သမီး၊ (ဦးခင်မောင်သန်း)၏ဇနီး၊ ဦးမြင့်ထွန်း-ဒေါ်မြစိန်၊ ဒေါ်မြင့်မြင့်၊ ဦးစိန်လှ-(ဒေါ်မြကြည်)၊ ဦးတိုးဝင်း-ဒေါ်နွဲ့နွဲ့ချိုတို့၏အစ်မ၊ ဦးတင်မောင်အုန်း [ညွှန်/ချုပ်-ငြိမ်း၊ ဆ/မ ဦးစီး]-ဒေါ်ကြည်ကြည်ဝင်းတို့၏မွေးသမိခင်၊ ကိုမြတ်ဇော်ဟိန်း-မပိုးအိဝင်းစံ၊ ကိုအောင်ဖြိုး-မကြည်သဲစု၊ ဒေါက်တာမြတ်သီဟန်သိမ့်(ဆေး-၂)တို့၏အဘွား ဒေါ်မြကြိုင်သည် ၂၉-၅-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၁၅နာရီတွင် အမှတ်(၃၂)၊ ကြာပဒုမ္မာလမ်း၊ (၃/ခ)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၄ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြကြိုင် (၉၈)နှစ်

ဦးတင်မောင်အုန်း [ညွှန်/ချုပ်(ငြိမ်း)ဆည်မြောင်းဦးစီးဌာန]-ဒေါ်ကြည်ကြည်ဝင်းတို့၏မိခင် ဒေါ်မြကြိုင် အသက်(၉၈)နှစ် သည် ၂၉-၅-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၁၂း၁၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)နှင့်
ဇနီး ဒေါ်နွယ်နွယ်ယု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြကြိုင် (၉၈)နှစ်

ဦးတင်မောင်အုန်း [ညွှန်/ချုပ်(ငြိမ်း) ဆည်မြောင်းဦးစီးဌာန]-ဒေါ်ကြည်ကြည်ဝင်းတို့၏မိခင် ဒေါ်မြကြိုင် အသက်(၉၈)နှစ်သည် ၂၉-၅-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၁၂း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကျော်မြင့်လှိုင်(ညွှန်ကြားရေးမှူးချုပ်၊ ဆည်မြောင်းဦးစီးဌာန)နှင့်
ဇနီး ဒေါ်စန္ဒာခင် (ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
ဦးလှမင်း(ခ)ဦးရှန်ကီး (၉၅)နှစ်
စစ်ကြိုခေတ် TTC ကျောင်းသားဟောင်းများအသင်းဥက္ကဋ္ဌ

ချစ်သူငယ်ချင်း ဦးစိုးမောင်-ဒေါ်လှဝင်းဝင်း(အထက-၅၊ မရမ်းကုန်း-ငြိမ်း)တို့၏ ကျေးဇူးရှင်မွေးသဖခင် ဦလှမင်း(ခ)ဦးရှန်ကီး အသက်(၉၅)နှစ်သည် ၂၅-၅-၂၀၁၄ရက်တွင် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ် **FMI City** ရွှေသရဖီ(၄)လမ်း၊ **H-128(A)** နေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ရန်ကုန်တက္ကသိုလ်(၁၉၇၉)ခုနှစ်၊ရူပဗေဒမှသူငယ်ချင်းများဖြစ်ကြသော
ဦးအောင်သာလတ်၊ ဦးမျိုးသန့်၊ ဦးတင်ဇော်လေး၊ ဦးဘကျော်၊
ဦးတင်ကြိုင်၊ ဦးကျော်ငြိမ်း၊ ဦးဇော်မင်း၊ ဦးမြင့်သိန်း၊
ဦးမြင့်သိန်း(စိန်)၊ ဒေါ်မြင့်၊ ဒေါ်အလက်ာတင်လေး၊
ဒေါ်လှလှရီ၊ ဒေါ်ခင်မျိုးသန့်၊ဒေါ်အေးအေးသန်း

ခရစ်တော်၌အိပ်ပျော်ခြင်း
ဆရာမဒေါ်လွန်းအောင်(၉၃)နှစ်
(အထပြ-ငြိမ်း)
မော်တင်လိန်းဂျဒ်ဆင်၊
အထက(၆)မော်လမြိုင်
အထက(၁)၊ အထက(၂)(မုဒုံ)

မုဒုံမြို့၊ အမှတ်(၁၂)၊ မင်းရဲကျော်စွာလမ်းနေ (ဦးကျောက်စိမ်း-ဒေါ်သောင်းစိန်)တို့၏သမီး၊ ဆရာဦးဘိုးနုန်၏ဇနီး၊ Rev. နိုင်မွန်ချောလွင်-ဒေါ်စတယ်လာ၊ ဦးရင်ထွန်း-ဒေါ်ခင်ခင်ဝင်း၊ ဒေါ်အေးမြင့်-ဦးမောင်မောင်သိန်းတို့၏မိခင်၊ မောင်လွင်မိုး-မဆွေဒီနာ၊ မင်းဇေယျာထွန်း-မကေသီမင်း၊ Dr. ချမ်းလွင်(ဆေးရုံအုပ်၊ မော်လမြိုင်ခရစ်ယာန်အရေပြားဆေးရုံ)-မိုင်လာလ်ဟရိမ်ပါရ်၊ မသီသီဝင်း-မောင်စိုးသီဟ၊ မောင်လွင်ဖြိုးတို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားသည် ၂၇-၅-၂၀၁၄ (အင်္ဂါနေ့) ညနေ ၃း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀-၅-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ကန်ကြီးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်ရီရီဝင်း(ခ)ဒေါ်အပြုံး(ခ) ဖာတမာဘီ (၆၃)နှစ်
ဗိုလ်တထောင်မြို့နယ်၊ဒေသန္တာရ(ငြိမ်း)

ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ ဘီဘလောက်၊ (၁၂)လမ်း၊ တိုက်(၂၄)၊ အခန်းအမှတ်(၄၀၃)နေ (ဦးသိန်းအောင်-ဒေါ်မမလေး)တို့၏သမီးထွေး၊ (ဦးလှဖေ-ဒေါ်စိန်စိန်)တို့၏သမီးချွေးမ၊ (ဦးစိုးအောင်-MOGE)၏ ချစ်လှစွာသောဇနီး၊ မောင်အောင်စိုးဝင်း၏ မိခင်၊ [ဦးတင်အေး(အောင်ဆန်း TBဆေးရုံ-ငြိမ်း)-ဒေါ်မြရီ]၊ ဟာဂျီဦးဖေသန်း(တရားရုံးချုပ်ရှေ့နေ)-ဟာဂျီမဒေါ်ရီ(စာရင်းစစ်မှူး/ငြိမ်း)၊ [ဒေါ်မြမြဝင်း(စာရင်းစစ်မှူး၊ ငြိမ်း)]တို့၏ ညီမထွေးသည် ၂၉-၅-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၅း၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၃၀-၅-၂၀၁၄ (သောကြာနေ့) ဇဟိုရ်အပြီး မွန်းလွဲ ၁း၃၀ နာရီတွင် ရေဝေးစွန္နီမွတ်စလင်သုသာန်၌ ဒါဖွာနာမည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒေါ်သန်းစိန် (၉၆)နှစ်
(စမ်းချောင်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ်(၉၀/၉၂)၊ ငါးလွှာနေ (ဦးကျော်ဝ-ဒေါ်တုတ်မေ)တို့၏သမီး၊ (ဦးစံရွှေ-ဒေါ်လှကြည်)တို့၏ အဒေါ်၊ ဦးကျော်စိုးနိုင် - ဒေါ်အေးအေးကြူ(အင်ယာ-ရေသန့်)၊ ဦးခင်မောင်ဦး(NYINT AS SOCIATE CO.,LTD)-ဒေါ်တင်တင်အေး၊ ဒေါ်ဝင်းဝင်းသန်း(အခွန်-စည်ပင်)၊ ဒေါက်တာမြင့်သိန်းထွန်း(မော်ကျွန်း)-ဒေါ်ချိုချိုသန်း၊ ဒေါ်မြမြဝင်း(အင်ယာ-ရေသန့်)၊ ဦးသန်းဦး(ပဲခူးဝပ်ရှော့)-ဒေါ်အေးအေးမာတို့၏အဘွား၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီး ဒေါ်သန်းစိန်သည် ၂၉-၅-၂၀၁၄(ကြာသပတေးနေ့) နံနက် ၉း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၄(စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာ
ဦးထွန်းတင်(မြောင်းမြ)
အသက်(၇၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ (၁၀)ရပ်ကွက်၊ ကန်ကြီးတန်းအလယ်လမ်း၊အမှတ်(၁၆၄)နေ (ဦးစံမှိန်-ဒေါ်လှဝင်း)တို့၏သား၊ (ဒေါ်ကြင်နု)၏ခင်ပွန်း၊ ဦးသိန်းထွန်း-ဒေါ်သန္တာလင်း၊ ဒေါ်ခင်မာဝင်း၊ ဦးလှထွန်း-ဒေါ်တင်သန်းနု၊ ဦးတင့်လွင်-ဒေါ်လဲ့လဲ့ရီတင်၊ ဦးမြင့်လွင်-ဒေါ်ချောပပဝင်းတို့၏ မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး ဦးထွန်းတင်သည် ၂၈-၅-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၅၅ နာရီတွင် ပင်လုံအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၄ (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ် ၁၀၀၊ မကြီးကြီးလမ်း(ဗဟိုလမ်း) စမ်းချောင်းနေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၃-၅-၂၀၁၄(အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်ခင်သန်း (၈၄)နှစ်
ဌာနခွဲစာရေး(ငြိမ်း)၊အိုးအိမ်ဦးစီးဌာန

(ဦးဘညွှန့်-ဒေါ်မြမြ)တို့၏သမီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗဟိုစည်အိမ်ရာ၊ တိုက်(၄၅)၊ အခန်း(၂၃)နေ ဦးတင်လတ်(လက်ထောက်အမှုဆောင်အင်ဂျင်နီယာ-ငြိမ်း၊ လျှပ်စစ်ဝန်ကြီးဌာန)၏ဇနီး၊ ဦးကျော်စိုး-(ဒေါ်ခင်ဖြူဦး)၊ ဒေါ်ခင်မူဦး(အလယ်တန်းပြဆရာမ၊ ငြိမ်း)၊ ဦးထင်ရှား(လက်ထောက်အင်ဂျင်နီယာ၊ အမှတ်-၃ သံမဏိစက်ရုံ၊ ရွာမ)၊ ဦးအောင်ဇော်မင်း(C.E -Pil)-ဒေါ်မိုးပွင့်၊ ဦးထွန်းအောင်ကြည်(C.E-Gewin)-ဒေါ်ဂမုန်းပွင့်၊ ဦးစိုးအောင်စွာ(တပ်ကြပ်ကြီး-ငြိမ်း၊ ရေ)-(ဒေါ်ထားထားခိုင်)၊ ဦးမင်းသိန်း(ဒု-ညွှန်မှူး၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန)-ဒေါ်လွင်မာလတ်(ဦးစီးအရာရှိ ကြေး/မြေဦးစီးဌာန)တို့၏မိခင်၊ မောင်သန့်စင်ဦး၊ မောင်ဟန်ဝင်းထွန်း-မစန္ဒာအောင်၊ မောင်ဟိန်းဇော်-မဝေဝေအောင်၊ စဝ်ဝဏ္ဏကျော်၊ စဝ်ပြည့်ဖြိုးကျော်၊ မစုစန္ဒီ၊ မောင်ဇာနည်ထင်ရှား၊ မယုယမုံ၊ မခင်ချမ်းငြိမ်း၊ မောင်စိုးထိုက်ဇော်၊ မောင်စည်ဟိန်း၊ မရဲရင့်ထား၊ မောင်အောင်ဇော်မိုးတို့၏အဘွား၊ မောင်အာကာဟန်၊ မဧကရီဟန်တို့၏အဘွားသည် ၂၈-၅-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၅-၂၀၁၄(သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ခင်နု (၇၇)နှစ်
B.A, B.Ed
အထက်တန်းပြ(ငြိမ်း)၊အထက(၃)ပြည်

ဂန့်ဂေါမြို့၊ အနောက်ဂန့်ဂေါနေ (ဦးသာညွှန့်-ဒေါ်ဖွားလှ)တို့၏သမီးကြီး၊ ပြင်ဦးလွင်မြို့နေ (ဦးစိန်ထွန်း-ဒေါ်ကြည်)တို့၏ သမီးချွေးမ၊ ပြည်မြို့၊ ရွှေတံခါးအပိုင်း(၂)နေ [ဦးထွန်းမျိုး(မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)]၏ဇနီး၊ ဒေါ်ခင်နှောင်းမြင့် (အလပြ-ငြိမ်း၊ အလက-၂ ပြည်)၏ အစ်မ၊ မမျိုးမျိုးအေး၊ မခင်မျိုးတင့်၊ မောင်စန်းသူအောင်တို့၏မိခင်သည် ၂၈-၅-၂၀၁၄ ရက် နံနက် ၇း၁၅ နာရီတွင် ပြည်မြို့ ပါရမီရှင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၄ရက် ညနေ ၄နာရီတွင် အထက်ပါနေအိမ်မှ အေးငြိမ်းရာသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးဟန်ညွှန့် (၇၄)နှစ်
အလယ်တန်းကျောင်းအုပ်ကြီး(ငြိမ်း)
(ညောင်တုန်း)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ဌာနာလမ်း၊ အမှတ်(၂၀)၊ ငါးလွှာနေ (ဦးဘိုးလှ-ဒေါ်မူနန်း)တို့၏သား၊ ဒေါ်ညိုညို(အလပြ/ငြိမ်း)၏ခင်ပွန်း၊ ကိုဟန်မင်းဖြိုး (QC Inspector, Soon Hup Pte Ltd. Singapore)-မသီတာညိုညိုဟန် [Registered Nurse (Kwong Wai Shiu Hospital Singapore)]၊ မသန္တာညိုညိုဟန်(ရန်ကုန်အကယ်ဒမီဆေးရုံ)၊ မညိုမိဟန် [NUS/ISS(Singapore)]တို့၏ ကျေးဇူးရှင်ဖခင် ဦးဟန်ညွှန့်သည် ၂၉-၅-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၅-၂၀၁၄ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်းဒါယိကာမကြီး
ဒေါ်ခင်တာအေး (၆၈)နှစ်
အထည်အလိပ်(အငြိမ်းစား)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရွှေခင်သာအိမ်ရာ၊တိုက်(A/၁၀)၊ အခန်း(၁၀၇)နေ (ဦးဘိုးအေး-ဒေါ်ရီရီ)တို့၏သမီးကြီး၊ (ဦးကြည်လွင်)-ဒေါ်ခင်သန်းအေး၊ ဦးကိုကိုအေး-ဒေါ်ခင်မြိုင်၊ ဦးမောင်မောင်အေး-ဒေါ်ခင်သန်း၊ ဦးညီညီအေး-ဒေါ်မိမိအေး၊ ဦးရီအေး-ဒေါ်ခင်ဝင်း၊ ဒေါ်ချိုချိုအေးတို့၏ အစ်မကြီး၊ တူ/တူမ ၁၅ ယောက်၊ မြေးလေးယောက်တို့၏ ဘွားဘွားကြီး ဒေါ်ခင်တာအေး သည် ၂၉-၅-၂၀၁၄ ရက် မွန်းလွဲ ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၄ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ်၊ ရေကန် ဒါယိကာမကြီး
ဒေါ်တင်တင် (၉၃)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာလမ်း၊ တိုက်(E-1)၊ အခန်း(၃၀၂)နေ (ဦးသာဖေ-ဒေါ်ရွှေစီ) တို့၏သမီး၊ (ဦးကြင်ဆိုင်)၏ဇနီး၊ ဦးမြသန်း-(ဒေါ်အုန်းကြည်)တို့၏အစ်မ၊ ဦးခင်ဇော်[သစ်လုပ်ငန်း(ငြိမ်း)၊ အထွေထွေမန်နေဂျာ၊ IBC]-ဒေါ်သန်းသန်း(ထပြ-ငြိမ်း၊ အထက-၁၊ လသာ)၊ ဒေါ်တင်တင်အေး(ထပြ-ငြိမ်း၊ အထက-၁၊ တောင်ဥက္ကလာပ)၊ ဦးအုန်းကျော်(အင်ဂျင်နီယာ၊ ဆောက်လုပ်ရေး၊ ငြိမ်း)-Dr.ဒေါ်တင်တင်မြ၊ ဗိုလ်မှူးကြီးသောင်ဇင်[(ငြိမ်း)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ (ငြိမ်း)၊ မီးသတ်ဦးစီးဌာန]-ဒေါ်တင်တင်နွဲ့၊ ဦးတင်မောင်ညွှန့်-ဒေါ်သီတာငွေ (ILBC)တို့၏မိခင်၊ ကိုတင်မောင်မောင်ဇော် (USA)-မWendy Lee Zaw (USA)၊ ကိုအောင်လှိုင်မော်(ခေတ္တ-USA)-Dr.အေးမြမြဇော်(ခေတ္တ-USA)၊ ကိုသက်ညီညီဇော်-မသက်နိုင်ဦး၊ ကိုမျိုးမင်းအောင်ကျော် (Mihara Co., Ltd.)-Dr.မေသူအောင်၊ ဗိုလ်မှူးဇေဖြိုး (နေပြည်တော်)-Dr.တင်နွယ်နွယ်ကျော်၊ ဗိုလ်ကြီးစိုးဝဏ္ဏငွေး(မေ့ဆေးပါရဂူ)- Dr.ဖြူနွဲ့ဇင်(မေ့ဆေးပါရဂူ)၊ Dr. လင်းသောင်ဇင်(ခွဲစိတ်ဘွဲ့လွန်)၊ Dr. ဆုနွဲ့ဇင်တို့၏အဘွား၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၉-၅-၂၀၁၄(ကြာသပတေးနေ့) ညနေ ၄း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၄ (သောကြာနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ကြည်ကြည်(သာဂရ) (၈၇)နှစ်

ရန်ကုန်မြို့၊ တိုက်(၄၅၉-E)၊ အခန်းအမှတ်(၇၀၂)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်နေ ပဲခူးတိုင်းဒေသကြီး၊ သာဂရမြို့၊ ရတနာမိုးဆီစက်ပိုင်ရှင် (ဦးမောင်မောင်)၏ ချစ်လှစွာသောဇနီး၊ (ဦးလူအေး)-ဒေါ်နွဲ့နွဲ့ရီ၊ ဦးထွန်းစိုး-ဒေါ်သန်းသန်းအေး၊ ဦးသက်နိုင်-ဒေါ်အေးအေးမြင့်၊ (Dr.ခင်မောင်အေး)-ဒေါ်စိုးစိုးနိုင်၊ ဦးမိုးသူရထွေး-ဒေါ်မြင့်မြင့်အေးတို့၏မိခင်၊ ကိုမိုးကျော်နိုင်-မပြည့်ပြည့်ဖြိုး၊ ကိုဇော်မိုးမြင့်-မအေးစန္ဒာနိုင်၊ မဆန်းသစ်ဝဒီ၊ မမြတ်နိုးအိမ်၊ မသက်မြတ်အေး၊ မောင်မော်ထူးချွန်၊ မောင်စောရန်နိုင်၊ မောင်နိုင်လင်းထက်၊ မမိုးပြည့်ပြည့်မှူး၊ မောင်သုတမိုးမြင့်တို့၏ဘွားဘွားကြီးသည် ၂၈-၅-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် UHC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၃-၆-၂၀၁၄ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးအောင်နိုင်(ဝိဇ္ဇာဂုဏ်ထူး) (၈၆)နှစ်
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား မဟာဂီတ စိစစ်ရေး စာပေပညာရှင်
(စာရေးဆရာအောင်နိုင်-ဝိဇ္ဇာဂုဏ်ထူး)

ရန်ကုန်မြို့(၃၁) အထက်လမ်း၊ အမှတ်(၂၂၃/ပထမထပ်)၊ အခန်း(၇)နှင့် ယုဇနဥယျာဉ်မြို့တော်၊ (၅)လမ်း၊ (C)ဘလောက်၊ တိုက်(၁၆)၊ အခန်းနံပါတ်(၀၀၃)နေ (ဦးဘဖေ-ဒေါ်မယ်မှင်) တို့၏ သား၊ ဒေါ်အေးသိန်း၏ ချစ်လှစွာသော ခင်ပွန်း၊ (မသိဂီအောင်)၊ ဦးသိန်းတိုးအောင်(ရန်ကုန်မြို့တော်စည်ပင်)-ဒေါ်ရီရီမော်(ရန်ကုန်မြို့တော်စည်ပင်)၊ (ဦးနိုင်ဇော်လင်း-ဒေါ်ဆွေဆွေလွင်)၊ ဦးနိုင်ဇော်မင်း-(ဒေါ်ဝင်းကြည်)၊ ကပ္ပတိန်မြင့်စော (Chief Instructor Pilot MAA)-ဒေါ်မြတ်သန့်နိုင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၈-၅-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၅ နာရီတွင် ယုဇနဥယျာဉ်မြို့တော် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ယုဇနဥယျာဉ်မြို့တော် (၅)လမ်း၊ (C)ဘလောက်၊ တိုက်(၁၆)၊ အခန်းနံပါတ်(၀၀၃)မှ ကားများ ၃၀-၅-၂၀၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ဦးတိုးနိုင်(ပခုက္ကူ) အသက်(၅၀)
အကြီးတန်းသတင်းထောက်(ငြိမ်း)၊ မြန်မာ့သတင်းစဉ်(ပြည်တွင်း)

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၅/၁)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၈၃/ခ)နေ (ဦးကျော်ဝင်း)-ဒေါ်ခင်မိတို့၏သား၊ (ဦးစောမောင်)-ဒေါ်စိန်ဥတို့၏သားသမက်၊ ဦးကျော်မင်းလွင်-ဒေါ်မြင့်မြင့်ကြည်၊ ဦးမြတ်စိုးသန်း-ဒေါ်အေးအေးခိုင်၊ ဦးသန်းထွန်းဝင်း၊ ကိုကျော်တေဇ-မစန္ဒာဝင်းတို့၏အစ်ကို၊ ရွှေပြည်သာမြို့နယ်၊ (၆)ရပ်ကွက်၊ ချင်းတွင်းလမ်း၊ အမှတ်(၂၃၀/ခ)နေ မောင်ဝေယံတိုးနိုင်၊ မသင်း နန္ဒီစိုးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်မိမိစိုး၏ခင်ပွန်းသည် ၂၈-၅-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၆-၂၀၁၄(အင်္ဂါနေ့) နံနက်တွင် ရွှေပြည်သာမြို့နယ်၊ (၆)ရပ်ကွက်၊ ချင်းတွင်းလမ်း၊ အမှတ်(၂၃၀/ခ)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်ကြည်ကြည်အေး
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အောင်သိဒ္ဓိကျောင်းလမ်း၊ အမှတ်(၁၅)နေ (ဦးပု-ဒေါ်ကြင်)တို့၏ သမီး၊ (ဦးဇော်ဝင်း)၏ဇနီး၊ ဦးစိန်အောင်- ဒေါ်စမ်းစမ်းကြွယ် (အမက-၂၀၊ တ/ဥ)၊ ဦးမြင့်လွင်(M.M.M Co.,Ltd.)-ဒေါ်သီတာဇော်ဝင်း(MSTRD)၊ ဒေါ်နီလာဇော်ဝင်း(အထက-၃၊ မရမ်းကုန်း)၊ ဒေါ်စန္ဒာဇော်ဝင်း (အထက-၂ မရမ်းကုန်း)၊ ဦးမြင့်စိုး(ပတ်ဝန်းကျင်/သန့်ရှင်းရေးဌာန)-ဒေါ်မာလာဇော်ဝင်း (ပထသ)၊ (ဦးသူရိန်ဇော်ဝင်း)-ဒေါ်မော်မော်ဝေ (CB-Bank)တို့၏မိခင်၊ ဦးစိုးဝဏ္ဏထွန်း (SAE-YESB)-ဒေါ်အေးမိုမိုလွင် (SAE-YESB)၊ ဒေါ်နှင်းယုယုအောင်(ပ-ထ-သ)၊ ဒေါ်ဝေဝေနှင်းလွင် (MPF)၊ မဆုမြတ်မြင့်လွင်၊ မရွှန်းလဲ့ဝင်း၊ မအေးမဥ္ဇူကိုကို၊ မောင်ဟိန်းသူရဝင်း၊ မောင်ဟိန်းသီဟဝင်းတို့၏အဘွား၊ မောင်ပြည့်မှူးဝဏ္ဏ၏ ဘွားဘွားကြီးသည် ၂၉-၅-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၄ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးမြင့်ဦး(မိတ္ထီလာ)(၇၂)နှစ်
ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)
မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း

မိတ္ထီလာမြို့၊ ပေါက်ချောင်းရိပ်သာ၊ ကွက်သစ်ရပ်နေ (ဦးဘိုးရင်-ဒေါ်မမလေး)တို့၏သား၊ (ဦးချမ်းငြိမ်း-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရတနာအိမ်ရာ၊ မြလမ်း၊ အမှတ် (၁၃၂)နေ ဒေါ်ယဉ်ယဉ်မြိုင်၏ခင်ပွန်း၊ ဦးသန့်ဇင်-ဒေါ်တိုးစန္ဒာဦး၊ ဦးထိန်လင်းဦး-ဒေါ်သင်းသင်း၊ ဗိုလ်မှူးငွေးလွင်-ဒေါ်လင်းလင်းဦးတို့၏ ဖခင်၊ မအိမ့်ဖြူသဲ၊ မောင်သီဟသန့်ဇင်ဦး၊ မောင်မင်းထက်အောင်၊ မောင်ချမ်းငြိမ်းလွင်၊ မဖြူစင်ချမ်းမြေ့တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၂၉-၅-၂၀၁၄(ကြာသပတေးနေ့) နံနက် ၉း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃၀-၅-၂၀၁၄ (သောကြာနေ့) ညနေ ၅း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရတနာအိမ်ရာနေအိမ်မှကားများ ညနေ ၄း၁၅နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၅-၂၀၁၄(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်ဉာဏစာရီ(ခ)ဒေါ်စိန်နု
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ တိုက်နံပါတ်(၁)၊ အခန်း(၁)၊ ပင်ရွှေညောင်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးကြူး-ဒေါ်သိန်းတင်)တို့၏သမီး၊ (ဦးချစ်ရွှေ-ဒေါ်ငွေရုံ)တို့၏ သမီးချွေးမ၊ (ဦးစံလှ)၏ဇနီး၊ (ဦးအောင်မြင့်-ဒေါ်ခင်ခင်မြ)တို့၏ညီမ၊ ဦးမြသိန်း-ဒေါ်လှနွယ်တို့၏အစ်မ၊ (ဒေါ်စီစီလှ)၊ ဦးဘုန်းဝေ (C/E Wallenius Marine S'pore)-ဒေါ်တင်တင်အေး၊ ဒေါက်တာဉာဏ်ဇော်-ဒေါ်မူမူအေး၊ ဦးဇော်ဝင်း-ဒေါ်သီတာလှတို့၏မိခင်ကြီး၊ မောင်စောရန်နောင်-မချောချောလင်း(ခေတ္တ-စင်ကာပူ)၊ မောင်သူရိန်ဝင်းမြင့် (ဌာနခွဲမှူး-အင်ဂျင်နီယာဌာန၊ အဆောက်အအုံ)-မဂင်္ဂါ၊ မောင်ဘုန်းကျော်ဇော (F/E-Schlumberger)၊ မဝိုင်းပြည့်စုံတို့၏အဘွားသည် ၂၉-၅-၂၀၁၄ ရက် နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၆-၂၀၁၄ (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါက်တာကျော်မြင့်(ဟင်္သာတ-ဖြူး)
အသက်(၇၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နေ (ဦးလှကြီး-ဒေါ်သိန်းဟန်)တို့၏သား၊ ဟင်္သာတမြို့နေ ဦးအေးကို၊ ရန်ကုန်မြို့နေ ဒေါ်သန်းသန်းဦးတို့၏ ညီ/မောင်၊ ဖြူးမြို့နေ ဒေါ်ညိုညို၏ခင်ပွန်း၊ ကိုဝဏ္ဏကျော်-မစုစုအေး(Spore;)၊ မမြမဥ္ဇူဟန်တို့၏ချစ်လှစွာသောဖခင်၊ မောင်လင်းဘုန်းအေး၊ မောင်အောင်ကောင်းမြတ်အေးတို့၏ ဘိုးဘိုးကြီးသည် ၂၈-၅-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၄(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ဖြူးမြို့အရှေ့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးကျော်ခင် (၇၁)နှစ်
ရာစု(၃၃)၊ ရာအိမ်မှူး၊ ဥက္ကဋ္ဌ၊ (၅)ရပ်ကွက်၊ နာရေးကူညီမှုအသင်း

ကော့မှူးမြို့နယ်၊ နတ်စင်ကုန်းကျေးရွာနေ (ဦးစံငွေ-ဒေါ်အေးတင်)တို့၏သား၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ စိုက်ပျိုးရေးခြံနေ (ဦးစံတင်-ဒေါ်ဝယ်)တို့၏သားသမက်၊ ဦးကျော်အေး-(ဒေါ်တင်လှိုင်)၊ ဦးဝ-ဒေါ်နွဲ့စိန်တို့၏ညီ/မောင်၊ (ဦးအောင်မြိုင်)-ဒေါ်မြတ်မြတ်စိုး၊ ဦးစိန်ဟန်-ဒေါ်ကြင်ခတို့၏အစ်ကို၊ ဦးဝင်းနိုင်(လ/ထ ညွှန်ကြားရေးမှူး)-ဒေါ်စန္ဒာမြင့် (အထက်တန်းပြ၊ အထက-၃၊ မင်္ဂလာတောင်ညွန့်)၊ ဒေါ်အေးအေးအောင်(မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်)၊ ဦးမိုးကျော်(ဥက္ကဋ္ဌ၊ ၅/ရပ်ကွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)တို့၏ဖခင်၊ မောင်ထက်ပိုင်အောင်၊ မောင်ကောင်းခန့်သူတို့၏အဘိုး၊ ဒေါ်နွဲ့ရီ၏ ချစ်လှစွာသောခင်ပွန်းသည် ၂၉-၅-၂၀၁၄(ကြာသပတေးနေ့) နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၄(စနေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၄း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်နုနု(ကေရီကျော်ကျော်) (၅၄)နှစ်
LL.B(Q),LL.M မဟာဥပဒေ
တရားလွှတ်တော်ရှေ့နေနှင့်ဥပဒေအကြံပေး
အုပ်ချုပ်ရေးမှူး (ရွှေကေရီ အနုပညာ ထုတ်လုပ်ရေးအေဂျင်စီ)
မန်နေဂျာ (GOLD Green Tea Co., Ltd.)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အမှတ် (ဘီ-၁၄၃၄)၊ ရဲဘော်(၂)လမ်းနေ (ဦးဒတ္တား-ဒေါ်ကြည်)တို့၏ဒုတိယသမီးကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ်(၁၀၁၀)နေ ဒါရိုက်တာ မောင်ယဉ်ကျော် (မှူခင်းသတင်းဂျာနယ်နှင့် သံလျက်ဂျာနယ် အယ်ဒီတာချုပ်၊ မြန်မာနိုင်ငံသတင်းစာဆရာများအသင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဥက္ကဋ္ဌ)၏ ချစ်လှစွာသောဇနီး၊ မောင်သိုးသူရိန်ကျော် [B.C.Tech, B.C.Tech (Hons) B.A.R.S, Part time Lecturer]၏ ချစ်လှစွာသောမိခင်၊ ဦးခင်လှ-ဒေါ်ချိုချိုတို့၏ ချစ်လှစွာသောညီမ၊ ဦးချစ်ထွန်း-ဒေါ်လှလှ၊ (ကိုအောင်အောင်)-ဒေါ်သန်းသန်းကြည်၊ (စောအိုးမိုင်ဟတ်)-နော်ချိုပြုံး၊ ဦးဆန်းထွေး-မအေးအေးစိုး၊ ဦးဇော်မင်း-နန့်ငွေးငွေးစိန်(ခေတ္တ-မလေးရှား)၊ ဦးစ-မမြတ်မြတ်ထွေးတို့၏ ချစ်လှစွာသော အစ်မကြီး၊ ကိုသန်းနိုင်ဦး-မသန္တာအေး၊ ကိုဇော်ဇော်ကျော်- မဇာဇာဖြူပွင့်၊ မောင်ဆန်းဒေးဟိန်း၊ မောင်နိုင်ဝေယံထွန်း-မစုစုမာ(ခေတ္တ-မလေးရှား)၊ မပန်းဖွန့်ဖွန့်ဖူး၊ မဝင့်ရတနာတင့်၊ မောင်ရန်နောင်ဟိန်း၊ မောင်မြတ်သူရထွန်း၊ မအင်ကြင်းအောင်အောင်၊ မောင်သော်ဒီပြည့်စုံတို့၏ ချစ်လှစွာသောအဒေါ်၊ မောင်ခန့်ကိုကိုကျော်၏အဘွားသည် ၂၈-၅-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀-၅-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးသိန်းထိုက်(ခ)ထိုက်လေး (၃၅)နှစ်
ရဲတပ်သား၊ မြန်မာ့မီးရထား၊ အင်းစိန်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ ဦးရဲမြင့်-ဒေါ်ခင်စောတို့၏ သား၊ (ဦးစံအေး)-ဒေါ်ခင်စန်းမြင့်တို့၏ သားသမက်၊ ဦးစိုးလွင်၊(ဦးစိုးဝင်း)၊ ဦးခင်မောင်လွင် (ARPT CO., LTD)၊ (ဦးခင်မောင်တင့်)တို့၏ညီ၊ ဒေါ်အေးအေးငယ်၊ ဒေါ်စန္ဒာတင်တို့၏မောင်၊ ဒေါ်အေးမိစံ၏ခင်ပွန်း၊ မချိုချိုထွန်း (Grade-9-F၊ အထက-၁၊ အင်းစိန်)၊ မထိုက်နဒီတို့၏ဖခင်၊ အခန်း(၁)၊ လိုင်း(၁)၊ နံ့သာကုန်းရဲရိပ်သာ၊ အင်းစိန်မြို့နယ်နေ ဦးသိန်းထိုက်သည် ၂၇-၅-၂၀၁၄ရက် ည ၉နာရီတွင် မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၄ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးထွန်းရှိန် (၇၃)နှစ်

ညောင်လေးပင်မြို့နေ (ဦးကြည်စိုး-ဒေါ်ရင်ကြည်)တို့၏သား၊ (ဦးစိန်မောင်-ဒေါ်ကျင်တီ)တို့၏သားသမက်၊ အမှတ်(၆၆)၊ သုံးလွှာ၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်နေ ဒေါ်ဆွေပု၏ ခင်ပွန်း၊ ကိုဇာနည်ကိုကိုရှိန်း-မကြည်ကြည်ရှိန်၊ ကိုခိုင်သိန်းထွန်း-Richel Khaing၊ ကိုခိုင်ဆွေထွန်းတို့၏ ဖခင်၊ Danniel(ခ)မောင်ရွှေသိန်း၏အဘိုးသည် ၂၉-၅-၂၀၁၄(ကြာသပတေးနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၄(စနေနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း
ဒေါ်မြသန်း(ခ)ဒေါ်တင်တင်
အသက်(၉၉)နှစ်

တိုက်(၅၉)၊ အခန်း(၂၅)၊ ကမ္ဘာအေးစေတီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးဘိုးကြိုင်-ဒေါ်မယ်ငွေ)တို့၏ သမီး၊ မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း၏ အတွင်းရေးမှူး(၁) ဦးလှမြထွန်း-ဒေါ်ချိုတူးတို့၏မိခင်သည် ၂၈-၅-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၄ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်၍ အသင်းဝင်များ လိုက်ပါပို့ဆောင်နိုင်ပါရန် အကြောင်းကြားသိစေအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

နိုင်ငံတစ်နိုင်ငံ၏ တည်ဆောက်ရေးရေတို၊ ရေရှည်လုပ်ငန်းများတွင် ပညာရေးကဏ္ဍသည် အဓိကဖြစ်

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တောင်ငူမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ကျောင်းအပ်နှံရေး အခမ်းအနား၌ ဆရာ ဆရာမ၊ အလှူရှင်များ၊ မြို့မိ မြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တောင်ငူ မေ ၂၉

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးအတွက် ကျောင်းအပ်နှံရေးသီတင်းပတ်ကို မေ ၂၅ ရက်မှ ၃၁ ရက်အထိ နိုင်ငံတစ်ဝန်း ဆောင်ရွက်လျက်ရှိသည်။

"ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး ပြည်သူအားလုံးပါဝင်ဆောင်ရွက်ပေး"ဟူသည့်ဆောင်ပုဒ်နှင့်အညီ ပညာရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက မိဘများနှင့်ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံရေးအတွက် စည်းရုံးလှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်က မူလတန်းအဆင့်ကို ပုံနှိပ်စာအုပ်အခမဲ့၊ ဗလာစာအုပ်ခြောက်အုပ်စီနှင့် ပညာသင်ကြားရေးအထောက်အကူအဖြစ် ငွေကျပ် ၁၀၀၀ ထောက်ပံ့ပေးခြင်း၊ အလယ်တန်းအဆင့်ကိုလည်း ယခုနှစ်မှ စတင်၍ အခမဲ့ပညာသင်ကြားရေးစနစ်ကျင့်သုံးသည့်အတွက် ငွေကြေးကောက်ခံမှုများမရှိတော့ဘဲ ပုံနှိပ်စာအုပ်များကို အခမဲ့ဖြန့်ဝေပေးနေခြင်းတို့ကြောင့် ကျောင်းအပ်နှံရာတွင် ကျောင်းတိုင်းကျောင်းတိုင်း၌ ယမန်နှစ်များကထက် ကျောင်းသားကျောင်းသူများ ပိုမိုအပ်နှံမှုများပြားသည်ကိုလည်း တွေ့မြင်ကြားသိရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးအောင်ကြည်၊ ဦးအုန်းမြင့်၊ ဒေါက်တာ ဒေါ်ခင်စန်းရီ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအတွင်း ကျောင်းအပ်နှံရေးလုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့●

အဖွဲ့အစည်းနှင့် အားလုံးဝိုင်းဝန်းစုပေါင်းဆွေးနွေးခြင်းသည် အကောင်းဆုံးဖြစ်

နေပြည်တော် မေ ၂၉

မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့(Myanmar parliamentary Union) အစည်းအဝေး(၃/၂၀၁၄) ကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းနှင့် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့ တက်ရောက်အမှာစကားပြောကြားကြသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဝင်များဖြစ်သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနှင့် လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်အလိုက် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အကြိုညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအတိုင်း ဆက်လက်ဆောင်ရွက်သွားကြရန်၊ ထပ်မံဆုံးဖြတ်ရမည့်ကိစ္စများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြကြရန် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံတွင် ဥပဒေပြုရေးသည် အရေးအကြီးဆုံးဖြစ်ကြောင်း၊ ယခုလို စနစ်ပြောင်းပြီး ဒီမိုကရေစီစနစ်ကို သွားသည့်အချိန်တွင် လွှတ်တော်များသည် ဥပဒေပြုရေးအတွက် ဦးဆောင်အဖွဲ့အစည်းဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးကို တက်ရောက်လာသူများသည် ဥပဒေပြုရေးအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြစ်ကြောင်း၊ ၎င်းပုဂ္ဂိုလ်များအားလုံးသည် တညီတညွတ်တည်းရှိဖို့လိုကြောင်း၊ ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ပွင့်ပွင့်လင်းလင်း ညီညီညွတ်ညွတ်နှင့် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ညီညီညွတ်ညွတ် စိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ အဖြေရှာရန်ဖြစ်ကြောင်း၊ ပြဿနာကို ဖြေရှင်းသည့်အခါ တစ်ဦးတစ်ယောက်နှင့်မရနိုင်ဘဲ စုပေါင်းဆောင်ရွက်မှ အဆင်ပြေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာက အကြိုညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပါအဝင် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဝင်များဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများက ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုလွှတ်တော်နာယကနှင့်

စာမျက်နှာ ၃ ကော်လံ ၅ သို့◆

အလှမယ်မေမြတ်နိုးအတွက် ယနေ့နောက်ဆုံးထား မဲပေးနိုင်

ဆိုးလ် မေ ၂၉

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပမည့် Miss Asia Pacific World 2014 ပြိုင်ပွဲတွင် Miss Asia Pacific World Super Talent Myanmar အလှမယ် မေမြတ်နိုးက မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ယခုလက်ရှိတွင် မေမြတ်နိုးသည် People's Choice ဆုအတွက် မဲအများဆုံးဖြင့် ဦးဆောင်လျက်ရှိကြောင်း သိရသည်။

Miss Asia Pacific World 2014 ပြိုင်ပွဲအတွက် အွန်လိုင်းမှတစ်ဆင့်မဲပေးမှုများ စတင်နေပြီး အဆိုပါပြိုင်ပွဲအတွက် မဲပေးခြင်းများကို ဧပြီ ၂၅ ရက်က စတင်ခဲ့ကာ မေ ၃၀ ရက်အထိ နောက်ဆုံးထား မဲပေးနိုင်မည်ဖြစ်သည်။ မဲပေးရာတွင်လည်း

စာမျက်နှာ ၃ ကော်လံ ၅ သို့○

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၌ လေးမြွှာပူးကလေးများ အောင်မြင်စွာခွဲစိတ်မွေးဖွား

ရန်ကုန် မေ ၂၉

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၌ မေ ၂၃ ရက် နံနက် ၉ နာရီ ၂၂ မိနစ်တွင် ဆေးရုံအုပ်ကြီး ဒေါက်တာဦးကျော်ရွှေ၏ အနီးကပ်ကြီးကြပ်မှုဖြင့် သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာဒေါ်ယဉ်ယဉ်စိုး ဦးဆောင်၍ မေ့ဆေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်အေးအေးဝင်း၊ အထူးကုဆရာဝန်(မွေးကင်းစကလေး)ဒေါက်တာဒေါ်နှင်းဦးတို့နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပျဉ်းမကန်ကျေးရွာနေ ဒေါ်ခင်မာချို(၃၉)နှစ်၏ လေးမြွှာပူးကလေးများ ယောကျ်ားလေးနှစ်ဦးနှင့် မိန်းကလေးနှစ်ဦးတို့အား အောင်မြင်စွာခွဲစိတ်မွေးဖွားပေးခဲ့သည်။

အဆိုပါ မွေးကင်းစကလေး လေးဦးအား မွေးကင်းစကလေးအထူးကြပ်မတ်ကုသဆောင်တွင် ပါမောက္ခ/ဌာနမှူး(မွေးကင်းစ)ဒေါက်တာဒေါ်အေးအေးသိန်းက ကြီးကြပ်၍ အထူးစောင့်ရှောက်ပေးလျက်ရှိပြီး မိခင်ရောကလေးများအားလုံးပါ ကျန်းမာလျက်ရှိကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ယနေ့မာတိကာ



ပိုချက်တီနို စပါးနည်းပြဖြစ်လာ

စာမျက်နှာ ➢ ၁၃

ပြင်ဦးလွင်၌ စိန်ပြောင်းပုံးသီးဟောင်းတွေ့ရှိ

စာမျက်နှာ ➢ ၁၄

အမည်ပြောင်း

အဖ ဦးသန်းဝင်းအောင်၏ သမီး အထက (၅)ဗိုလ်တထောင် တတိယတန်း (A)မှ မအေးမြတ်မွန်အား မအင်ကြင်းမေဟု ပြောင်းလဲခေါ်ပါရန်။ **မအင်ကြင်းမေ**

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၂/၂၀၁၄)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ အမေရိကန်ဒေါ်လာ (CIF Yangon)ဖြင့်လည်းကောင်း ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	MPPE/LP/MCY/CAP/ T/1(2014-2015)	Toyota Towing Tractor (Brand New) for Aviation Dispenser	4 Nos	Kyats
(၂)	MPPE/LP/MCY/CAP/ T/2(2014-2015)	Server,and Accessories	11 Items	Kyats
(၃)	MPPE/LP/MCY/CAP/ T/3(2014-2015)	Projector,Copier,Printer,Fax and Scanner	5 Items	Kyats
(၄)	MPPE/LP/MCY/CAP/ T/4(2014-2015)	Air Conditioner	5 Sets	Kyats
(၅)	MPPE/LP/MCY/ T/1(2014-2015)	Battery	2 Items	Kyats
(၆)	MPPE/LP/TTS/T/1 (2014-2015)	Tyre with Tube and Flap	2 Items	Kyats
(၇)	MPPE/LP/CHEM/T/1 (2014-2015)	Shell Water Detector Capsules	890 Boxes	Kyats
(၈)	MPPE/MCY/CAP/T/1 (2014-2015)	400 IGPM Fuel Transfer Centrifugal Pump (Motor Driven) and 300 IGPM Fuel Transfer Centrifugal Pump (Engine Driven)	2 Items (each 2 nos)	USD
(၉)	MPPE/MCY/CAP/T/2 (2014-2015)	Fire Fighting Angus Engine Driven Pump With Trailer Inductor	2 Sets	USD
(၁၀)	MPPE/MCY/T/1 (2014-2015)	Butterfly Valves,Swing Joints,Expansion Joints and Flexible Connectors	8 Items	USD

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၇-၅-၂၀၁၄ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၂၄-၆-၂၀၁၄ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀နာရီ
၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ်-၀၆၇-၄၁၁၄၈၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စီမံရေးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း (မိတ္ထီလာ)တွင် အသုံးပြုရန်အတွက် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Computers and Accessories
- (၁) Projector with Screen (၂)စုံ
- (၂) Desktop Computers (၁၄)လုံး
- (၃) Laptop Computers (၃)လုံး
- (၄) UPS, Fax Machines (၃၀)လုံး
- (၅) Printers, A3 Copiers (၁၀)လုံး

(ခ) 15 (or) 18 KVA Diesel Engine Generators (Sound Proff) (၂)လုံး
(ဂ) Air Conditioners 1.5HP Split Type (၄)လုံး
(ဃ) ရုံးသုံးစာရေးကိရိယာပစ္စည်း (၁၅)မျိုး
(င) လျှပ်စစ်ပစ္စည်း(Lighting) (၂၄)မျိုး
(စ) ရေသန့်ပစ္စည်း(ပိုက်ဆက်ပစ္စည်း) (၃၄)မျိုး
(ဆ) သန့်ရှင်းရေးလုပ်ငန်းသုံးပစ္စည်း (၄)မျိုး

၂။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့်စည်းကမ်းများကို ရုံးချိန်အတွင်း ဤကျောင်းတွင်လာရောက်ဝယ်ယူနိုင်ပြီး အဆိုပြုလွှာပုံစံများအား တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌထံ ၂၄-၆-၂၀၁၄ရက် (၁၂)နာရီ နောက်ဆုံးထားလာရောက်ပေးသွင်းရန်နှင့်တရားဝင်ဝယ်ယူထားသူများ၏ မူရင်းအဆိုပြုလွှာပုံစံများကိုသာ လက်ခံသွားမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါကဖုန်း-၀၆၄-၂၄၅၄၆၊ ၀၆၄-၂၄၅၄၅၊ ၀၉-၄၃၀၅၈၅၈၉၊ ၀၉-၄၀၂၇၃၉၈၀၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့.

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း လက်အောက်ရှိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများအတွက် (230 kV, 132 kV, 66kV, 33 kV & 11kV Lightning Amester),(132kV, 66 kV Voltage Transformer & Capacitave Voltage Transformer) များနှင့် Micom Relays အား DDP (ပေါင်းလောင်း) ဂိုဒေါင်အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၆ ရက် ၁၆း၀၀ နာရီဖြစ်ပါသည်။

၃။ တင်ဒါပုံစံများကို ကြော်ငြာသည့်နေ့မှစ၍ ရုံးချိန်အတွင်း ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၁၀၂၉၆၊ ၀၆၇-၄၁၀၅၃၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

[illegible]

တိုက်ခန်း၊ ဆိုင်ခန်းနေရာ (ရောင်း)

